www.burmeseclassic.com



# အချစ်တွင်
# ယုံကြည်စွာ သက်ဆင်းခြင်း

ပန်းရတု

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၃၈၈၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၃၈၈၀၃၀၉
ပုံနှိပ်ခြင်း ။ မေလ၊ ၂၀၀၉

ထုတ်ဝေသူ
ဦးအောင်နိုင်
(ရွှေအိမ်မှူးစာပေ)
အမှတ်(၂၂၁)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်မေသက်နိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ။ ၁၀၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅·၈၃
ပန်းရတု
အချစ်တွင် ယုံကြည်စွာသက်ဆင်းခြင်း/ပန်းရတု ။ ရန်ကုန် ။
နွေမိုးဆောင်းစာပေ၊ ၂၀၀၉။
(၂၃၈) စာ၊ ၁၂ စင်တီမီတာ x ၁၈·၅ စင်တီမီတာ
(၁) အချစ်တွင် ယုံကြည်စွာသက်ဆင်းခြင်း



## ဖွဲ့ထက်မာန်

ကျွန်တော်က အချစ်ကို ယုံကြည်တယ်။ လောကမှာ သစ္စာရှိပြီး စစ်မှန်တဲ့အချစ်တွေ အမြောက်အမြား ရှိတယ်လို့လဲ လက်ခံထားတယ်။ အချစ်ကို မယုံကြည်တဲ့ ကျွန်တော့်ချစ်သူရဲ့ အစွဲအလမ်းကိုလည်း ဖျောက်ဖျက် ပေးချင်တယ်။ ကျွန်တော်တို့နှစ်ယောက် သာယာတဲ့ ဘဝကို တည်ဆောက်ဖို့အတွက် သူမရင်ထဲက အစွဲအလမ်း ကို ဘယ်နည်းနဲ့မဆို ရအောင်ပယ်ဖျက် ပေးမယ်။ ဒါ ကျွန်တော့်သန္နိဋ္ဌာန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ယွန်းမန်း

ကျွန်မ ကျွန်မချစ်သူ့ကို အရမ်းချစ်သည်။ ဘယ်လောက် ထိချစ်လဲဆို ကျွန်မအသက်ထက်ကို ပိုချစ်သည်။ ဒါပေမဲ့ ကျွန်မ ယောက်ျားတွေရဲ့အချစ်ကိုမယုံကြည်ဘူး။ သူတို့ အချစ်က ဖန်ခွက်ထဲထည့်ထားတဲ့ ရေနဲ့တူတယ်။ ဖန်ခွက် အဝိုင်းထဲမှာ ထည့်ထားရင် အဝိုင်းပုံအတိုင်းပဲနေတယ်။ ဖန်ခွက်လေးထောင့်ထဲ ထည့်ထားရင်လည်း လေးထောင့် ပုံစံလေး ဖြစ်နေပြန်ရော။ ပုံစံအမျိုးမျိုး ပြောင်းလဲနိုင် တယ်။ ပုံစံသာပြောင်းချင်ပြောင်းမယ်၊ ရေရဲ့ဂုဏ်သတ္တိ ကတော့မပြောင်းဘူး။ ယောက်ျားတွေရဲ့အချစ်က အဲလိုပဲ ပုံစံအမျိုးမျိုး ပြောင်းလဲနိုင်တယ်။ ဘယ်လောက်ချောမော ပြည့်စုံတဲ့ ချစ်သူမျိုးရနေပါစေ ပေါများလှတဲ့ သူတို့အချစ် တွေက နောက်ထပ်အချစ်သစ်များစွာကိုလည်း ရှာဖွေ နေတတ်သေးတယ်။ ဒါကသူတို့ရဲ့ မပြောင်းလဲတဲ့ အချစ် Definition ပေါ့။



## အောင်မင်းခန့်

အမှန်အတိုင်းပြောရမယ်ဆို ကျွန်တော်က ချစ်သူသာရှိ တယ် အချစ်အကြောင်း သိပ်မသိဘူး။ ကျွန်တော့်ချစ်သူ ကလည်း မိဘချင်းသဘောတူထားတဲ့ ကျွန်တော့် ငယ် သူငယ်ချင်း။ ကျွန်တော်က အချစ်ထက် ဦးနောက်ကို ဦးစားပေးသူ။ လုပ်ငန်းချင်းဆက်စပ်၍ ငြင်းစရာမရှိသော သူငယ်ချင်းကို မိဘများသဘောကျ လက်ထပ်ရန် ခေါင်း ညိတ်ခဲ့သည်။ ကျွန်တော့်ခေါင်းထဲရှိတာ အချိန်တိုင်း အလုပ်များပင်။ အောင်မြင်ကျော်ကြားသော လုပ်ငန်းရှင် တစ်ဦးဖြစ်ရန်သာ ခေါင်းထဲတွင်ရှိခဲ့သည်။ ဒါပေမဲ့ သိပ်ကို ဆွဲဆောင်မှုအားပြင်းတဲ့ ကောင်မလေးတစ်ယောက်ကို မတွေ့ခင်အထိ ကျွန်တော့်ဖါနှလုံးသားများက ကျွန်တော် ဆုံးဖြတ်ချက်အောက်တွင် နာခံလျက်။ အခုတော့ သူ့မ ကြောင့် ကျွန်တော့်ဆုံးဖြတ်ချက်တွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



## တိမ်မှိုးငြေး

ဘဝကို ပျော်ပျော်နေသေးခဲ့လို့သာ သတ်မှတ်ထားသည်။ လောကတွင် မဖြစ်နိုင်ဘူးဆိုတာ တိမ်မှိုးငြေးအတွက် မရှိ။ တိမ်မှိုးငြေးအတွက်ဆို အသက်ပင် စွန့်မည့်သူများက လည်းအမြောက်အမြားပင်။ မိုးငြေးတို့က အချစ်ကို အဝတ်တစ်ထည်လိုပင် သဘောထားသည်။ မိုးငြေး အတွက်ရိုးလာပြီဆို ဒီအဝတ်ကိုစွန့်ပစ်လိုက်သည်။ နောက် ထပ်တစ်ထည်ကို ထပ်လဲလိုက်သည်။ သိပ်ကိုယောင်းနွမ်း ပြီးငွေ့စရာကောင်းသော အသည်းကွဲခြင်းဆိုသည့်ကိစ္စ သည် မိုးငြေးနှင့်မဆိုင်။ မိုးငြေးအတွက်လိုတာ အချစ် ထက် ပျော်ရွှင်ချမ်းမြေ့မှုပင်…။

BURMESE CLASSIC



## အခန်း(၁)

မိုးသားများကင်းစင်သော ဒီလိုနေ့လေးသည် ချစ်သူနှစ်ဦးအတွက်တော့ ဂန္ဓဝင်ဆန်စွာ လှပနေသည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသော ရေငွေ့ပါသော လေနုအေးများကလည်း စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ စွဲက ယွန်းကိုအသာအယာ ဖက်ထားသည်။ ယွန်းကလည်း စွဲ့ရဲ့ပခုံးလေး ပေါ်တွင် အသာအယာမှီကာ ချစ်စကားများပြော မကုန်နိုင်။ ဒီလိုအချိန် လောကကြီး ငြိမ်းချမ်းတာမရှိ။

"စွဲ နင်နဲ့ငါရည်းစားဖြစ်တာ ဘယ်လောက်ရှိပြီလဲ သိလား"

"သိတာပေါ့ဟ။ ဆယ်လတိတိရှိပြီ၊ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... မဆိုးဘူး နှင်တော်တယ်။ ငါက နှင်မေ့နေမယ်ထင်တာ"

"ဘာလို့မေ့ရမှာလဲ ငါ့ဦးနှောက်က ဒီလောက်ကောင်းတာ"

"နှင်က ဦးနှောက်ကောင်းလို့ မှတ်မိတာပေါ့လေ။ ငါ့ကို ချစ်လို့မဟုတ်ဘူးပေါ့"

"အော်....မချစ်တဲ့သူကို ဘယ်သူကဦးနှောက်ထဲ အလေးထားပြီး မှတ်မှာလဲ။ ချစ်လို့ပေါ့ကွ"

"တကယ်လား ခွဲ"

"တကယ်၊ နှစ်ကယ်၊ သုံးလေးကယ်"

"ခွဲ နော်။ လိုက်မစနဲ့ ငါမချစ်ပဲနေလိုက်မှာ"

"ချစ်ကလဲ ချစ်လို့စတာကိုး မချစ်ရင်ဘယ်သူကစမလဲ၊ မချစ်ပဲစရင်"

"ကဲ... တော်တော့ နှင်တစ်ယောက်ထဲကို ချစ်တာတွေရော၊ မချစ်တာတွေရော ရှုပ်ယှက်ခတ်နေတာပဲ"

"နှင့်ကို ပျော်စေချင်လို့ပါဟာ"

"ပျော်တာပေါ့ ခွဲရယ်၊ ငါ့ဘေးနားမှာ နှင်ရှိနေရင်ကို ငါအလိုလို ပျော်နေတာ"



"တကယ်လား ယွန်း"

"တကယ်၊ နှကယ်၊ သုံးလေးကယ်"

"သေမယ်။ အခွင့်ရတုန်း ပြန်နှိပ်တဲ့ကောင်မလေး နာမယ်"

ခွဲက ယွန်းကို ခပ်တင်းတင်းလေး ဖက်လိုက်သည်။ ယွန်းကလည်း ဖက်ထားသော လက်လေးကို သွားချွန်ချွန်လေးများနှင့် ခပ်ဖွဖွဖိကိုက် လိုက်သည်။

"အား နွေးကိုက်တယ်"

"ခွဲနော်..."

ယွန်း နှုတ်ခမ်းလေးထော်ကာ ဟိုဘက်လှည့်သွားတော့ ခွဲက ပျာပျာသလဲ ချော့ရသည်။ ဒီလိုပဲ ခွဲနှင့်ယွန်းတာ မတည့်အတူနေပဲ ပြောရမလား။ တွေ့လိုက်တာနှင့် ရန်တကျက်ကျက်ဖြစ်သည်။ သို့သော် မတွေ့ဘဲလည်း နေနိုင်ကြသူများမဟုတ်။ တစ်ယောက်ကိုတစ်ယောက် အမျိုးမျိုးနှောက်ကာ ရန်ဖြစ်မြဲပင်။ ခွဲနှင့်ယွန်းသည် အရမ်းချစ်သော ချစ်သူများဖြစ်သော်လည်း ဘယ်သောအခါမှ တစ်ဦးကိုတစ်ဦး အလျှော့မပေးတတ်ကြပေ။ အမြဲပြိုင်ဆိုင် ငြင်းခုန်ခြင်းနှင့်သာ ချစ်သူဘဝကို ဖြတ်သန်းလာကြသည်။

သူတို့နှစ်ဦးသည် စိတ်ဓါတ်ချင်း အတွေးအခေါ်ချင်း တစ်စက်လေးမှ မတူသော ချစ်သူများဖြစ်သည်။

www.burmeseclassic.com



သူတို့နှစ်ဦးတွင် တူတာဆို၍ အနိုင်မခံ အရှုံးမပေးတတ်သော စိတ်ဓာတ်လေးပင်။ ယွန်းက မိန်းကလေးဖြစ်သော်လည်း ကော်ဖီဆို ခါးခါးကြိုက်သည်။ ဖွဲ့ထက်မာန်က ယောက်ျားလေးဖြစ်သော်လည်း ကော်ဖီ လက်ဖက်ရည်လုံးဝမကြိုက်ပေ။ ယွန်းက ဘောလုံးပွဲဆို အသေအလဲကြိုက်သော်လည်း ဖွဲ့ကမူ နာမည်ကြီး ဘောလုံးအသင်း ဘယ်နှသင်းရှိမှန်းပင်မသိပေ။

ယွန်းက ရုပ်ရှင်ဆို အက်ရှင်ကားများကို ကြိုက်ပြီး ဖွဲ့ကတော့ ရိုမဲ့(န်စ်)ဆန်ဆန် အနုအရွလေးများကိုသာ ကြိုက်သည်။ ထိုသို့သောအသေးအဖွဲ့မှ စတင်ကာ ဘာမှ မတူညီသော ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး အသေအလဲတော့ ချစ်ကြသည်။ သို့သော်လည်း နှစ်ဦးသားကတော့ ထိုအကြောင်းအရာကို ဝန်မခံပေ။ သာမာန်သမီးရည်းစားအတွဲများလိုပင် ခပ်ပေါ့ပေါ့ ဆက်ဆံကြသည်။

"ဖွဲ့ နင် IELTS ဖြေဖို့အဆင့်သင့်ဖြစ်နေပြီလား"

"အင်း.. မဆိုးပါဘူး၊ လေ့လာတုန်းပဲ၊ နင်ကော အဆင်သင့်ဖြစ်ပြီလား"

"ငါလား ဖြစ်ပြီပေါ့ဟ။ ငါက နင့်လို ငပျင်းမှ မဟုတ်တာ"



"ဘာဆိုင်လဲ ပျင်းပျင်း မပျင်းပျင်း အချိန်တန်ရင် နင့်ထက်အမှတ် များရင်ပြီးတာပဲ။ယောက်ျားလေးဦးနှောက်က မိန်းကလေးဦးနှောက် ထက်သာတယ်၊ မိန်းကလေး ဆယ်ညကျက်တဲ့စာက ယောက်ျားလေးတစ်ည ကျက်သလောက်ပဲရှိတယ်"

"ဟား... ဟား... နင့်ကို ဘယ်သူပြောလဲ"

"ဒီလိုပေါ့ဟာ၊ ဒါရှေးထဲကသိတဲ့ အသိတစ်ခုပဲဟာ"

"ဟုတ်လား ငါသိတာက အဲလိုမဟုတ်ဘူး။ နေဦး မနေ့ကမှ ဖတ်ထားထာ စာအုပ်လေးတောင် ပါသေးတယ် နင်ဖတ်ကြည့်"

သူမက သူမပိုက်ဆံအိတ်ကြီးကြီးထဲမှ စာအုပ်လေးကို မွှေရှာနေသည်။ တကယ်တော့ အခုကျွန်တော်တို့နှစ်ယောက်တက်တဲ့ IELTS သင်တန်းကလည်း အင်္ဂလိပ်စာ တိုးတက်ချင်တာရယ်။ ပြီးတော့ ဘယ်သင်တန်းပဲတက်ချင် တက်ချင် အခုခေတ်က IELTS ( သို့ ) TOFEL အမှတ်ကို တောင်းကြလွန်းလို့သာ လိုရ မယ်ရ တက်ထားတာ။ တခြားရည်ရွယ်ချက်က ဘာမှ အထွေအထူးရှိတာမဟုတ်။

"ရော့ တွေ့ပြီ ဖတ်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ယွန်းက သူမပိုက်ဆံအိတ်ထဲက စာအုပ်လေး ထုတ်ကာ စာမျက်နှာအတိအကျပင်လှန်၍ ကျွန်တော်ကို ပြသည်။ သူပေးသော စာအုပ်လေးက ကောင်းမြတ်မင်း ရေးသော လောကကြီးမှာ ရယ်စရာဆိုသော ဟာသစာအုပ် လေးဖြစ်သည်။ ကျွန်တော် သူမလက်ထဲမှ ယူ၍ ဖတ်ကြည့် လိုက်သည်။

## မိတ်ဆွေ ၃ ယောက်နှင့် ရေသူမ

မိတ်ဆွေ ၃ ယောက် အားလပ်ရက်တွင် ငါးထိုင် များနေစဉ် မမျှော်လင့်ဘဲ ရေသူမတစ်ဦးကို မိသွားလေ သည်။ ရေသူမက သူ့ကိုပြန်လွှတ်ပေးမည်ဆိုပါက ကြိုက်ရာ တောင်းနိုင်သည်ဟု အသနားခံ တိုးလျှိုးတောင်းပန်ရာ...

မိတ်ဆွေ-၁။ ။ငါ့ကို ဉာဏ်ရည်ဉာဏ်သွေး ၂ဆ ကောင်းအောင် လုပ်ပေးနိုင်မလား။

ရေသူမ ။ ။ကောင်းပါပြီ။

ရေသူမက ကတိအတိုင်း ဖန်ဆင်းပေးလိုက်ရာ မိတ်ဆွေ-၁ သည် ဉာဏ်ရည် ၂ဆ ကောင်းမွန်လာ၍



ရှိတ်စပီးယား၏ စာမှန်သမျှ အာဂုံဆောင်နိုင်ရုံသာမကဘဲ ဝေဖန်ပိုင်းဆစ်တတ်သည့် အထူးဉာဏ်ပါ ရရှိခဲ့လေသည်။

မိတ်ဆွေ-၂။ ။ငါ့ကိုတော့ ဉာဏ်ရည် ၃ဆ ပိုကောင်း အောင်လုပ်ပေး။

လွှတ်မြောက်ချင်သော ရေသူမက ထပ်မံဖန်ဆင်း ပေးလိုက်ရာ မိတ်ဆွေ-၂သည် ပါရဂူများ နှစ်ပေါင်းများစွာ တည်းက အဖြေရှာမရခဲ့သော သင်္ချာပုစ္ဆာတွေကိုပင် အလွယ်တကူ ဖြေဆိုနိုင်ခဲ့လေသည်။

ငိတ်ဆွေ-၃။ ။ငါ့ကိုတော့ ၅ ဆကောင်းအောင် လုပ်ပေးရမယ်။

ရေသူမ ။ ။အို... ရှင် လုပ်တော့လုပ်ပေးနိုင်တယ်။ ဒါပေမဲ့ မလုပ်ခိုင်းစေချင်ဘူး။ မောင်ကြီးအတွက် အန္တရာယ်ရှိ မှာမို့လို့ပါ။ ပြီးတော့ စကြာဝဠာအပေါ်ထားရှိမယ့် မောင်ကြီး ရဲ့အမြင်တွေပါ ပြောင်းလဲသွားနိုင်တာမို့ ဒီတောင်းခံမှုကို တောင်းသင့် မတောင်းသင့် ပြန်စဉ်းစားစေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ–၃။ ။ဘာမှထပ်လျှာမရှည်နှင့်။ငါတောင်းခံတဲ့ကိစ္စကိုမင်းမဆောင်ရွက်ပေးနိုင်လို့ကတော့ ငါ့လက်ထဲက လွတ်မယ်မထင်နဲ့။

ရေသူမက တားမရသည့်အဆုံး မိတ်ဆွေ–၃၏အလိုဆန္ဒအတိုင်း ဖန်ဆင်းပေးလိုက်ရာ စကြာဝဠာအပေါ်အမြင်ပြောင်းလဲသွားကာ 'မိန်းမဘဝ'သို့ ရောက်သွားပါတော့သည်။

စာဖတ်ပြီးတော့ ခွဲက စာအုပ်လေးပိတ်ကာ ယွန်းကို ပြန်ပေးလိုက်သည်။ ယွန်းမျက်နှာကတော့ တွေတယ်မှတ်လားဆိုသည့် မျက်နှာပေးနှင့် မျက်စလေးပစ်၍ မေးလေးပင့် မော့ထားလိုက်သေးသည်။

"ခွဲတွေ့ပြီမှတ်လား၊ ငါတို့ရဲ့ဦးနှောက်က နင်တို့ယောကျ်ားတွေထက် ဘယ်လောက်သာတယ်ဆိုတာ"

"အပိုတွေပြောမနေနဲ့။ ဘယ်သူ့စကား မှန်တယ်ဆိုတာသိရအောင် နင်နဲ့ငါ စာမေးပွဲမှာ ဘယ်သူပိုသာလဲပြိုင်မလား"

"အိုကေလေ…နိုင်တဲ့သူခိုင်းတာ လုပ်ပေးကြေးပေါ့။ ဟုတ်လား"

"စိန်လိုက်လေ…"



❧ ❧ ❧ ❧ ❧

## အခန်း(၂)

ဘာမဆိုယှဉ်ပြိုင်လိုက်မှ နေသာထိုင်သာရှိသော ယွန်းပန်းနှင့် ခွဲထက်မာန်တို့ကတော့ အသေအလဲကို ကြိုးစားကြသည်။ ဆယ်တန်းတုန်းကများ ဒီလောက် ကြိုးစားခဲ့ပါက ဘာသာစုံဂုဏ်ထူးရမှာ မလွဲပေ။ အခုတော့ ကြိုးစားနေလိုက်ကြတာများ စာအုပ်နှင့် မျက်နှာကို မခွာပေ၊ ထမင်းစားလျှင်တောင် စာအုပ်ကိုဘေးနားချကာ စားရင်းစာကျက်သည်။ စားရင်းစာကျက်တာ ထားဦး။ အခုတော့ အိမ်သာတက်တာပင်စာအုပ် ယူသွားကာ ကျက်နေကြသည်။

တကယ်ဆို အသက်တွေလည်း ငယ်ကြတော့တာ မဟုတ်။ နှစ်ယောက်လုံးက အသက် ၂၅ ပင်ပြည့်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းဆို Trading Company တစ်ခု၏ Secretary၊ ခွဲဆိုလည်း အချိုရည်နှင့် စားသောက်ကုန် ထုတ်လုပ်သော ကုမ္ပဏီတစ်ခု၏ Maketing Manager တစ်ဦးဖြစ်သည်။ ဒါပေမဲ့ အခုထိတော့ ကလေးတွေလိုပင်။ ကုမ္ပဏီတွင်တော့ ဘယ်လိုနေကြသည်မသိ။ သူတို့အချင်းချင်းတွေ့ရင်တော့ ကလေးများကဲ့သို့ပင် အမြင်ငြင်းခုံ ပြိုင်ဆိုင်နေတတ်သည်။ ကြာတော့လည်း ထိုသို့ရန်ဖြစ်မှသာလျှင် သူတို့နှစ်ဦးက နေသာထိုင်သာ ရှိလာကြပုံရသည်။

"သားငယ် ဘယ်လိုဖြစ်လို့ ဒီလောက်တောင် စာကျက်နေတာလဲ"

မနက် Breakfast စားရင်းပင် စာကျက်နေသော ခွဲအား မေမေပင် ကြည့်မရတော့။ ကိုယ်မွေးထားသော သားအကြောင်း ကိုယ် အသိဆုံးပင်။ ဒီလောက် သူ ကြိုးစားနေပုံထောက်လျှင် ကြည့်ရတာ သူ တစ်ယောက်ယောက်နဲ့အလောင်းအစား လုပ်လာတာပဲဖြစ်မည်။ နို့မို့ဆို သူလား ဒီလောက် ကြိုးစားမှာ။ ဆယ်တန်းတုန်းကတောင် စာကျက်ဖို့ အင်မတန်ပြောယူရတာ။

"မကြိုးစားလို့မရဘူးမေမေရ။ သားဒီစာမေးပွဲမှာ ယွန်းထက် အမှတ်ကောင်းမှဖြစ်မှာ။ "



"ဘာလဲ ယွန်းနဲ့ လောင်းလာပြန်ပြီလား"

"ဟုတ်တယ် မေမေ"

"နင်တို့နှစ်ယောက်နဲ့တော့ ခက်တယ်။ ကိုယ်တယောက်ျားလေးပဲ အလျှော့ပေးစရာရှိ ပေးလိုက်ပါလား။ မချစ်တာလဲမဟုတ်ပဲနဲ့"

"ချစ်လို့ မပေးတာပေါ့မေမေရ။ ယွန်းက သူ့ထက် ဘာမဆိုသာတဲ့ လူကိုပဲ အထင်ကြီးတာ။ သား ယွန်းထက် မသာရင် ယွန်းက သားကို ဘယ်အထင်ကြီးမလဲ။ အထင်မကြီးတဲ့ ယောက်ျားကိုရောချစ်ပါ့မလား။ တော်ကြာ ဘာမှ အထင်ကြီးစရာမရှိပါဘူး။ ခပ်တုံးတုံးပါလို့ထင်ပြီး ထားခဲ့ရင် ဘယ်လိုလုပ်မလဲ။

"မဟုတ်သေးပါဘူးဟယ်။ စိတ်ရှုပ်တယ် နင်တို့နှစ်ယောက်ကလေ ဘာတွေမှန်းကို မသိဘူး။ ခင်လေးလည်း ဒါကြောင့်ပြောတာ ဟိုတစ်ယောက်ကလည်း တရားလွန် တရားမင်းကို ကျက်နေတော့တာ ရုံးကပြန်ရောက်တောင် မနားဘူးတဲ့။ နင့်တို့ကြောင့်တော့ ငါတို့ သူငယ်ချင်းအချင်းချင်း မျက်နှာမပျက်ချင်ဘူးနော် သား"

"စိတ်ချပါမေမေရယ် သားလဲ ယွန်းကို အဆုံးအရှုံး မခံနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ကိုယ့်ဇာတ်ကိုယ်နိုင်ရင်ပြီးရော"

မေမေကတော့ ကျွန်တော်နှင့် ယွန်းအကြောင်းကို သိနေသဖြင့် သတိသာပေး၍ ထွက်သွားသည်။ တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း ယွန်းနဲ့မခွဲနိုင်ပါ။ စာကျက်နေရင်းပင် ယွန်းမျက်နှာလေး မြင်ယောင်လာသည်။ ယွန်းနဲ့ အခုလို ပြိုင်လိုက် ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့သာ ကျွန်တော့်ဘဝလေးက သာယာနေတာပါ...။

## အခန်း(၃)

ယွန်းကော်ဖီတစ်ခွက်သောက်ပြီး စာထိုင်ကျက်နေလိုက်သည်။ ဘာပဲပြောပြော ဖွဲ့ထက်တော့အမှတ်မလျှော့ချင်။ စာသာကျက်နေတာ တကယ်ဆို ယွန်း မနက်အစည်းအဝေးအတွက် အစည်းအဝေးရှင်းလင်းချက်များကိုလည်း စာရိုက်ရဦး မည်ဖြစ်သည်။ ယွန်းမှာ မကောင်းသည့် အကျင့်တစ်ခုရှိသည်။ လုပ်ချင်တာကို အရင်လုပ်လိုက်ရမှာ ကျေနပ်တတ်သည်။

အခုလည်း စာကျက်ပြီးမှ အလုပ်အတွက် စာရိုက်စရာရှိတာကို ရိုက်မည်။ ရိုက်စရာ ရှိတာများကို အရင်ရိုက်လိုက်ပါက စာကျက်ချိန်ကျလျှင် စာမကျက်နိုင်ဘဲ အိပ်ချင်လာမှာ စိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်း သမီးဘာလုပ်နေလဲ ဆယ့်နှစ်နာရီပဲထိုးနေပြီ မအိပ်သေးဘူးလား"

မေမေက ယွန်းအခန်းမီး ဖွင့်ထားတာတွေ့၍ ဝင်လာခြင်းဖြစ်သည်။ ယွန်းအိပ်လျှင် ဘယ်တုန်းကမှ မီးဖွင့်မအိပ်တတ်။ မီးဖွင့်ထားလျှင် အိပ်ကိုမပျော်တာ။ အိပ်ပျော်နေရင်း တစ်ယောက်ယောက်က မီးဖွင့်လိုက်လျှင်လည်း ချက်ချင်းလန့်နိုးတတ်သည်။

"ဟုတ်မေမေ သမီးစာကျက်နေတာ"

"စာကျက်တယ်ဆိုလည်း တန်ရုံပဲကောင်းတယ်။ ညည်းဟာက အ^ပွါယ်ကို မရှိဘူး။ အိပ်ချိန်တောင် မအိပ်ပဲ စာကျက်နေတယ်ဆိုတာ..."

"မေမေကလည်း ကိုယ့်သမီးစာကျက်နေတာ ဂုဏ်တောင်ယူရဦးမှာကို"

"ဘာဂုဏ်ယူစရာရှိလဲ။ ကိုယ့်အသိစိတ်နဲ့ကိုယ်ကျက်တာမှမဟုတ်တာ ဖွဲကိုနိုင်ချင်လို့လုပ်တာမှတ်လား။ ငါအားလုံးသိတယ်"

မေမေက ယွန်းစားပွဲနားလာရပ်၍ ယွန်းကို ဆူနေလေသည်။ ယွန်းစာကျက်နေရာမှ ယွန်းမျက်လုံးလေး လှန်ကြည့်ကာ နှုတ်ခမ်းလေးစူသွားလေသည်။



"မေမေကို ဘယ်သူပြောလဲ ဖွဲပြောတာလား"

"ဖွဲမဟုတ်ဘူး။ ညည်းယောက္ခမ ထားမေ ဖုန်းဆက်ပြောတာ။ ကိုယ့်ချစ်သူပဲနိုင်တော့ရော ဘာဖြစ်လဲ။ ဒီလောက်ပြိုင်နေရအောင် နင်တို့နှစ်ယောက်က ရန်သူတွေလား။ အဲလိုကြာကြာလုပ် ကြာရင် ဖွဲက နင့်ကိုစိတ်ကုန်လာလိမ့်မယ်။ ညည်းကြောင့် ထားမေနဲ့ ငါမျက်နှာမပျက်ချင်ဘူးနော် ယွန်း"

"မဟုတ်ပါဘူးမေမေရယ် ဖွဲနိုင်သွားရင်လည်း သမီး ကျေနပ်ပါတယ်။ တကယ်က သမီးသူ့ကို စာကျက်စေချင်လို့ပါ။ သူ့ကိုပြောပြီး ကိုယ်ကျမကျက်ရင် ဘယ်ကောင်းမလဲမေမေရဲ့"

စိတ်ဆိုးနေသော မေမေ့ကို ယွန်းခါးလေးဖက်ကာ မျက်နှာချိုသွေးလိုက်သည်။

"အေးပါ ဒါဆိုလည်းအိပ်တော့ ညဉ့်နက်နေပြီ"

"ဒါဆို သမီးစာဆက်မကျက်တော့ဘူး ရုံးမှာ မနက်ဖြန်အစည်းအဝေးရှိလို့ အစည်းအဝေး ရှင်းလင်းချက်တွေ ရိုက်ပြီးအိပ်တော့မယ်နော်၊ ဒါတွေက Top secret တွေဆိုတော့ သူများကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခိုင်းလို့မရဘူး။ ဝေတာတောင် ဒါရိုက်တာတွေပဲ ဆေမှာလေ။"

"ကဲ... ကဲ... မြန်မြန်ရိုက် ပြီးရင်အိပ်တော့"

"ဟုတ် မေမေ"

စူပုပ်ပုပ် မေမေထွက်သွားမှ ယွန်းလည်း ကွန်ပျူတာလေးဖွင့်ကာ မနက်ဖြန်အတွက် အစည်းအဝေးရှင်းလင်းချက်များကို ရိုက်လိုက်ပါသည်။ အားလုံးပြီးသွားချိန်တွင် တစ်နာရီပင်ထိုးနေပြီ။ အခုမှပင် လူလည်း ခေါင်းမထူနိုင်အောင် အိပ်ချင်လာမှန်း သတိထားမိလာသည်။

❧ ❧ ❧ ❧ ❧

## အခန်း(၄)

ယွန်းနှင့် ကျွန်တော် IELTS ဖြေတဲ့နေ့တနောက်ဆုံးတွေ့လိုက်ခြင်း ဖြစ်သည်။ ယွန်းကလည်း ဖြေပြီးနောက်နေ့ ခရီးထွက်ရသဖြင့် ကျွန်တော်နှင့် မတွေ့လိုက်ရပေ။ ဒီတစ်ခါ ယွန်းခရီးသွားရတာ တော်တော်ကြာသည်။ သူမသွားသောနေရာကလည်း ဖုန်းမမိသဖြင့် ဖုန်းခေါ်၍လည်းမရ။ အရင်ဆို လူချင်းမတွေ့ဖြစ်တောင် ဖုန်းနှင့်စကားပြောကာ သူမ၏ ဘုကျကျ မာကြောကြောအသံလေးကို ကြားနိုင်သေးသည်။

ကျွန်တော်လည်း ဒီလိုခွဲနေရတော့မှပင် သူမကို ဘယ်လောက် ချစ်ကြောင်း ပိုသိလာသည်။ ဒီနေ့တော့ သူမ ပြန်ရောက်သဖြင့် ညနေ ရုံးအဆင်း အင်းယားတွင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရန်ချိန်းထားကြသည်။ မတွေ့တာကြာသည့် ချစ်သူလေးကို ပြန်တွေ့ရမှာဖြစ်သဖြင့် ရင်တွေပင်ခုန်လာသည်။ ရုံးဆင်းပြီဆိုတာနှင့် အင်းယားကိုပင် သုတ်ခြေတင်ပြေးခဲ့သည်။ ကျွန်တော် ရောက်သွားတော့ ထိုင်ခုံဖြူဖြူလေးပေါ်တွင် ချစ်စဖွယ် ထိုင်နေသော သူမကို တွေ့ရသည်။

"ဟိတ်"

"မလန့်ပါဘူးဟာ။ နင်မရောက်ခင်ထဲက ရေမွှေးနံ့ကရောက်နေပြီး သားပဲဟာ"

"ဒါဆိုလည်း လှည့်ကြည့်ပါလား ယွန်းရယ်"

"အော် ငါ လှည့်မကြည့်လည်း နင်ရောက်လာမှာပဲဟာ။ ဒီနေ့ နင်အရမ်းလှနေတယ်သိလား"

"ဟား ဟား နင်မပြောလဲ ငါမှန်ကြေးပါတယ်ဟာ"

"ကောင်းတာပေါ့ဟာ ငါလည်းတော်လာတာ"

"နင်အစားပုံမှန်မစားဖြစ်ဘူးလား ပိန်သွားတယ်။ အသားလည်း နည်းနည်းမည်းသွားတယ်နော်"

"ဒါပေါ့ခွဲရယ်။ ဘဝသမားတွေကို နင့်တို့လို အလှသမားတွေမှမဟုတ်တာ"

"တော်ပါ နင့်ကို ဘယ်သူက အလုပ်လုပ်ခိုင်း



နေလို့လဲ။ ဦးရော အန်တီရောက နင့်ကိုဘယ်သူမှ မလုပ်ခိုင်းဘူး။ နင့်ဘာသာ မနေနိုင် မထိုင်နိုင် လုပ်နေတာ"

"ငါမှ အလုပ်မရှိပဲမနေတတ်တာ ခွဲရယ်"

"နင်ပင်ပန်းတာ ငါမကြည့်ရက်ဘူး မလုပ်ပဲနေပါလား ယွန်းရယ်'

"နင်ငါ့ကို မုန့်ကျွေးမယ်ဆို ကျွေးလေဟာ။ ငါဗိုက်ဆာပြီ။ နင်မလာခင်အစောကြီးထဲက ငါနင့်ကို စောင့်နေတာ"

"ကောင်မလေး လူလည်မကျနဲ့ မေးနေတာဖြေဦး"

"နင်နဲ့ငါ သဘောတူပြီးသားလေ။ ငါတို့လက်မထပ်ခင် အချိန်ထိတော့ အလုပ်လုပ်ခွင့်ရှိတယ်လေဟာ။ နင်ပဲ သဘောတူထားတာ ဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့နဲ့ ဗိုက်ဆာပြီ။ ထ..ထ။ လာပါ အချစ်ဆုံးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မထချင်ထချင်ထလာတော့ သူမ ကရုယ်ကာ သူမဦးခေါင်းလေးနှင့် ကျွန်တော့်ပခုံးလေးကို လာတိုက်သည်။ ဒါ သူမအမြဲအပြစ်လုပ်ပြီးလျှင် ချော့သည့် စတိုင်လေ။ ကျွန်တော်ကလည်း သူမအဲလို တစ်ချက် ဦးခေါင်းလေးနှင့် ခွေလိုက်ရုံနှင့် အလိုလို ကျေနပ်၊ ကြည်နူး မိမြဲဖြစ်သည်။ သူမဆံပင်ရှည်လေးများကိုလည်း လက်ဖြင့် အုပ်ကိုင်ကာ ဖွပြစ်မြဲဖြစ်သည်။

အခုလို သူမလက်လေးကိုကိုင်၍ ကန်ဘောင်တွင် လမ်းလျှောက်ရတာလောက် ပျော်ရွှင်စရာကောင်းတာမရှိပေ။

"ဖွဲ ငါ ရခိုင်မုန့်တီ စားချင်တယ်"

"စားလေ"

ကျွန်တော်တို့နှစ်ယောက် ကန်ဘောင်ဘေးရှိ စားသောက်ဆိုင်လေးတွင် ဝင်ထိုင်လိုက်ကြသည်။

"ညီလေးရေ ရခိုင်မုန့်တီနှစ်ပွဲပေးကွာ"

ဖွဲက ဆိုင်ကစားပွဲထိုးလေးအား ခေါ်၍ စားစရာ များ မှာလိုက်သည်။

"ဖွဲ ငါနှစ်ပွဲစားမှာနော်"

"အင်းပါ ယွန်းရယ်။ နှစ်ပွဲ မကဘူး နှင်ကြိုက် သလောက်စား"



"ဟေး ဒါကြောင့် ဖွဲကို ချစ်ရတာ"

ယွန်းက လက်ခုပ်လေးပင်တီးကာ ပျော်ရွှင် သွားသည်။ တစ်ခါတလေ ယွန်းအပြုအမူလေးများတ ကလေးဆန်စွာ ချစ်စရာကောင်းလွန်းနေသည်။ တကယ်ကို သူမကို ကျွန်တော် ဘယ်လိုချစ်မှန်းမသိပါ။ သူလိုချင်တာ ရ၍ ကျေနပ်သွားသော ကောင်မလေးကို အသဲယားလာသဖြင့် ပါးလေးကို ဆွဲလိမ်ပြစ်လိုက်သည်။

"အား..နာတယ်။ လက်ကြမ်းကြီးနဲ့"

"ဘာလက်ကြမ်းလဲ ဒီလောက် နူးညံ့တဲ့လက် လေးကိုများ"

"ဟား ဟား ရှက်လည်းရှက်ဘူး"

ဖွဲပြန်ပြောမလို့ ပါးစပ်ပြင်တုန်း စားပွဲထိုးလေးက မုန့်တီများလာချပေးသဖြင့် အသာငြိမ်နေလိုက်သည်။

"ဟော့ ယွန်း၊ အစပ်အဲလောက်အများကြီး မထည့်နဲ့လေ"

"ဟာ..ရခိုင်မုန့်တီဆိုတာ စပ်စပ်လေးမှ စား ကောင်းတာ။ နင်ကလေ ယောကျ်ားလေးဖြစ်ပြီး အစပ်လေးတောင် နည်းနည်းပါးပါး မစားနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ငါတောင် နှစ်ခွန်းလောက်တော့ အသာလေးစားနိုင်တယ်"

"ယောက်ျားလေးဖြစ်ရင် အစပ်စားနိုင်ရမယ်လို့ နင့်ကိုဘယ်သူပြောလဲ"

"အော်.. ဘယ်သူမှ မပြောပေမဲ့ ငါလုပ်သမျှ အားလုံးတော့ နင် လုပ်နိုင် ရမှာပေါ့။

"ဘာလို့မလုပ်နိုင်ရမှာလဲ လုပ်နိုင်တာမှ အကုန်လုပ်နိုင်တယ်။ ငါ မလုပ်နိုင်တာ ဘာမှမရှိဘူး"

"အပိုတွေပါပဲဟယ်.. ကဲ ဒါဆိုနင်အခု ငါစားသလို လိုက်စားနိုင်လား"

"စားနိုင်တာပေါ့ ရော့ ထည့်လိုက်စမ်းပါ ငါ့ပန်းကန်ထဲကို နင့်ရေတ်သီး"

"သေချာတယ်နော်။ ပြီးမှ မငိုနဲ့"

"ယောက်ျားကွ။ ထည့်"

ပြောသာပြောလိုက်ရသည်။ စိတ်ထဲတွင်တော့ လန့်နေသည်။ ဒေါ်ယွန်းကလည်း အညှာအတာကိုမရှိ။ ကြည့်ပါဦး ထည့်ဆိုတိုင်း ထည့်လိုက်တာ ငရုတ်သီးမှ နှစ်ခွန်းအပြည့်။ နည်းနည်းပါးပါး လျှော့ထည့်ပါလား ကိုယ့်ချစ်သူပဲ။ ကျွန်တော် အစပ်မစားနိုင်တာလဲ သိရဲ့သားနဲ့။



အားတင်းပြီး ခွန်းနှင့် မွှေနေရင်းနဲ့တောင် ပါးစပ်တစ်ခုလုံး ပူစပ်လာသလိုပင်။

"စားလေ။.."

ကျွန်တော် တစ်ခွန်းယူပြီး စားမယ်လည်းလုပ်ရော ယွန်းက ပြုံးစိစိ ဖြင့်တားလာသည်။

"စတာပါ ဖွဲ့ရယ်။ မစားနဲ့ ဖွဲ့စားနိုင်မှာ မဟုတ်ဘူး။ ယွန်းစားမှာအသစ်တစ်ပွဲမှာလိုက်။ ယွန်းကနှစ်ပွဲစားမှာ။"

"ရတယ်ယွန်း ငါစားနိုင်တယ်။"

ယွန်းတားနေသည့်ကြားက အတင်းယူ စားလိုက်သည်။ မစားလို့လည်းမရ ကိုယ်မစားလျှင် ယွန်းစားမှာ၊ ယွန်းကိုလည်း ဒီလောက် ငရုတ်သီး များများမစားစေချင်။ သွန်ပစ်လျှင်လည်း အင်မတန်နှမြောတတ်သောယွန်းက အတင်းစားမှာ။ ယွန်းကိုလည်း နောက်တစ်ပွဲတွင် ငရုတ်သီးမစားခိုင်းတော့ဘူး ဆုံးဖြတ်လိုက်သဖြင့် ယောက်ျားရင့်မာကြီးဟု ယွန်းအမြဲပြော ပြောနေတတ်သော ကျွန်တော်သာ ကြိတ်မှိတ်မျိုချလိုက်ရသည်။

ကျွန်တော်၏ မျက်နှာရှုံ့ရှုံ့သွားတာကိုတော့ ယွန်းက အော်ရယ်ပါသည်။ ယွန်းနောက်တစ်ပွဲမှာသည့် အချိန်တွင်တော့ ကျွန်တော်တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ

www.burmeseclassic.com

www.burmeseclassic.com



နှင့်နှစ်နေသည်။ ယွန်းကတော့ သူ့ပိုက်ဆံအိတ်လေးထဲမှ တစ်သျှူးလေးထုတ်ကာ ကျွန်တော့်မျက်နှာကို ကြင်ကြင်နာနာသုတ်ပေးသည်။ နောက်တစ်ပွဲကိုလည်း ကျွန်တော့်စကား နားထောင်ကာ အဖြူထည်လေးပင်စားရှာသည်။

ထိုသူရဲကောင်းဆန်ခြင်း၏ အကျိုးသည် ညဘက်တွင်တော့ အိမ်သာတက်တိုင်း ပူစပ်စပ် အထိအတွေ့နှင့် အဆက်မပြတ် အိမ်သာတက်ခြင်းပင်။ စားနေကျဖြစ်သော သူမအတွက်တော့ ဘာမှ မထူးလောက်ပေ။ ကျွန်တော်ကသာ ယွန်းပေးသော ဝေဒနာကို အလူးအလဲ ခံစားခဲ့ရပါသည်။

❧ ❧ ❧ ❧ ❧

## အခန်း(၅)

ဖုန်းသံကြားသည်နှင့် အလုပ်လုပ်နေရာမှ အမြန်ကောက်ကိုင် လိုက်သည်။

"ယွန်း"

"ပြော ရွှဲ"

"နင်အလုပ်များနေလား"

"ရတယ် ပြော ရွှဲ"

"မနက်ဖြန် IELTS အမှတ်စာရင်းထွက်မှာသိလား"

"ဟုတ်လား။ ဘယ်လိုလဲ နင်ပြင်ချင်သေးရင် ပြင်လို့ရတယ်နော်"

"သွားစမ်းပါ။ ငါက ငါ့ကိုယ်ငါ ယုံတယ်မပြင်ဘူး။ ဒါပေမဲ့ နင်ပြင်ချင်ရင်တော့ နင့်သဘောပါ"

www.burmeseclassic.com

www.burmeseclassic.com



"မပြင်ပါဘူး"

"ဒါဆို ငါတို့ မနက်ဖြန်တွေ့ကြရအောင်ဟာ"

"အိုကေလေ ငါ ကြိုခွင့်တိုင်လိုက်မယ်"

"အခုင်း ဒါဆို မနက်ဖြန်ကန်တော်ကြီးမှာ

တွေ့ကြတာပေါ့။ ငါလာခေါ်ရမလား"

"မခေါ်နဲ့တော့ ငါဖာသာငါ လာခဲ့မယ်။

နဂိုတွေ့နေကြနေရာပဲမှတ်လား။ဘယ်အချိန်လဲ"

"ဆယ်နာရီ။"

"အိုကေ။ မနက်ဖြန်မှတွေ့မယ်"

## အခန်း(၆)

ဇွဲကားလေးထိုးရပ်လိုက်သည်နှင့် ယွန်း၏ အပြစ်တင်သံကို အရင်ဆုံး စတင်၍ ကြားလိုက်ရသည်။

"မိနစ် နှစ်ဆယ်တိတိ နောက်ကျတယ်"

"ဆောရီးပါချစ်ရယ်၊ ကိုယ်အမှတ်စာရင်းပါ တစ်ခါထဲကြည့်နေလို့"

"ဟုတ်လား ဇွဲ။ ငါဘယ်လောက်ရလဲဟင်။ နင်ကော ဘယ်လောက် ရလဲ"

"နေဦး အဲဒါတွေမပြောခင် ငါတစ်ခုပြောမယ်။ တကယ်လို့ ငါ နင့်ထက်အမှတ်များရင် နင်ငါ့ကို........"

www.burmeseclassic.com

www.burmeseclassic.com



ပါးလေးတစ်ဖက်ဖောင်းကာ ယွန်းဘက်ကို တိုးပေးလိုက်သဖြင့် သူဆိုလိုသည့် အဓိပ္ပါယ်ကို ယွန်းသိလိုက်သည်။

"နှင်းနိုင်ရင်တော့ နင့်သဘောပေါ့ဟာ"

ဘုရား… ဘုရား သူများနိုင်သွားလို့လား။ ယွန်းရင်ခုန်သံတွေ မြန်ဆန်နေသည်။

"ပြောဟာ နင်ပဲမများနဲ့။ နင်မပြောရင်နေ ငါ ကြည့်ပြာ့ဆီဖုန်းဆက် မေးလိုက်မှာ"

"မေးပေါ့ ငါပြောရင် နင်ကယုံချင်မှ ယုံမှာ မေး… မေး"

ကြည်ပြာဆိုတာ ယွန်းတို့နှင့်အတူတူ ကျောင်းတက်၍ အတူတူ ဖြစ်ခဲ့သောသူငယ်ချင်း။ ယွန်းအိတ်ထဲမှ ဖုန်းလေးကိုထုတ်ကာ တုန်တုန်ရီရီ လက်များဖြင့် ကြည်ပြာဆီဖုန်းခေါ်ကြည့်လိုက်သည်။

"ကြည်ပြာ ယွန်းပါ။အမှတ်စာရင်းတွေသိပြီလား"

"သိပြီ ယွန်း"

"ကြည်ပြာ ယွန်းဘယ်လောက်ရလဲဟင်"

"ရှင်ရော ဓာရော 6.5 ရတယ်။ အရမ်းတော်တာပဲ။ ကျူပ်တော့ 5.9 ပဲရတယ်"



"ဟုတ်လား ကျေးဇူးတင်ပါတယ် ကြည်ပြာရယ်။ ယွန်းက မကြည့် ရသေးလို့ ကြည်ပြာကိုလှမ်းမေးတာ။ ကျေးဇူးပဲနော် ကြည်ပြာ"

"ကောင်းပါပြီရှင်။ ဒါဆို ဖုန်းချလိုက်တော့မယ်နော် ယွန်း"

ဖုန်းချပြီး ယွန်းလှည့်ကြည့်တော့ ဓွဲက ယွန်းကို မျက်စိတစ်ချက်မှိတ်ပြီး ပြောင်ပြနေသေးသည်။

"ရှက်ပါတယ် ကောင်မလေးတစ်ယောက် နမ်းရတော့မယ်ဆိုပြီး ကြိတ်ပျော်နေတာ။ ရပါတယ် ယွန်းရယ် အဲလောက်ဝမ်းနည်းမသွား ပါနဲ့ နမ်းချင်ရင်နမ်းပါ။ ငါခွင့်လွှတ်ပါတယ်"

ဓွဲက ပြုးစစနှင့် နောက်နေသဖြင့် ယွန်း ဒေါပွသွားသည်။

"ကောင်စုတ် ငါ့ကို စိတ်ပူအောင်လုပ်တယ်။ နင်သေမယ်"

"မသေပါရစေနဲ့ ချစ်သူကို ချစ်လို့တောင်မဝသေးဘူး"

"အပိုတွေ နင်လား။ နောက်တစ်ယောက်တွေ့တာနဲ့ ချက်ချင်းမေ့သွားမှာ။"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ကဟုတ်ကတွေကွာ။ အခိပ္ပါယ်မရှိတာ။ ယွန်းက အချစ်ကိုမယုံဘူးလား။"

"ဟင့်အင်း ယွန်း ယောကျ်ားတွေရဲ့အချစ်ကို မယုံဘူး။"

"ဘာလို့လဲ ယွန်းရယ် လောကမှာ သစ္စာရှိတဲ့ အချစ်စစ်တွေ အများကြီးပါ။"

"ဟွန့်အင်း ဖွဲ့ ယွန်းတွေ့ဘူးတာတော့ ယောကျ်ားလေး တော်တော်များများရဲ့ သစ္စာဆိုတာ အသစ်ကို ဆာလောင်မွတ်သိပ် ခြင်းပဲ"

"မဟုတ်သေးဘူး။ အဲလို ယွန်းထင်နေရင် ဘယ်တော့မှ ပျော်ရွှင်နိုင်မှာမဟုတ်ဘူး။ ယွန်းရဲ့ မသိစိတ်က ယွန်းကို အမြဲသတိနေလိမ့်မယ်"

"ကဲ ဒါဆို ဖွဲ့သူငယ်ချင်းထဲမှ အရမ်းသစ္စာရှိတဲ့ လူရှိလား"

"ရှိတာပေါ့"

"ရှိတာ မဟုတ်နိုင်ပါဘူး ဖွဲ့ရာ။ ရှိနေသေးတာ နေမှာပါ"

"ဘယ်လို.....ယွန်းပြောတာသိပ်နားမလည်ဘူး"

၃၃



"ဒီလိုလေဖွဲ့ရဲ့ အခုဖွဲ့ပြောတဲ့ သစ္စာရှိတဲ့ သူငယ်ချင်း ဆိုတာ အခုချိန်မှာ သစ္စာရှိနေတာ ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ အမြဲသစ္စာရှိတာတော့ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ သူ့မှာ သူ့ရင်ကိုထိရှစေမဲ့ နောက်တစ်ယောက်ကို ထပ်မတွေ့သေးလို့ ဒီတစ်ယောက်ပေါ်မှာ သစ္စာရှိနေတာပါကွာ။ နောက်တစ်ယောက်များ တွေ့ကြည့်ပါလား ကောက် ကောက်ပါအောင် လိုက်သွားမှာ။ ယွန်း တစ်ခုပြောပြမယ်ကွာ၊ ယောကျ်ားလေးတွေက ချောချောလှလှချစ်သူလေး ဘေးမှာရှိလဲ ဖြတ်သွား တဲ့ တခြားချောချောလှလှကောင်မလေးတွေ ကိုလည်း ထပ်ကြည့်တာပဲ မှတ်လား"

"ဒါကတော့ကွာ ဘာရယ်မဟုတ်ဘူး ကောင်မလေးတစ်ယောက်လှလို့ ကြည့်တာ လောက်ပဲဟာ။ ယွန်းရော ကလေးတစ်ယောက် ချစ်စရာ ကောင်းနေရင်မကြည့်ပဲနေနိုင်လို့လား"

"[illegible]တာကဘာမှမဆိုင်ဘူး။ ဒါဆို ငါကရော ကောင်လေးချောချောလေးတွေ မြင်ရင် လိုက်ငေးနေရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်တုန်းကများ နှင်ရှေ့မှာ ကောင်မလေးတွေကို လိုက်ငေးနေမိလို့လဲ"

"ဟုတ်တယ် နှင်က ငါ့ရှေ့မှာတော့ မငေးဘူး ငါ့ကွယ်ရာရောက်မှငေးမှာ၊ ယောကျ်ားတွေရဲ့ အချစ်ကလေ ဖန်ခွက်ထဲ ထည့်ထားတဲ့ ရေနဲ့တူတယ်။ ဖန်ခွက်အဝိုင်းထဲမှာ ထည့်ထားရင် အဝိုင်းပုံအတိုင်းပဲနေတယ်၊ ဖန်ခွက်လေးထောင့်ထဲ ထည့်ထားရင်လည်း လေးထောင့်ပုံစံလေး ဖြစ်နေပြန်ရော။ ပုံစံအမျိုးမျိုး ပြောင်းလဲနိုင်တယ်။ ပုံစံသာ ပြောင်းချင်ပြောင်းမယ် ရေရဲ့ဂုဏ်သတ္တိကတော့ မပြောင်းဘူး။ ယောကျ်ားတွေရဲ့အချစ်က အဲလိုပဲ ပုံစံအမျိုးမျိုး ပြောင်းလဲနိုင်တယ်။ ဘယ်လောက် ချောမောပြည့်စုံတဲ့ ချစ်သူမျိုးရနေပါစေ ပေါများလှတဲ့ သူတို့အချစ်တွေက နောက်ထပ်အချစ်သစ်များစွာကိုလည်း ရှာဖွေနေတတ်သေးတယ်။ ဒါက သူတို့ရဲ့ မပြောင်းလဲတဲ့ အချစ် Definition ပေါ့"

"မဟုတ်သေးပါဘူးဟာ"

ယွန်း ဘယ်တုန်းကများ ဒီလိုရှုးကြောင်ကြောင်မျိုး



တွေးမိနေခဲ့ပါလိမ့်။ သူမစကားများကို နားထောင်ရင်း စိတ်တွေရှုပ်ထွေးလာသည်။ ဒီလောက် ပြောင်ကျ ရှင်းလင်းသော စကားများကိုလည်း ကျွန်တော်ကို ရှေ့တွင်ထား၍ ပြောရဲသော ယွန်းကိုလည်း စိတ်ထဲက ဒေါသထွက်မိသည်။ ဒါက ကျွန်တော့်အချစ်ကို သက်သက်စော်ကားခြင်းပဲ။ ကျွန်တော် ယွန်းကိုဘယ်လောက် ချစ်လဲဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံးဖြစ်သည်။

"ယွန်း နှင် သူများကို အထင်သေးပြီး ကိုယ်ကိုယ်ကို အထင်ကြီးတာ အရမ်းများနေပြီ"

"ငါကိုယ်ငါ အထင်ကြီးတာမဟုတ်ဘူး။လောကမှာ ဖြစ်တတ်တဲ့ သဘာဝကိုပြောပြတာ"

"အိုကေ နှင်ကိုယ်နှင် သိပ်ယုံကြည်မှုရှိရင် ငါ့သူငယ်ချင်း တစ်ယောက်ရှိတယ်။ သူ နှင့်ကို ကြိုက်လာအောင် လုပ်နိုင်လား။ သူ့နာမည်က အောင်မင်းခန့်။ အောင်မင်းခန့်ဘဝမှာ သူ့ကောင်မလေးကလွဲရင် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူး။ ဒါ ငါအသိဆုံးပဲ။ ပြီးတော့ အောင်မင်းခန့်က ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မိန်းမတွေဆို

www.burmeseclassic.com



အရမ်းမှန်းတာ။ သူလိုလူမျိုးကို နင် ဘယ်လောက်ပဲ ဆွဲဆောင် ဆွဲဆောင် မရဘူး။

တကယ်တော့ ယွန်းကို စိန်ခေါ်လိုက်တာက ယွန်းရဲ့မှားယွင်းတဲ့ အတွေးတွေကို ပယ်ဖျက်ချင်တာ တစ်ခုထဲပါ။ ပြီးတော့ အောင်မင်းခန့်အကြောင်းလည်း ကောင်းကောင်းသိနေ၍ စိန်ခေါ်ရခြင်းဖြစ်သည်။ ယွန်း ကိုယ်တိုင်လည်း လောကမှာ သစ္စာရှိတဲ့ယောကျ်ားတွေ အများကြီးရှိတယ်ဆိုတာကို ကိုယ်တိုင်ကိုယ်ကျ လက်ခံသွားစေချင်တာ။ ဒါကြောင့်လည်း ဒီလို စိန်ခေါ်ခဲ့တာပါ။

"နင်က စစိန်ခေါ်တော့ ငါကလည်း နင့်ကို သက်သေပြရတော့မှာပေါ့။ နင်အချစ်းကိုယုံကြည်တဲ့သူငယ်ချင်း ဘယ်လိုရှုံးမလဲ စောင့်ကြည့်ပေါ့"

"ဒါပေမဲ့နင် အိမ်ထောင်ပျက်စေတဲ့ အပြုအမူမျိုး မလုပ်ရဘူး"

"စိတ်ချ ငါ့ကြောင့် နင်ဘယ်တော့မှ မျက်နှာမပျက်စေရဘူး။ နင် စိန်ခေါ်မှုပြီးပြီဆိုရင် ဒီတစ်ခါ ငါစိန်ခေါ်ရမဲ့ အလှည့်"

"ဘာလဲ"



"ငါလည်း နင့်အချစ်ကို အကြွင်းမဲ့ယုံကြည်ချင်တယ်။ ဒီတော့ နင့်ကို ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်နဲ့မိတ်ဆက်ပေးမယ်။ သူ့နာမည်က တိမ်မိုးပြေး။ မိုးပြေးက အရမ်းလှတယ်။ လှတယ်ဆိုတာထက် ဆွဲဆောင်မှုပိုရှိတယ်။ မိုးပြေးကိုမြင်တဲ့ယောကျ်ားလေးတိုင်းက အရမ်းလှတာပဲလို့ မပြောဘဲ မနေနိုင်လောက်အောင်ကို လှတာ။ သူ့အလှ သူ့အပြောမှာ မမျောတဲ့လူကိုမရှိဘူး။ နင့်ကို သူနဲ့မိတ်ဆက်ပေးမယ်။ နင်သူ့ကိုရှောင်နိုင်ရင် ငါ နင့်ကို အပြည့်အဝယုံကြည်ပေးမယ်"

"အိုကေ စိန်လိုက်လေ။ ငါ နင့်ကို ဘယ်လောက်ချစ်လဲ နင်မကြာခင် သိရမှာပါ။"

"သိပ်အပြောမစောပါနဲ့ဟာ။ မိုးပြေးက နင်မြင်ဘူးနေကျ မိန်းကလေးမျိုးမဟုတ်ဘူး။ အရမ်းမာယာများတယ်။ နင်တို့လို ယောကျ်ားတွေကို အရေကြိုသောက်ထားတဲ့ ဆရာမကြီး။ သူ့ကြောင့် အသည်းကွဲတဲ့ ယောကျ်ားတွေဆိုတာလည်း တစ်ပုံတစ်ပင်ပဲ။ သူ့ကို အသည်းခွဲမယ်ဆိုပြီး ချဉ်းကပ်လာတဲ့ ယောကျ်ားတွေလည်း နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကျ သူတို့ပဲခံရတာပဲ။ နင်လည်း ပြီးမှ ယွန်းရယ် ငါအခုမှ အချစ်စစ် အချစ်မှန်ကို တွေ့သွားတာပါ ဆိုလည်း ငါ နင့်ကို ခွင့်လွှတ်နေမှာပါ။ စောစော စီးစီးသိရလို့တောင်နင့်ကိုကျေးဇူးတင်နေဦးမှာ"

"အိုကော အဲလိုမဟုတ်ပဲ ငါက နင့်ကို သစ္စာရှိရှိ ချစ်နေတယ်ဆို နင်ငါ့ကို အမြန်ဆုံးလက်ထပ်ရ မယ်။ ဘယ်လိုလဲ"

"အိုကောလေ ဒီလိုသစ္စာရှိတဲ့ ယောကျ်ားမျိုးဆို ငါကလည်း ကျေကျေနပ်နပ်ကို လက်ထပ်မှာပါ။ တကယ်လို့များ ငါတို့နှစ်ယောက်ထဲက တစ် ယောက်ယောက်ပဲ နိုင်ခဲ့ရင်တော့ နိုင်တဲ့လူ့ရဲ့ စကားကိုတစ်သက်လုံး မြေဝယ်မကျ နာခံထောင် ရမယ်"

"ကောင်းပြီ။ ဒါဆို ငါတို့အစီအစဉ်ကို အမြန် ဆုံး စမယ်။ မနက်ဖြန်ကျရင် ငါတို့ အသေးစိတ် စည်းမျဉ်းစည်းကမ်းတွေရေးပြီး စကြတာပေါ့။ အခုထဲက သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောထားမှအဆင်ပြေမှာ။ အရေးကြီးဆုံးက ငါ့တို့ တစ်ယောက်ကိုတစ်ယောက် ချစ်ကြဖို့ပဲ။



နင်လည်း ငါကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး နော်"

"စိတ်ချပါခွဲ။ ငါ နင့်ကလွဲရင်ဘယ်သူ့ကိုမှစိတ်မဝင် စားပါဘူး။ ငါလည်းအိမ်ကနေ ဆောင်ရန်၊ ရှောင် ရန်တွေစဉ်းစားခဲ့မယ်။ နင်လည်းစဉ်းစားခဲ့"

ယွန်း အမှန်တိုင်းပြောရရင် ခွဲ့ရဲ့အချစ်ကိုလည်း စမ်းသပ်ချင်သည်။ ပြီးတော့ ခွဲ့ကိုလည်း ယောကျ်ားတွေရဲ့ အချစ်ကို သက်သေပြကာ ဒါမျိုးမဖြစ်ရန် ခွဲ့ကို ဆုံးမချင် သည်။ ခွဲ့ရဲ့ တိကျပြတ်သားတဲ့ မျက်ဝန်းများကို တွေ့တော့ လည်း ရင်ထဲတွင် အတိုင်းမသိပျော်ရွှင်မိသည်။ တကယ် တော့ ယွန်းကအခုအချိန်မှာ ယွန်းတို့နှစ်ယောက်ရဲ့အချစ်ကို မှတ်ကျောက် တင်ကြည့်တာပါ။ အရည်အသွေးပြည့်မီတဲ့ အချစ်တစ်ခုလို့ လက်ခံနိုင်ဖို့အတွက် နည်းနည်းတော့ အပွန်း အပဲ့ခံရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ရေပြင်ပေါ်သို့ နေရောင်ထိုးကျနေသဖြင့် ရေကန်တစ်ခုလုံးကို စိန်များ ဖြူးထားသကဲ့သို့ တလက်လက် တောက်ပနေသည်။ ထိုရေပြင်နှင့်အပြိုင် ဖွဲ့နှင့်ယွန်း၏ မျက်ဝန်းများကလည်း တလက်လက် တောက်ပနေသည်။ ခပ်ဝေးဝေးကို စိုက်ကြည့်နေရင်း နှစ်ဦးသားလည်း စကားမဆိုဖြစ်ဘဲ အတွေးများတွင် နစ်မျောနေပုံရသည်။ ဖွဲ့အရင်ဆုံး စတင်လှုပ်ရှားလာသည်။

"ယွန်း ငါတို့မပြိုင်ကြရင် ကောင်းမလား"

"ဘာလို့မပြိုင်ရမှာလဲ။ နင့်ကိုယ်နင် ယုံကြည်မှု မရှိဘူးလား"



"ဘာလို့မရှိရမှာလဲ။ သိပ်ရှိတာပေါ့။ ငါက နင့်အတွက်စဉ်းစားနေတာ။ နင်က မိန်းကလေးဆိုတော့ နင့်အတွက်ပြောစရာဖြစ်လာမှာစိုးလို့"

"အဲအတွက်တော့ မစိုးရိမ်ပါနဲ့ ငါဘယ်သွားသွား နင်က ငါ့ဘေးနားမှာရှိမှာပဲ ဘာစိုးရိမ်စရာရှိလဲ"

"ပြီးရောလေ ဒါဆို ဒီမှာကြည့် ငါရေးလာတဲ့ စည်းမျဉ်းတွေ။"

ဖွဲ့လက်ထဲမှစာရွက်လေးကို ယွန်း လှမ်းယူလိုက်သည်။

<u>နှစ်ဦးသဘောတူ လိုက်နာရမည့် စည်းမျဉ်းများ</u>

၁။ ဘယ်သောအခါမှ ကိုယ့်ပစ်မှတ်ကို ပြန်မချစ်ရ။

၂။ ကိုယ်ကစတင်၍ အိန္ဒြေမဲ့သောအပြုအမူမျိုးမလုပ်ရ။

၃။ ကိုယ်ထိလက်ရောက်များ မပါရ။

၄။ မိမိဘက်ကစတင်၍ ရေလာမြောင်းပေးမလုပ်ရ။

၅။ အရာရာတွင် ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး အသိပေးရမည်။

၆။ မိမိလိုချင်သည့်အရာ ရက အားလုံးကို အမြန်ဆုံး အဆုံးသတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



"သဘောတူလား"

စာရွက်လေးကို ပြန်ခေါက်နေသော ယွန်းအား ခွဲက မေးလိုက်သည်။

"တူတာပေါ့"

"ဒါဆို စာတ်လမ်းကို အခုစမလား။ ငါ အောင်မင်း ခန့်ကိုရိုက်လိုက်မယ်။ နင် လိုက်တွေ့မလား"

"လိုက်တွေ့တာက ဟုတ်ပါပြီ။ နင်ကငါ့ကို ဘယ်လိုမိတ်ဆက်ပေးမှာလဲ"

"အော်.. နင်က ငါ့ရဲ့ သူငယ်ချင်းပေါ့"

"အင်း မဆိုးဘူး ကောင်းသားပဲ"

"လာ ဒါဆိုထ သွားမယ်။"

ခွဲမောင်းသော ကားလေးပေါ်တွင် ယွန်း ခိမ်လေးနှင့် လိုက်ပါလာသည်။ ယွန်းအတွက်က လူတစ်ယောက်ကို ဝင်ရောဖို့အရမ်းလွယ်သည်။ ယွန်းအလုပ်က လူတိုင်းနှင့် ဆက်ဆံနေရသောကြောင့် လူမှုရေးတော့ ယွန်း ကောင်းကောင်းကျွမ်းသည်။ ယွန်းကို တစ်ခါတွေ့ပြီးလျှင် ခင်သွားတတ်ကြသည်။ ရုံးတွင်ဆိုလည်း အော်ဒါမှာရင်တောင် ယွန်းကိုတွေ့မှ မှာကြသည်။ ယွန်းရှိမှလာကြသည်။ ယွန်းက အဲလောက်အထိကို စွမ်းသည်။ သီချင်းလေးတငြီးငြီးနှင့်



ယွန်းတစ်ယောက်ခွဲကား ထိုးရပ်လိုက်မှပင် ပတ်ဝန်းကျင်ကို သတိထားကြည့်မိသည်။ ဟင်.. Junction 8ပဲ။ ကြည့်ရတာ သူငယ်ချင်းအတွက် ခွဲတစ်ခုခုဝယ်မလို့ထင်သည်။

ယွန်းလည်း ဘာမှပြောမနေတော့ပဲ ခွဲနောက်က သာလိုက်လာခဲ့သည်။ ဘာမှမဝယ်ဘဲ အပေါ်သို့ တောက်လျှောက်တက်လာ၍ နည်းနည်းအံ့သြသွားသည်။ ကုမ္ပဏီ တစ်ခုရှေ့တွင် မတ်တတ်ရပ်လိုက်တော့မှပဲ သဘောပေါက် သွားသည်။ ကုမ္ပဏီဝန်ထမ်းတွေကတော့ ခွဲကိုတွေ့သည်နှင့် နှုတ်ဆက်ကြသည်။ ကြည့်ရတာ ခွဲက လာနေကြဖြစ်၍ ရင်းနှီးနေပုံပေါ်သည်။

"အစ်ကို ဆရာ အထဲမှာရှိတယ်"

"အေး အေး.. ကျေးဇူးပဲညီလေး"

ဝန်ထမ်းများအခန်းကိုကျော်၍ တောက်လျှောက် လျှောက်လာသောအခါ လုပသော ကျွန်းတံခါးကြီးကို အရင်ဆုံးတွေ့ရပါသည်။ ခွဲက တံခါးအသာခေါက်လိုက် သည်။ ခဏနေတော့ ဝင်ပါဆိုသော အသံနှင့်အတူ ဝင်လာ ခဲ့သည်။အရင်ဆုံးထိတွေ့လိုက်ရတာ မွှေးမြအေးစိမ့်လွန်းသော အထိအတွေ့ပင်။ ကြီးမားသော စားပွဲကြီးပေါ်တွင် ကျွန်ုပ်ချ တာထဲ ခေါင်းဝင်မတတ် နစ်နေသော လူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းတို့အနားရောက်မှပင် တစ်ချက်စောင့်ကြည့်ကာ.....

"ဟော့ကောင် ခွဲ ငါက ဘယ်သူများလဲလို့
မင်းလို့ မထင်ဘူးကွ။ လာလာ ထိုင်ထိုင်။"

ယွန်းတို့နှစ်ရောက် သူ့စားပွဲရှေ့က ခြည့်သည်များ ထိုင်သော ဆိုဖာဆက်တီကြီးများတွင် ဝင်ထိုင်လိုက်သည်။ လူတစ်ကိုယ်လုံးနစ်ဝင်သွားလောက်အောင် အိစက်လွန်းလှပါသည်။ ယွန်းတို့ရှေ့ စားပွဲပေါ်တွင်တော့ ထိုလူနှင့် ကောင်မလေးတစ်ယောက်၏ နှစ်ယောက်တွဲဓါတ်ပုံလေးကို ချစ်စရာမှန်ဘောင်လေးဖြင့်ထည့်ကာ တခမ်းတနား ပြထားလေသည်။ ကြည့်ရတာ သူ့ကောင်မလေးတော့ သူတော်တော်ချစ်မည် ထင်သည်။

အို........ ဟန်ဆောင်တာလဲ ဖြစ်နိုင်တာပဲ။ ကိုယ်အတွေးနှင့်ကိုယ် ရှုပ်ယှက်ခတ်နေတုန်း ထိုသူက သူ့စားပွဲမှထကာ ယွန်းတို့ရှေ့စားပွဲတွင် လာထိုင်လေသည်။

"ဟော့ကောင် မင်းကို ငါမိတ်ဆက်ပေးရဦးမယ်။
ဒါ ငါ့ သူငယ်ချင်း ယွန်းပန်းတဲ့။ သူနဲ့ စကား
စပ်မိရင်း သူ့ကုမ္ပဏီက ပစ္စည်းတွေက မင်းအလုပ်
နဲ့များ ကိုက်မလားလို့ သူ့ကိုအကူအညီတောင်းပြီး



ဘာမှကြိုစာတ်မတိုက်ထားပဲ ခွဲကတော့ ယွန်းကို စချင်းထဲက ပုံစံပေးနေသည်။ တော်သေးသည် ကုမ္ပဏီနာမည်သေချာဖတ်ထား၍ တော်သေးသည်။ အမြင်ကတ်ကတ်နှင့် အတူထိုင်နေသော ခွဲခြေထောက်ကို စားပွဲရှေ့တွင်ရှိသောလူမသိအောင် ထပ်နင်းလိုက်သည်။

"လူကြီးမင်းတို့ ကုမ္ပဏီက ဆောက်လုပ်ရေး
ကုမ္ပဏီလို့ သိရပါတယ်။ ယွန်းတို့ကုမ္ပဏီက
လည်း ဆောက်လုပ်ရေးနဲ့ ပတ်သတ်တဲ့ပစ္စည်း
အားလုံးရောင်းပါတယ်။ သွပ်၊သံက စပြီးအိမ်သုတ်
ဆေးမကျန်အကုန်ရောင်းပါတယ်။ အိမ်သုတ်ဆေး
ဆိုလည်း မိုးရေဒဏ်ကိုခံနိုင်တဲ့ Water proof
ဆေးတွေပါ။ ရေဒဏ်မိုးဒဏ်ကို ခံနိုင်တဲ့အပြင်
အရောင်လွင့်ခြင်းလည်း မရှိပါဘူး။ ဒါ့အပြင်
ဘိလပ်မြေထဲလည်း ထည့်တဲ့ Chemical မျိုးစုံ
လည်းရှိပါတယ်။ ဒီ Chemical ရောသုံးခြင်းအား
ဖြင့်လည်း ပိုမိုခိုင်ခံ့ပါတယ်။ ဘိလပ်မြေကိုလည်း
မြန်မြန်ခြောက်စေတာကြောင့် အချိန်ကုန်တာကို
လည်း သက်သာစေပါတယ်။ တကယ်လို့များ

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာကြာ ဆွဲဆန့်ထားချင်ရင်လည်း အချိန်ကြာကြာထားလို့ရတဲ့ Chemical မျိုးသုံးလို့ရပါတယ်။

ယွန်းကလည်း ဗွဲနဲ့ စကားစပ်ရင်း သူ အကူအညီတောင်းလို့လိုက်လာတာဆိုတော့ ယွန်းလက်ထဲမှာ ဘာစာရွက်စာတန်းမှမပါဘူးဖြစ်နေတယ်။ လူကြီးမင်း စိတ်ဝင်စားရင် နောက်နေ့ကျ ယွန်းတို့ကုမ္ပဏီရဲ့ အရောင်းဝန်ထမ်း ကောင်မလေးကို ယွန်းလွှတ်ပေးလိုက်ပါ့မယ်။ ဒါက ယွန်း ကတ်ပါ”

ယွန်းပိုက်ဆံအိတ်လေးထဲမှ ယွန်းကုမ္ပဏီကတ်လေးကိုထုတ်ပေးလိုက်သည်။ သူက ယွန်းလက်ထဲမှ ကတ်လေးကို သေချာကြည့်လေသည်။ ပြီးမှ သဘောကျသောလေသံကြီးဖြင့်.....

“AsiaKing ဘာကြောင့်နာမည်ကြီးလဲ အောင့်မေ့တာ တကယ်ကို သွက်လက်ထက်မြက်တဲ့ Secretary ကောင်းတစ်ယောက် ရှိနေတာကိုး”

“ကျေးဇူးတင်ပါတယ်”



“ကိုယ် မင်းပြောတဲ့ ပစ္စည်းတွေကို စိတ်ဝင်စားပါတယ်။မင်းကုမ္ပဏီကရနိုင်တဲ့ ပစ္စည်းစာရင်းတွေနဲ့ ကိုယ့်ကိုနောက်တစ်ကြိမ် ပြန်ရှင်းပြနိုင်မလား”

“လူကြီးမင်း ဘယ်ရက်လောက်အားမလဲ မသိဘူး”

“ကိုယ်ကို့ ဗွဲခေါ်သလိုပဲ အောင်မင်းခန့်လို့ခေါ်ပါ။ ဗွဲသူငယ်ချင်းကလည်း ကိုယ့်သူငယ်ချင်းပဲပေါ့”

“ကျေးဇူးတင်ပါတယ်။ ကိုအောင်မင်းခန့်”

“ဒီနေ့က သောကြာဆိုတော့ လာမဲ့ တနင်္လာနေ့နေ့လည် နှစ်နာရီလောက်ဆို အဆင်ပြေမယ်ထင်တယ်။ ခဏလေးနော်”

သူ့စားပွဲမှ Secretary ထံဖုန်းဆက်ခေါ်လိုက်သည်။ ခဏနေတော့ ဖိုင်လေးကို ကိုင်ထားသောချစ်စရာကောင်မလေးတစ်ယောက် ရောက်လာသည်။

“သစင် ကိုယ် Monday နှစ်နာရီလောက် ဘာ Appointment တွေရှိလဲ”

“မရှိပါဘူး ဆရာ”

“အိုကေ ယွန်း' ဒါဆို confirm ဖြစ်သွားပြီ”

www.burmeseclassic.com

www.burmeseclassic.com



တနလာင်္နေ့ နေ့လည်နှစ်နာရီသေချာသွားကြောင်း အောင်မင်းခန့်က ယွန်းကို ပြောပြလိုက်သည်။

"ကျေးဇူးပဲ ဇွဲရာ။ မင်းက ငါ့အတွက်ဆို အမြဲ အကူအညီပေးတယ်။ မင်းတို့ ထမင်းစားပြီးမှပြန် လေ။ ငါမင်းတို့ကို ထမင်းလိုက်ကျွေးချင်လို့။"

ဇွဲက ယွန်းကို ဘယ်လိုသဘောရလဲဆိုသည့် ပုံစံမျိုး တစ်ချက် လှမ်းကြည့်သည်။

"ဇွဲ နေရင်နေခဲ့လိုက်လေ၊ ယွန်းက သူငယ်ချင်း တစ်ယောက်နဲ့ချိန်းထားတာရှိလို့ ပြန်လိုက်ဦးမယ်။ ယွန်းကို ခွင့်ပြုပါဦးနော်"

တစ်ဆက်ထဲ အောင်မင်းခန့်ကိုပါနှုတ်ဆက်၍ ပိုက်ဆံအိတ်လေး ကောက်လွယ်ကာ ပြန်ဖို့ မတ် တတ်ရပ်လိုက်သည်။ ဇွဲလည်းမနေနိုင်တော့ဘဲ...

"အောင်မင်းခန့် ငါလည်းအချိန်မရလို့ နောက်တော့ မှပဲ စားတော့မယ်"

"ဒါဆို ငါတို့နောက်မှအေးဆေးဆုံကြတာပေါ့"

ဇွဲနှင့် ယွန်းလည်း အောင်မင်းခန့်ကို နှုတ်ဆက်ကာ ထပြန်လာခဲ့တော့သည်။ ကားပေါ်ရောက်သည်နှင့် သိချင်



စိတ်ကို မနည်းမြိုသိပ်ထားရသော ဇွဲက မေးပါတော့သည်ပဲ...

"ဟဲ့ ဒီလောက် ဂွင်ကောင်းနေတာကို နင်ကဘာလို့ မလိုက်တာလဲ။"

"နင် နားမလည်ပါဘူး ဇွဲရယ်။ တစ်ခါထဲလိုက် သွားရင် သူက ငါ့ကို အလုပ်နဲ့ပတ်သတ်တဲ့လူ

တစ်ယောက်ကို ထမင်းလိုက်ကျွေးသလိုပဲ သဘော ထားမှာ။ ဒီလိုလိုက်မစားတော့ မာနကြီးတယ် ဘာညာဆိုပြီး သူ့ရင်ထဲမှာ အနည်းနဲ့အများတော့ အမှတ်တရဖြစ်နေမှာပဲ။ အဲလိုဆို ငါနဲ့နောက်တစ် ကြိမ်တွေ့ရင် ဒီလိုပုံစံမဟုတ်ပဲ အရမ်းရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လို ဖြစ်သွားလိမ့်မယ်"

ကားမောင်းရင်းနှင့်ပင် သဘောပေါက်သွားသော ဇွဲက ခေါင်းတငြိမ့်ငြိမ့်နှင့် ..

"တနလာင်္နေ့အတွက်ချိန်ထားတာပေါ့ ဟုတ်လား"

"နီး... နင်ထပ်လွဲပြန်ပြီ။ တနလာင်္နေ့ကျရင် ငါမသွားဘူး။ အဖြူကိုသေသေချာချာတွေ့ချင်ရင် အမည်းနဲ့တွဲပြရတယ်။ အရောင်းလောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုပဲ လွှတ်လိုက်မှာ။ ဒါမှ . .
အပြောအဆိုအရည်အချင်း ဘယ်လိုကွာတယ်ဆို
တာ သူ သိမှာ။ ငါတို့ ကုမ္ပဏီပစ္စည်းတွေက
နောက်လည်း သူ ဝယ်ကိုဝယ်ရမဲ့ ဟာတွေပဲဟာ
နောက်မင်္ဂချင်လည်း ဆုံရဦးမှာပေါ့။ ရှေ့တစ်လှမ်း
တိုးဖို့အတွက် နောက်နှစ်လှမ်းဆုတ်တဲ့သဘော
ပေါ့ဟာ"

အင်မတန်မှ ချက်ကျလက်ကျတွက်ထားသော သူမကို ကျွန်တော်ပင် နည်းနည်းလန့်လာသည်။ မိန်းမတွေ၏စိတ်က ရာသီဥတုနှင့်တူသည် ဆိုတာကို လက်ခံရတော့မည်။ မှန်းဆရန် ခက်ခဲလွန်းပါသည်။ ကျွန်တော်ဖတ်ဖူးသော စာအုပ်တစ်အုပ်ထဲကလိုပေါ့........

*မိန်းမတွေရဲ့စကား ဘာသာပြန်အဘိဓာန်*

မိန်းမပြော —ကျုပ်တို့ စကားပြောရအောင်
ဆိုလိုရင်းအစစ်—ကျုပ်ရှင့်ကိုမကျေနပ်တာရှိတယ်။
မိန်းမအပြော မီးဖိုချောင်က သိပ်အဆင်မပြေ
တော့ဘူး။
ဆိုလိုရင်းအစစ် ကျုပ်အိမ်အသစ်လိုချင်တယ်။



မိန်းမအပြော —ရှင်ကျွန်မကိုချစ်လားဟင်။
ဆိုလိုရင်းအစစ်— ဈေးကြီးတာတွေ ဝယ်ခိုင်းချင်
လိုက်တာ။
မိန်းမအပြော —ကျွန်မ ဝ သလားဟင်။
ဆိုလိုရင်းအစစ် —ကျွန်မကိုလှလိုက်တာလို့ပြော
ပေးပါ။

ကဲ... ကြည့်ပါဦး ရိုးရိုးပြောလို့ရသောစကားများကို ကွေ့ဝိုက်ပြီးမှပြောသော မိန်းမတို့၏စကားများကို နားလည်ရန် အမှန်တကယ်ကို အဘိဓာန်တစ်အုပ် ပြဌာန်းဖို့ လိုနေပြီထင်သည်။ ကျွန်တော်တို့ ယောကျ်ားတွေက ကြိုက်လျှင်ကြိုက်သည် မကြိုက်လျှင်မကြိုက်ဘူး ပွင့်လင်းသော်လည်း မိန်းမများကတော့ ကွေ့ကောက် သွယ်ဝိုက်လွန်းလှပါသည်။

"ဟဲ့ ခွဲ ဘာတွေ စဉ်းစားနေတာလဲ မနက်ဖြန်ကျရင်
တိမ်မိုးပြေးအိမ် သွားမယ်။ နင်လိုက်မို့"
"မပို့ချင်ပါဘူး"
"မပို့လို့မရဘူး.. နင်ကတိတည်လေ"
"အင်းပါကွာ"

ကားမောင်းရင်း စိတ်ရှုပ်လာသဖြင့် ခွဲ ဆံပင်များကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်ထိုးဖွလိုက်သည်။ ဖွဲ့ပုံစံကိုကြည့်ကာ ယွန်းကလည်း အားပါးတရ အော်ရယ်လေသည်။ ဖွဲ့က မကျေမနပ် ဘုရိုးရိုး လာသောအခါ ယွန်း အသည်းယားစွာ ဖွဲ့ပါးကို ခပ်နာနာ လေး ဆွဲလိမ်လိုက်လေသည်။ ကားထဲတွင်တော့ ချစ်သူ နှစ်ဦး၏ ရယ်သံများက ညံစီသွားသည်။

* * * * *

## အခန်း(၈)

အချိန်တိကျသော ဖွဲ့က ချိန်းထားတဲ့အချိန်အတိုင်း ကွက်တိရောက်လာလေသည်။ ဖွဲ့ကားလေးရောက်လာသည် နှင့် ပိုက်ဆံအိတ်လေးကောက်လွယ်ကာ ထွက်လာခဲ့သည်။ ကားနားရောက်သည်နှင့် ဖွဲ့က တံခါးလှမ်းဖွင့်ပေးလေသည်။ ဖွဲ့က ဘာလေးဖြစ်ဖြစ် အသေးစိတ်တော့ ဂရုစိုက်သည်။

"မောနင်း ဖွဲ့"

"မောနင်းပါ။ ငါအခု ဘယ်မောင်းရမှာလဲ"

"သံလွင်လမ်းကိုမောင်း ဟိုရောက်ရင် နင့်ကို ငါလမ်းပြမယ်"

"အင်း... နင့်ကိုငါလိုက်ပို့ပြီး ဘယ်အချိန်လာကြို ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟာ....နင့်ကိုဘယ်သူက ပြန်လွှတ်မယ် ပြောလို့လဲ။ ငါနဲ့မိုးပြေး ဒီနေ့ Shopping ထွက်မလို့ နင်လိုက်မောင်းပို့ပေးရမယ်နော်"

"ဟာ နင်ကလည်းဟာ ငါမလိုက်ချင်ပါဘူး။ မိန်းမနှစ်ယောက်ကြားမှာ ကန့်လန့်ကန့်လန့်ကြီးနဲ့။ နင်တစ်ယောက်ထဲဆိုလည်း ကိုယ့်ချစ်သူလေးနဲ့အတူ Shopping ထွက်တယ်ဆိုပြီး ပျော်ဖို့ကောင်းသေးတယ်။ အခုဟာက ဟိုမိန်းမကြီးပါ ပါနေတဲ့ဥစ္စာ ဘယ်လိုမှ ဖီးလ်မလာဘူး"

"ဘာမှ ဆင်ခြေပေးမနေနဲ့ လိုက်ရမှာပဲ။ ဘာမှ ဟိုမိန်းမကြီး မဟုတ်ဘူး။ အရမ်းချောတဲ့ ကောင်မလေး သဘောပေါက်။"

"သူဘယ်လောက်ချောချော ငါစိတ်မဝင်စားဘူး"

"ထားပါတော့။ ရှေ့လမ်းညာကွေ့ ဒုတိယမြောက်အိမ်ပဲ"

ကားလေးကွေ့ ဝင်လိုက်သည်နှင့် လှပခမ်းနားသော အိမ်ကြီးကိုတွေ့ ရလေသည်။ ကျယ်ဝန်းသော ခြံဝန်းကြီးတွင် နှစ်ထပ်တိုက်လှလှလေးတစ်လုံးကိုတွေ့ရလေသည်။ ကားလေးကို အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ကားရပ်လိုက်



သည်နှင့် ယွန်းကတော့ သူ့သူငယ်ချင်းကို သွားခေါ်လေသည်။ ကျွန်တော်ကတော့ ကားပေါ်မှ ဆင်းကာ ခြံကြီးကိုလှည့်ပတ်ကြည့်နေလိုက်သည်။

အိမ်လေး၏ ဘေးပတ်ပတ်လည်တွင် မြေကွက်လပ်တော်တော် များများထားကာ မြက်ခင်းများဖြင့် Landscape လုပ်ထားပုံမှာ တော်တော်ကိုလှသည်။ ခြံ၏ထောင့်တွင်တော့ ရေတံခွန်ငယ်လေးတစ်ခုကို တွေ့ရသည်။ ရေတံခွန်လေးနှင့် ဆက်ဆက်နေသော ရေကန်လေးတွင်လည်း အလှမွေးငါးများစွာကို တွေ့ရလေသည်။ ရေတံခွန်လေးဘေးနားတွင်တော့ ပန်းပေါင်းစုံ စိုက်ပျိုးထားသော ဥယျာဉ်ငယ်လေးတစ်ခုနှင့် ဒန်းလေးတစ်ခုကိုတွေ့ရသည်။

ကျွန်တော်ဒန်းလေးတွင် ထိုင်ပြီး ခြံလေး၏ အလှအပကိုလည်း ခံစားနေလိုက်သည်။ ခြံ၏ နောက်ဘက်နားမကျတကျတွင် ကြီးမားသော ခွေးလှောင်အိမ်ကြီးနဲ့အတူ လူတစ်ရပ်လောက်ရှိသော ခွေးနက်ကြီးနှစ်ကောင်ကိုလည်း မွေးထားသေးသည်။ ခဏကြာတော့ ယွန်းနှင့်အတူ အလှန်ဆွဲဆောင်မှုရှိသော ကောင်မလေးတစ်ယောက် ဆင်းလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေးက အနီရဲရဲ ကိုယ်ကြပ်အကျီနှင့် အတူ စကပ်အနက်ကျပ်ကျပ်လေးကို ဝတ်ထားလေသည်။ သူမသည် ခန္ဓာကိုယ်လှသူဖြစ်သဖြင့် သူမ၏ ခန္ဓာကိုယ် အကွေးအကောက်ကို တိတိပပကိုဖော်ပြသော အဝတ် အစားများကို ရွေးဝတ်ထားပုံရသည်။ လေးလက်မလောက် မြင့်သော ပန်ဆယ်ဟီး စီးထားသောကြောင့်လည်း သူမပုံစံ လေးက ကြွရွစတိုင်ကျနေသည်။

နှုတ်ခမ်းနီနီရဲရဲနှင့် ဆံပင်အဝါရောင် ကောက် ကောက်လေးများကြောင့် သူမသည် မြန်မာတစ်ယောက်နှင့် ပင်မတူတော့။ အသားကလည်း တော်တော်လေးဖြူသည်။ ထိုအသားဖြူဖြူပေါ်တွင် နေကာမျက်မှန်ကြီးကြီး အနက် ရောင်ကိုတပ်ထားသဖြင့် နိုင်ငံခြားကားတွေထဲက စုံထောက် အမျိုးသမီးပုံပေါက်နေသည်။ စက်ရုပ်ကားတွေထဲက စက် ရုပ်မပုံစံမျိုးနဲ့လည်း တူသေးသည်။

သူမသည် တော်တော်တော့ လှသည်။ သူမနှင့် ဘေးကပ်ရပ်တွင် ရှိသော ယွန်းကလည်းလှသည်။ ဒါပေမဲ့ ယွန်းအလှက အေးချမ်းသည်။ ရေသူမစကပ် အဖြူရောင် လေးကို ပန်းရောင်နုနုကုတ်အကျီလက်တိုလေးနှင့် တွဲဖက် ဝတ်ဆင်ထားသည်။ လေဒီရှူးအနက်လေးနှင့် ပိုက်ဆံအိတ်



အနက်ပြားပြားလေးကို ကိုင်ထားသော ယွန်းအလှက မြင် တဲ့လူတိုင်း၏ ရင်ကိုငြိမ်းချမ်းစေသည်။ ကျက်သရေရှိသော အလှဖြစ်သည်။ ယွန်းနှင့် မိုးပြေးကို ယှဉ်၍တွေ့ရခြင်းသည် လနှင့်နေကိုတပြိုင်နက်ထဲတွေ့ ရတာနှင့်တူသည်။

တစ်လှမ်းချင်းလျှောက်လာသော ကျွန်တော် သူတို့ အနားကိုရောက်သည်နှင့် ယွန်းက ကျွန်တော်ကို သူမ၏ ချစ်လှစွာသော သူငယ်ချင်း တိမ်မိုးပြေးနှင့် စတင် မိတ် ဆက်ပေးလေသည်။

"ဖွဲ့ နင့်ကို ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်။
ဒါ ငါ့အချစ်ဆုံးသူငယ်ချင်း တိမ်မိုးပြေးတဲ့
မှတ်ထား"

"မိုးပြေး သူ့နာမည်က ဖွဲ့ထက်မာန်။ ငါကတော့
ဖွဲ့လို့ပဲခေါ်တယ်"

မိုးပြေးကပြုံး၍ ဖွဲ့ကို လက်ကမ်းပေးကာ နှုတ်ဆက် လိုက်လေသည်။

" nice to meet you"

ဖွဲ့ကတော့ လက်ဆွဲမနှုတ်ဆက်တဲ့အပြင် လက် ကိုပင် နောက်ပစ်လိုက်သေးသည်။

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် မတိမ်မိုးပြေး"

www.burmeseclassic.com

www.burmeseclassic.com



"မိုးပြေးကို ကျေးဇူးပြုပြီး မ တပ်မခေါ်ပါနဲ့နော်။ မိုးပြေးကို မိုးပြေး လို့ခေါ်တာပဲကြိုက်တယ်"

"ကောင်းပါပြီ။ ယွန်းဘယ်သွားမလဲ"

"ယုဇနပလာဇာ သွားမယ် ဖွဲ့"

"အင်း..အင်း..."

ယွန်းလည်း မိုးပြေးနှင့် ဖွဲ့ကြားတွင် အနေကြပ်စွာနှင့် ပါလာလေသည်။ တလမ်းလုံးလည်း မိုးပြေးကသာ စကားပြော၍ ယွန်းကတော့ ဘာကိုစိုးရိမ်နေမှန်းမသိ စိုးရိမ်နေလေသည်။

ယုဇနပလာဇာ ရောက်တော့လည်း ဖွဲ့က ယွန်း ဝယ်သမျှကိုတော့ ဝိုင်းဆွဲပေးကာ မိုးပြေးကိုတော့ မသိချင်ယောင်ဆောင်နေသဖြင့် ကြားထဲက ယွန်းက မနေနိုင်ပဲ ဝိုင်းဆွဲပေးရသည်။ အားလုံးလျှောက်ကြည့်၍ မောလာချိန်မှာတော့ ယွန်းတို့အားလုံး ယုဇန စားသောက်ဆိုင်လေးသို့ ဝင်လာကြသည်။

"ဘာများ သုံးဆောင်ကြပါမလဲ ခင်ဗျာ"

"ယွန်း ဘာစားမလဲ"

ဖွဲ့က ယွန်းကို မေးလည်းမေး menu ကိုပါကောက်ဆွဲကာ တစ်ခုချင်းအော်ကာ ယွန်းကို ဖတ်ပြနေသည်။



ခါတိုင်းလည်း ဒီလိုပဲလုပ်နေကျဆိုသော်လည်း မိုးပြေးပါ အတူပါလာသဖြင့် မိုးပြေးကို အားနာသွားသည်။ ယွန်းလည်း မြန်မြန်ပြီး အေးရော သတော့ဖြင့် ယိုးဒယားထမင်းကြော်နှင့် သံပုရာရည်သာ မှာလိုက်သည်။

"ယွန်းကလည်း ယိုးဒယားထမင်းကြော်က အစပ်များတယ်။ တခြားဟာ စားနော်"

"ဖွဲ့ကလည်း ဒါပဲကြိုက်တာကို ။ မရဘူး ယိုးဒယားထမင်းကြော်ပဲ စားမယ်"

"ပြီးရင် ဗိုက်အောင့်တယ် ဘာညာပြောဦးမယ်"

"ရတယ် အစ်ကို ကျွန်တော် အစပ်လျှော့ပြီးကြော်ခိုင်းလိုက်မယ်"

"အေး..ကောင်းတယ်"

မိုးပြေးရှေ့တွင် အကဲပိုနေသော သူတို့နှစ်ဦးကို အမြင်ကတ်လာသည်။

"ကဲ ရှင်တို့နှစ်ယောက်ပြီးရင် မိုးပြေးလည်း မှာမယ်နော်။ မိုးပြေးကို menu လေးတစ်ချက်လောက်ပေးပါဦး"

"ကျွန်တော် မမှာရသေးဘူး"

တစ်စက်ကလေးမှ အားနာဝမှုမရှိသော ဖွဲ့ကတော့ ပွင့်ပွင့်လင်းလင်းကြီးကို ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ကလည်း Lady first လေကွာ"

ယွန်းက ဖွဲ့ကိုပြောရင်း ဖွဲ့လက်ထဲမှ စာအုပ်လေးကို ပါယူကာ မိုးပြေးကိုပေးလိုက်သည်။ ဖွဲ့အတွက်လည်း သူကြိုက်သော မြီးရှည်တစ်ပွဲကိုပါ တစ်ခါထဲမှာပေးလိုက်သည်။ ယွန်းမှာပေးတော့မှ ပွဲအနည်းငယ် ကျေနပ်သွားတော့သည်။

"ဒီကိုလည်း မြီးရှည်တစ်ပွဲပဲပေးနော်"

မိုးပြေးက ဘယ်တုန်းကမှ ရှမ်းအစားအစာများ မစားသဖြင့် ယွန်းပင် မျက်လုံးပြူးသွားလေသည်။

"ဖွဲ့ ရှင့်ကို တစ်ခုမေးရဦးမယ်။ ရှင့်မှာ မောင်နှမရှိလား။ မိုးပြေး အထင်တော့ ရှင်က တစ်ဦးတည်းသောသား ဖြစ်ရမယ်။ ဟုတ်လား"

"အင်း ဟုတ်တယ်"

"မိုးပြေး တော်တယ်မှတ်လား။ တစ်ခါထဲတွေ့ဘူး ရုံနဲ့ ခန့်မှန်းနိုင်တယ်"

"ကြက်ကန်းများ"

ဖွဲ့က မကြားတကြား လှမ်းပြောလိုက်သဖြင့် ယွန်းက မြန်မြန်ဝင်ထိန်းလိုက်ရသည်။

"တော်တာပေါ့ မိုးပြေးရယ်။ ယွန်းဆို သူနဲ့ခင်ပြီး တော်တော်ကြာမှ သိတာ"



"ဟုတ်လား။ ယွန်းက ယောကျ်ားလေးတွေ အကြောင်း သိပ်မှမသိတာ"

ဟုတ်တာပေါ့။ မင်းလို မိန်းမလည်း သိန်းကြွယ်မှ မဟုတ်တာ။ အမြင်ကတ်ကတ်နှင့် စိတ်ထဲက ကြိတ်တွေးလိုက်သည်။ ယွန်းကတော့ သူ့ကိုငတုံးငအ သဘောမျိုးပြောနေတာကိုလည်း သိပုံမရ။ သူ့ သူငယ်ချင်းကို တော်တော်ကြီးကို ခင်ပုံရသည်။

"ယွန်းနဲ့ဖွဲ့က ဘယ်လိုခင်တာလဲ ပြောပြပါလား"

"အင်း... ယွန်း ဆယ်တန်းအောင်ပြီးမိုးပြေးလည်း မရှိတော့ တစ်ယောက်ထဲ သင်တန်းတွေလျှောက်တက်ရတာပေါ့။ သင်တန်းတွေတက်ရင်းနဲ့ ဖွဲ့နဲ့ တွေ့ပြီးခင်လာတာ။ ပြီးတော့ ယွန်းမေမေနဲ့ ဖွဲ့မေမေကငယ်သူငယ်ချင်းတွေလေ။ မေမေဈေးသွားရင်း ဖွဲ့မေမေနဲ့ တွေ့ပြီး အန်တီက ယွန်းတို့အိမ်ကို လိုက်လည်တာ။ ညနေ ဖွဲ့လာကြိုမှ လူကြီးချင်း ပါသိနေမှန်း သိကြတာ"

"အော် ဒါကြောင့် ရှင်တို့နှစ်ယောက်က အရမ်းခင်နေကြတာကိုး။ ဘာပဲပြောပြော ဖွဲ့ ရှင် ကျွန်မကို ကျေးဇူးတင်သင့်တယ်။ ကျွန်မသာအဲဒီအချိန်တုန်းက ဒီနိုင်ငံမှာသာရှိရင် ရှင် ယွန်းလို့ ခင်မင်ခွင့်ရမှာ မဟုတ်ဘူး။"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တာပဲ ခင်ဗျားက ကံကြမ္မာကိုပိုင်လို့လား။ ရေစက်ရှိရင်တော့ ဘယ်လိုမဆုံချင်ချင်ဆုံရမှာပဲ"

"ရှင်ကလည်း နည်းနည်းမှ စလို့မရဘူး။ ဘာဖြစ်နေမှန်းကို မသိဘူးဘာလဲ ဒါကြောင့် အခုလည်း ရေစက်ရှိလို့ မဆုံချင်ဘဲ မိုးပြေးနဲ့လာဆုံနေတယ်လို့ ပြောချင်လို့လား"

ပြောမလို့ ဟန်ပြင်လိုက်သောခွဲကို ယွန်း တက်နင်းလိုက်သည်။ ကိုယ်ရှိန်သတ်သွားပုံရသော ခွဲက ...

"အဲလိုတော့လည်း မဟုတ်ပါဘူး"

"ဒါဆို ဒီနေ့ကစပြီး ကိုယ်တို့ သူငယ်ချင်းတွေပေါ့ ဟုတ်ပြီလား"

"အင်း.."

ခွဲ၏ အင်းဆိုသော အသံကြီးက အီလည်လည်ကြီး ဖြစ်နေသည်။

"ခွဲ ဖုန်းနံပါတ် မိုးပြေးကိုပေး"

"၀၉၅၁၉× × × ×"

မိုးပြေး တစ်ခါထဲဖုန်းလေးထုတ်ကာ ဖုန်းနံပါတ်ကို မှတ်ထားလိုက်သည်။ ခွဲကလည်း ဖုန်းမြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။



"မကိုင်နဲ့။ မိုးပြေး miss call ပို့လိုက်တာ။ မိုးပြေး ဖုန်းနံပါတ် မှတ်ထားနော်။ သူငယ်ချင်းတွေဖြစ်သွားပြီဆိုတော့ ဒီနေ့ကစပြီး ခင်ခင်မင်မင်နေမယ်နော်။ အကူအညီလိုရင်လည်း ပေးရမယ်"

ဘယ်လိုမှ ပြောရန် မသင့်တော်တော့သဖြင့် ခေါင်းငြိမ့်ပြလိုက်သည်။ မတတ်နိုင် နောက်ကိစ္စ နောက်မှ ရှင်းမည်။ အခုတော့ နားအေးကာ ထပြန်လာကြတာကိုပင် တော်တော်ကျေးဇူးတင်နေမိသည်။ ဖျစ်ချွဲချွဲ သူမ စကားသံများက တခြားယောကျ်ားလေးများအဖို့တော့ တစ်ထိုင်တည်းတွင် ယိုင်ကျနိုင်သည်။ ကျွန်တော်အတွက်တော့ နားကလောသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဒီနေ့မှလည်း ယွန်းတို့ ရုံးမှာ အလုပ်တွေများလှပါသည်။ များတာလည်း မပြောနဲ့လေ ဒီလို ကုန်ပစ္စည်းချသောနေ့မျိုးတွင် ကုမ္ပဏီရှိလူ အားလုံးအလုပ်များသောနေ့ဖြစ်လေသည်။ ယွန်း၏သူဌေးနှင့် ယွန်းလည်း အခုအချိန်ထိ မနက်စာကိုပင်မစားကြရသေး။

ယွန်းဟန်းဖုန်းလေးမည်လာသဖြင့် ယွန်းကောက်ကိုင်လိုက်သည်။

"မယွန်းပန်းလားမသိဘူး"

"ဟုတ်ကဲ့ ယွန်းပြောနေပါတယ်"

"ကျွန်တော် အောင်မင်းခန့်ပါ"





"ဟုတ်ကဲ့ ကိုအောင်မင်းခန့် ပြောပါရှင်"

"ယွန်းကို တစ်ခုလောက် ပြောချင်လို့ပါ။ ကျွန်တော်မှာလိုက်တဲ့ Chemical တွေမှားပို့လို့၊ ကျွန်တော်ကလည်း ပါကင်ဖောက်ပြီးသွားပြီဆိုတော့ ဘယ်လိုလုပ်ရမလဲမသိလို့ ယွန်းကို လှမ်းမေးကြည့်တာပါ"

"ဟုတ်လား။ ယွန်းက အခု ကုန်ပစ္စည်းတွေချနေတော့ ဆိပ်ကမ်းကိုရောက်နေတာ။ ဒီလိုလုပ်ပါလား။ ယွန်း သုံးနာရီလောက် ရုံးပြန်ရောက်မှာ။ ယွန်းရောက်ရင် ရုံးကလူတွေကိုမေးပြီး ချက်ချင်းအကြောင်းပြန်ပေးပါ့မယ်နော်။ အခုလောလောဆယ်တော့ ဒီအတိုင်းလေးပဲထားထားပေးပါ"

"ကောင်းပါပြီဗျာ။ ကျေးဇူးတင်ပါတယ်"

ယွန်းအလုပ်ပြီး၍ ရုံးရောက်သည်နှင့် ပထမဆုံးလုပ်ရတာက ကိုအောင်မင်းခန့်တို့ Forever Construction Company ၏အမှာစာကို အရင်စစ်ကြည့်လိုက်သည်။ ယွန်းတို့ဘက်က မှားတာမဟုတ် Chemical တွေ၏ code နံပါတ်တွေကို မှားရိုက်လိုက်ခြင်းဖြစ်သည်။ ၀၀၆၄၂ ကို ရိုက်ရမှာကို ၀၀၄၆၂ ဟု ကိုအောင်မင်းခန့်တို့ဘက်မှ မှားရိုက်လိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နံပါတ်မှားတာနှင့် အားလုံးဒုက္ခရောက်ကုန်သည်။

ယွန်း ချက်ချင်း ဒီChemical ကိုအမြဲဝယ်နေသော ယွန်း Customer ဆီ ဖုန်းဆက်လိုက်သည်။ ကံကောင်းစွာပင် သူတို့ကလည်း လိုနေသောအချိန်ဖြစ်သဖြင့် အကျိုးအကြောင်းရှင်းပြရုံဖြင့် အားလုံးအဆင်ပြေသွားသည်။ ပြီးသည်နှင့် ယွန်း ကိုအောင်မင်းခန့်ထံသို့ ဖုန်းဆက်လိုက်သည်။

"ဟလို"

"ယွန်းပါ ကိုအောင်မင်းခန့်။ ယွန်းရုံးရောက်တော့ အော်ဒါစစ်လိုက်တော့ အော်ဒါမှားမှာတာ ဖြစ်နေတယ်"

"ဟုတ်တယ် ယွန်းရယ် ကျွန်တော့် စက္ကူထရီမှားရိုက်လိုက်တာ"

"ဟုတ်ကဲ့ အခုတော့ ယွန်း ဝယ်နေကျဖောက်သည်ကို အကူအညီတောင်း ကြည့်တော့ သူ ယူပေးမယ်ဆိုတော့ အဆင်ပြေသွားတာပေါ့"

"ဟုတ်လား တော်သေးတာပေါ့"



"ယွန်း အခု ကိုအောင်မင်းခန့်တို့လိုတဲ့ Chemical လဲပို့ပေးလိုက်ပါတယ်။ နောက်နာရီဝက်လောက်နေရင်ရောက်လာပါလိမ့်မယ်။ အားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"မဟုတ်တာ အခုလို Customer စိတ်တိုင်းကျဆောင်ရွက်ပေးတဲ့ ယွန်းကိုပဲ ကျေးဇူးတင်ရမှာပါ။ အော်...ယွန်းကို တစ်ခါထဲဖိတ်ရဦးမယ်

ကျွန်တော်တို့ အိမ်မှာ ဘုရားကိုးဆူပင့်လို့ကြွခဲ့ပါဦးနော်။ ဖွဲ့ကိုလည်း ကျွန်တော်ဖိတ်ထားပါတယ်။ ယွန်းလည်း လာခဲ့နော်။'

"ဟုတ်ကဲ့ ယွန်းလာခဲ့ပါမယ်။ ဘယ်နေ့လဲ မသိဘူး"

"ဗုဒ္ဓဟူးနေ့ပါ၊ လိပ်စာက.."

"ရပါတယ်။ ယွန်း ဖွဲ့ကိုပဲလာကြိုခိုင်းလိုက်မယ်"

"ပိုအဆင်ပြေတာပေါ့"

"ဟုတ်ကဲ့ ဒါဆို ယွန်း ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ"

ယွန်းတစ်ချက်တော့ ပြုံးမိသွားသည်။ ယွန်းဘာမှ

www.burmeseclassic.com

www.burmeseclassic.com



အားမထုတ်ရသေးဘဲကို ကံကြမ္မာက ယွန်းဘက်တွင် ရှိနေသည်။

ညနေကျမှ ဒီကိစ္စကို ခွဲအား ပြော၍ ကြွားရမည်။

~ ~ ~ ~ ~

## အခန်း(၁၀)

ရေချိုးခန်းကထွက်ထွက်ချင်း ဖုန်းမြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။ ယွန်းဆီကများလား။ ဖုန်းနံပါတ်ကို မြင်တာနှင့် ယွန်းမဟုတ်မှန်းတော့ သိလိုက်သည်။ ဘယ်သူ့ဆီက ဖုန်းမှန်းမသိသဖြင့် ကောက်ကိုင်လိုက်သည်။

"ဟလို"

"ဘာတွေလုပ်"

သွားပါပြီ ဟိုပျစ်ချွဲမဆီကဖုန်း။ သူမဖုန်းမှန်း မသိလို့ ကိုင်မိတာ။ သူမဖုန်းခေါ်တုန်းက နံပါတ်ခမ့်မှတ်ထားမိတာကိုပင် ကိုယ့်ကိုယ်ကို ကျိန်ဆဲမိသည်။ အသံကြားရုံနှင့် သူမမှန်းသိသာလှသည်။ အသံကိုက ကပ်စီးနဲ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တရော်ပုံးလိုက် အလောင်းခံလိုက်ရသလို မှုန်ရွဲနေသည်။

"ဘာမှမလုပ်ဘူး"

"အသံကလည်း ဘာဖြစ်နေတာလဲ။ ဘယ်သူနဲ့ ရန်ဖြစ်ထားလို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ဟုတ်ပါပြီ ဘာမှမဖြစ်ရင်လည်း ပြီးတာပဲ"

သူမ တစ်ချက်ငြိမ်သွားသည်။ ကျွန်တော်လည်း ဘာပြောရမှန်းမသိ၍ ငြိမ်နေလိုက်သည်။

"စကားပြောလေ။ဖွဲကလည်း ယွန်းကို ခင်သလို မိုးပြေးကို ခင်ပါဆို"

"မတူဘူးဗျ။ ယွန်းက ကျွန်တော်ရဲ့ အချစ်ရဆုံး... သူငယ်ချင်း"

အချစ်ရဆုံးချစ်သူလို့ ပြောမိတော့မည်ဖြစ်သဖြင့် မြန်မြန် ကိုယ့်ပါးစပ်ကိုယ် ဘာရိုက်အုပ်လိုက်ရသည်။ အရမ်း လျှင်ပုံရသော သူမကလည်း မသိပဲနေမည်မထင်။ ကြည့်ရတာ သူမစိတ်ထဲတွင် ကျွန်တော်က ယွန်းကိုကြိုက်နေသည်လို့တော့ ထင်သွားနိုင်သည်။ ဒါလည်းကောင်းတာပဲ။ ဒါမှ သူမအခုထဲက ကျွန်တော့် စိတ်ကို ရှင်းရှင်းလင်းလင်း သိထားသဖြင့် ပြဿနာ မရှုပ်တော့မှာ။



ကျွန်မ နည်းနည်းတော့ အံ့ဩသွားသည်။ ကျွန်မ ရှေ့တွင် တခြား မိန်းကလေးတစ်ယောက်ကို အသေအလဲ ကြွေနေပုံပြနေသော သူပုံစံကို အမြင်လည်းကပ်သည်။ ယွန်းအထင်လွဲမှာစိုး၍ပင် ကျွန်မကို တူးတူးခါးခါး ဆက်ဆံနေသော သူ့ပုံစံက ကျွန်မ၏မာနကို လာဆွနေသည်။ မိုးပြေးဘေးမှာ ခွဲထက်သာသော ယောကျ်ားတွေ ထုနဲ့ဒေးပါ။ ယွန်းနှင့်ယှဉ်လျှင် မိုးပြေးက ဘယ်အရာမဆိုသာသည်။ မိုးပြေးက ယွန်းထက်လှသည်။တကယ်ဆို မိုးပြေး၏အလှက နေမင်းကြီးလို ထွန်းတောက်ပသောအလှဖြစ်ပြီး ယွန်းက မီးလုံးလေးတစ်လုံး၏ အလင်းလောက်သာရှိသောအလှမျိုး ဖြစ်သည်။

"မိုးပြေးတစ်ခုမေးမယ်။ စိတ်မဆိုးရဘူးနော်"

"ဟုတ်ကဲ့ မေးပါ"

"ရှင် ယွန်းကို ချစ်နေတာလား"

"ဟုတ်တယ်"

"ဟား ဟား.."

"ခင်ဗျား ဘာရယ်တာလဲဗျ"

ဖွဲ့အသံက ဒေါသဖြင့်အနည်းငယ် ကျယ်လောင် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါရှင် ကျွန်မနားမလေးပါဘူး။ ရှင် အချစ်ဆိုတာကို သိလို့လား"

"ဘာလို့ မသိရမှာလဲ"

"ကဲ ဒါဆို ရှင် ဘယ်လိုခံစားချက်တွေကြောင့် ယွန်းကိုချစ်တယ်လို့ ပြောနိုင်တာလဲ။"

"ကျွန်တော် ယွန်းနဲ့တွေ့ရင် စိတ်ချမ်းသာတယ်။ ယွန်းအသံလေးကြားရရင်ကို အလိုလိုပျော်လာတယ်။ ယွန်းနဲ့ရန်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ယွန်းနဲ့ ပတ်သက်ရတယ်ဆိုတဲ့ ခံစားချက်လေးက ကျွန်တော့်ရင်ကြည်နူးစေတယ်။ သူစိတ်ဆိုးရင် နှုတ်ခမ်းထော်ထော်လေးနဲ့ ကျွန်တော့်ကို ကက်ကက်လန် ရန်တွေ့တဲ့ပုံလေးကို ချစ်တယ်။ ဒါကြောင့် သူ့ကို ကျွန်တော် အမြဲစိတ်ဆိုးအောင် စတယ်။"

သူ့ချစ်သူအကြောင်းပြော နေရသဖြင့် အားတက်သရောရှိလှသော ဖွဲ့ကိုကြည့်ကာ မိုးပြေးပင် အလိုလိုပျော်လာသည်။ အခုအချိန်များ အပြင်မှာတွေ့ခွင့်ရပါက ချစ်ရည်လဲ့နေသော သူ့မျက်ဝန်းတောက်တောက်လေးများကိုပါ မြင်



ခွင့်ရမည်ဖြစ်သည်။ ဒါပေမဲ့ အကဲပိုလှသော ဖွဲ့ကို အမြင်ကတ်စွာ မိုးပြေး တမင်ရန်စလိုက်သည်။

"ရှင်ဟာကလည်း ယွန်းကိုချစ်တာမှ မဟုတ်ပဲ။ ရှင့်ကိုယ်ရှင် ချစ်တာပဲ။ အခုရှင်ပြောပဲ ကြည့်လေ။ ယွန်းကိုမြင်ရင် ရှင် စိတ်ချမ်းသာတယ်။ ယွန်းအသံကြားရင် ရှင်ပျော်တယ်။ယွန်းစိတ်ဆိုးတဲ့ ပုံလေးကိုသဘောကျတယ်။ ဒါကြောင့် ယွန်းစိတ်ဆိုးအောင်စတယ်။ ဒါတွေအားလုံးမှာ ဘယ်တစ်ခုကမှ ယွန်းကိုချစ်တာမဟုတ်ဘူး။ရှင့်ကိုယ်ရှင် ချစ်လို့ ရှင်စိတ်ကို ချမ်းသာစေတဲ့ ယွန်းကို ချစ်တာ။"

"ခင်ဗျား မဟုတ်တာတွေ လျှောက်မပြောနဲ့။"

နည်းနည်းစရုံဖြင့် ရှုးရှုးရှဲရှဲဖြစ်လာသော ဖွဲ့ကို ကြည့်ကာ မိုးပြေးသဘောကျလာသည်။ တကယ်တော့ ဖွဲ့က ကလေးတစ်ယောက်နှင့်တူသည်။ အခုခေတ်တွင် အလွန်ရှားပါးသော ရိုးသားသည့် ယောကျ်ားလေး တစ်ယောက် ဖြစ်သည်။ ဒါတွေကို ယွန်းကတော့ သိမှာမဟုတ်။ မိုးပြေးကသာ အတွေ့အကြုံအရ စကားနစ်ခွန်းလောက် ပြောကြည့်ရုံနှင့် ခန့်မှန်းနိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အော်.. တကယ်ပြောတာ။ တကယ်တော့ အချစ်ဆိုတာ ဘာနဲ့တူလဲသိလား။အကျီတစ်ထည်နဲ့ တူတယ်။ သစ်တုန်းတော့ တန်ဖိုးထားပြီးဝတ်ကြတယ်။ ဟောင်းလာပြီဆိုတာနဲ့ နောက် တစ်ထည်ထပ် ပြောင်းဝတ်ချင်လာကြတာပဲ။ အချစ်ဆိုတဲ့အရာကလည်း အဲလိုပဲချစ်နေတဲ့အချိန် ခဏလေးမှာတော့ တန်ဖိုးတွေ ရှိကြတယ်။ နောက်ထပ် ဒီဇိုင်းတွေ ပုံစံတွေမိုက်တာလည်း တွေ့ရော ဒီအထည်ကြီးက ဟောင်းနွမ်းလာပြီး နောက် အသစ်တစ်ထည်ကို မက်မောပြီး လိုချင်လာကြပြန်ရော။ ဒို့ကတော့ အချစ်ကို ဒါကြောင့် အကျီတစ်ထည်လိုပဲ သဘောထားတယ်။ ကိုယ့်အတွက် အဆင်ပြေမယ် စိတ်ကျေနပ်မယ်ဆို ဝတ်မယ်။ ကိုယ် သဘောမကျတော့ဘူး မနှစ်မြို့တော့ဘူး ဆိုတာနဲ့ ချက်ချင်း စွန့်ပစ်လိုက်တော့တာပဲ။"

"မင်းအတွေးအခေါ်တွေက မဟုတ်သေးပါဘူး။ မင်း ဒီလိုသာ ထင်နေရင် ဘယ်တော့မှ အချစ်စစ်အချစ်မှန်ကို တွေ့မှာမဟုတ်ဘူး။ တကယ်တော့ လူတစ်ဦးတစ်ယောက်ဆီကအပြုံး



ကို လိုချင်ရင် မင်းကိုယ်တိုင်အရင်ပြုံးပြတတ်ရမယ်။ မဟုတ်ရင်တော့ မင်းလိုချင်တဲ့ရိုးသားတဲ့ အပြုံးတွေကို မင်းဘယ်တော့မှ ရမှာ မဟုတ်ဘူး။ မင်းအမြဲပဲ အတုအယောင်တွေပဲ ရလိမ့်မယ်"

"ရှင်က ဒါလောကနိယာမတွေပြောနေတာပါကွာ။ တစ်ကယ်တော့ နိယာမတိုင်းကတော့ မမှန်ကြဘူး။ ရှင်သိလား ဒီအသိတရားတွေကို ဒို့က ဘဝနဲ့ရင်းပြီး သိခဲ့ရတာ။ ဒို့ဖေဖေက နိုင်ငံခြားမှာ အလုပ်လုပ်ရင်း သူနဲ့အလုပ်အတူလုပ်တဲ့ မိန်းမနဲ့ လက်ထပ်လိုက်တယ်။ မေမေကတော့ မေမေ အားငယ်နေချိန်မှာ အားပေးကူညီခဲ့တဲ့ ဖေဖေ့ သူငယ်ချင်းနဲ့ လက်ထပ်လိုက်တယ်။ ဒါကြောင့် ဒို့ကလည်း လူမှန်းသိတတ်စ အချိန်လောက်ထဲ ဖေဖေ့ညီမလက်ပေါ်တွင် ကြီးခဲ့ရတာ။ ရှင်ပြောတဲ့ အပြုံးတွေဆိုတာ ဘယ်မှာလဲ။ မေမေနဲ့ ဖေဖေက သူတို့ချင်း ချစ်ကြိုက်ကြလွန်းလို့ လူကြီးတွေ သဘောမတူတဲ့ ကြားထဲက ခိုးပြေးခဲ့ကြတာ။ ဒါပေမဲ့ ဘယ်မှာခိုင်မြဲလို့လဲ။ ဒို့ပြောသလိုပဲ နောက်ထပ်အသစ်လည်းတွေ့ရော

www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေ ဘာတွေတောင် ထည့်မစဉ်းစားဘဲ လုပ်ချင်တာ လုပ်သွားကြတာပဲမှတ်လား။"

"မင်းက မင်းမိသားစုတစ်စုထဲကို ဘောင်ခတ်ကြည့်တာကို။ လောကမှာ ကျိုးကန်းတိုင်းကမည်း ချင်မည်းမယ်။ အမည်းတိုင်းကတော့ ကျိုးကန်းမဟုတ်ဘူး။ မင်းပြောသလို အကျီတစ်ထည်ပဲ ထားပါတော့ တစ်သက်လုံးမှာ တန်ဖိုးမဖြတ်နိုင်တဲ့ တော်ဝင်တဲ့အကျီတွေလည်း အများကြီးပါ။ ဥပမာကွာ ကိုယ်မင်္ဂလာဆောင်ခဲ့တဲ့ သတို့သား၊ သတို့သမီးအကျီတွေဆို ဘယ်သူမှ စွန့်ပစ်မှာ မဟုတ်ဘူး။ မဝတ်တော့ရင်တောင်သေသေချာချာ သပ်သပ်ရပ်ရပ် တခမ်းတနား သိမ်းထားကြမှာပဲ။ အရေးကြီးတာ ကိုယ်ကိုယ်တိုင်က ဒီလိုတန်ဖိုးထားသိမ်းခံရအောင် စံမှီနေဖို့ပဲ။ သူများကို လက်ညှိုးထိုးတာထက် မင်းစိတ်ကို မင်းပြင်လိုက်ရင်ပိုမကောင်းဘူးလား"

"ရှင့်စကားတွေကဒို့ကို စဉ်းစားစရာတွေအများကြီးပေးသလိုပဲ။ ကောင်းပါပြီ ကိုယ်သေချာပြန်စဉ်းစားကြည့်ပါမယ်။ ဒါပဲနော်။ ကိုယ်ဖုန်းချလိုက်တော့မယ်"



ကျွန်တော့်ရင်ထဲမှာတော့ မိုးပြေးအပေါ် အရင်လောက် အမြင်မကြည်လင်ခြင်းမျိုးတော့ မရှိတော့ချေ။ အမှန်းမီးတောက်တွေ တောက်လောင်နေသော သူမကိုလည်း ယွန်းလို အေးအေးချမ်းချမ်းလေး ဖြစ်စေချင်သည်။

ဖုန်းချပြီးပြီးချင်း ဖုန်းလာသံကြားသဖြင့် ကောက်ကိုင်လိုက်သည်။ ယွန်းဆီကဖုန်းဖြစ်နေသဖြင့်လည်း ပျော်သွားသည်။ ချစ်သူချင်း စိတ်ချင်းဆက်နေသည်ဆိုတာ ဖြစ်နိုင်သည်။ ကျွန်တော်လည်း အခုပဲ ယွန်းဆီ ဖုန်းဆက်မလို့ ယွန်း ဦးသွားခြင်းဖြစ်သည်။

"ဟလို ချစ်လေး"

"ဘာမှ ချစ်လေးလုပ်မနေနဲ့ ယွန်းဖုန်းဆက်တာကြာလှပြီ ဘယ်သူတွေနဲ့ပြောနေလို့ ဒီလောက်ကြာအောင် ဖုန်းက Busy နေတာလဲ"

"ဟို ယွန်းသူငယ်ချင်း မိုးပြေးနဲ့ပါ"

"အော်......"

ယွန်း စိတ်တိုသွားသည်။ ယွန်းကတော့ ပြန်ရောက်ထဲက ဆက်လိုက်ရတာ။ သူကတော့ မိုးပြေးနဲ့ ဖုန်းပြောပြီး မိုးမမြင်လေမမြင် ယွန်းကိုပင်မေ့နေသည်။ ယောကျ်ားတွေများ ပြောတော့သာ မကြိုက်ဘူးလေး ဘာ

www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ယွန်းရေ့မှာသာ ဟန်ဆောင်နေတာ။ နောက်ကွယ် လည်းရောက်ကော မပြီးနိုင်မစီးနိုင်ကို ဖြစ်နေတာ။ ယွန်း ဖုန်းထိုင်ခေါ်နေတာတောင် လေးဆယ်ငါးမိနစ်လောက် ရှိနေပြီ။ ဘယ်အချိန်ထဲကများ စအီနေကြလည်းမသိဘူး။

"ယွန်းစကားပြောလေ ဘာလို့ငြိမ်သွားတာလဲ။ စိတ်ဆိုးသွားတာလား။ စိတ်မပူပါနဲ့ယွန်းရယ်။ ငါနင်ကလွဲရင်ဘယ်သူ့ကိုမှစိတ်မဝင်စားပါဘူး"

"ဒါကတော့ နင့်သဘောပါ"

"နင်ကလည်း အဲလိုမပြောပါနဲ့ကွာ.."

"အင်း..ဟုတ်ပါပြီ။ ငါနင့်ကို ပြောစရာရှိတယ်။ ဗုဒ္ဓဟူးနေ့ကျရင် ငါ့ကို ကိုအောင်မင်းခန့်က ဘုရားကိုးဆူ ဖိတ်ထားတယ်။ အဲဒါ နင်ငါ့ကို လာခေါ်ပေးမလား"

"ဘယ်တုန်းကဖိတ်လိုက်တာလဲ။ငါတောင် မသိပါလား။ ကောင်မလေးနော် ဟွန်း....ကောင်း ကောင်းနေ"

"ငါကကောင်းကောင်းနေတယ်။ နင်သာသက်သေ ပြမယ်ပြမယ်နဲ့ ငါ လက်ဖွဲ့ပို့ပေးနေရဦးမယ်"

"ဟား.. ဟား ကောင်မလေးတစ်ယောက် သဝန်တို နေပါတယ်ဗျို့။ စိတ်ချပါကွာ ငါတို့နှစ်ယောက်



အမြန်လက်ထပ်ဖို့ပဲ ပြင်ထားပါ။အခုထဲက အသား အရည်တွေ၊ ဝိတ်တွေ ဂရုစိုက်ထား။ တော်ကြာ မင်္ဂလာဆောင်မှာ မလှဘဲ ဖြစ်နေဦးမယ်"

"ခွဲစုတ်.. ငါကိုလာခေါ်ပေးမှာလား"

"ခေါ်ပေးမှပေါ့ကွ။ ကိုယ်ချစ်သူလေးကို ဘာလို့ တစ်ယောက်ထဲပေးလွှတ်မှာလဲ။ဟုတ်ဘူးလား"

"ဟီး... ဟီး.. ဒါကြောင့် နင့်ကိုချစ်တာ"

"တကယ်လား ဒါဆို အခုလာခဲ့မယ်"

"မလာနဲ့ စတာ အိပ်တော့။ ယွန်းလည်းအိပ်တော့ မယ်။ ဖုန်းပိတ်အိပ်နော်။ ယွန်းခေါ်ကြည့်မှာ"

"စိတ်ချပါကွာ။ ယွန်းဖုန်းချပြီးချင်းကို ဖုန်းပိတ်ပါ့ မယ်။ ဟုတ်ပြီလား။ အောင်မလေးဗျာ သဝန် ကတော့ တိုတတ်လိုက်တာ မပြောပါနဲ့တော့"

"မတိုပါဘူး။တော်ပြီ ဒါပဲ ဒါပဲ။ အိပ်တော့မယ်"

ယွန်း ထိုသို့ သဝန်တိုတာမျိုးကျတော့လည်း မျှော်သလိုသလိုပင်။ ယွန်းချစ်မှန်းသိရတော့ ဝမ်းတောင် တော်တော်သာသွားသည်။ ယွန်း ဒီလောက်ချစ်မှန်း အခုမှသေချာသိရတာဖြစ်သည်။ အရင်ကတော့ တစ် ယောက်နှင့် တစ်ယောက်စလိုက် ပြောင်လိုက် ပြိုင်ကိုက်နှင့် အခုလိုမျိုး တစ်ယောက်စိတ်ကိုတစ်ယောက် ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း မတွေ့ရချေ။ ဘာပဲပြောပြော အခုလို စမ်းသပ်ကြည့်တာ တစ်ခုတော့ကောင်းသည်။ ကိုယ့်ကိုယ်ကိုပါ ပြန်သုံးသပ်လာနိုင်သည်။ မိမိဘဝတွင် မိမိချစ်သူက ဘယ်လောက်အရေးပါမှန်း ပိုသိလာရသည်။

* * * * *

## အခန်း(၁၁)

ဘုရားကိုးဆူသွားဖို့အတွက် ယွန်းပန်းကို ဝင်ခေါ်လိုက်သည်။ သူမနှင့် ကျွန်တော်သည် ရည်းစားသက်တမ်းသာ တစ်နှစ်ပြည့်ခါနီးသော်လည်း ယခုလို အချိန်မျိုးနှစ်ယောက်သားတစ်ခါမျှ မတွေ့ဘူးခဲ့ပါ။ ဒီလိုညဘက်မျိုး တစ်ခါမှ မတွေ့ဘူးသဖြင့် ယွန်းပန်းကို တွေ့ရတာ တစ်မျိုးလေးဖြစ်ကာ စိတ်လှုပ်ရှားနေမိသည်။

ကားပေါ်တွင် မာကျူရီမီးရောင်ကြောင့်လည်း သူမက အစွမ်းကုန်လှနေသည်။ မြန်မာဆန်ဆန် ရင်ဖုံးအကျႌလေးဝတ်ထားသော သူမကိုမြင်ရသည်မှာ ရင်ကိုငြိမ်းချမ်းစေသည်။ ကျက်သရေများ လျှံကျနေသော အလှမျိုးဖြစ်သည်။ မျက်နှာပေါ်တွင် မိတ်ကပ်ပြေပြေလေး လိမ်းထား

www.burmeseclassic.com

www.burmeseclassic.com



ကာ ပန်းရောင်ပြေပြေ နှုတ်ခမ်းနီလေး ဆိုးထားရုံမှလွဲ၍ ဘာမှထူးထူးခြားခြားပြင်မထားသော်လည်း သူမအလှက လင်းလက်ဖြာထွက်နေသည်။ ဆံပင်များကို နဖူးပြင်ပေါ် တစ်မွေးမျှမကျအောင် အကုန်စုစည်းထားသော်လည်း လူကြီးပုံလေးပေါက်မသွားသည့်အပြင် သူမ၏ယဉ်ရှယ်နုပျို သော အသားအရည်နှင့် ရုပ်ကလေးကိုပင် ပိုမိုပေါ်လွင်စေ သည်။

နက်ပြာရောင် တောက်တောက်ပေါ်တွင် ပန်းရောင် ရေလိုင်းပုံစံလေးများ ဝမ်းဆက်လက်ပြတ် အင်္ကျီလေးကို ဝတ်ထားသဖြင့် သူမ၏ဝင်းဝါသော အသားနှင့် ပဏာရလှ ပါသည်။ သူမကိုကြည့်နေရင်းကပင် သူမကို ပိုမိုချစ်ချစ် လာမိမှန်းလည်း ကျွန်တော်ဘာသာ ကျွန်တော်ရိပ်မိလာ သည်။

"ဘာကြည့်နေတာလဲ ဖွဲရယ်။ ကားကို ကောင်း ကောင်းမောင်းစမ်းပါ။ မမြင်ဘူးတဲ့ လူတွေ ကျနေတာ ပဲ"

"မြင်တော့မြင်ဘူးတာပေါ့ ယွန်းရယ်။ ဒါပေမဲ့ကိုယ့်ကောင်မလေး ဒီလောက်ချောမှန်း တော့ အခုမှပဲ သိတော့တယ်"



"အပိုတွေပါနော်။ ယွန်းပန်းက မိုးပြေးလောက် မချောပါဘူး"

"မဟုတ်ပါဘူးကွာ။ အလှချင်းမှ မတူတာ။ မိုးပြေးအလှက ယွန်းလို အေးချမ်းတည်ငြိမ်ပြီး ကျက်သရေရှိတဲ့အလှမျိုးမှမဟုတ်တာ။ မိုးပြေး အလှက ဆွဲဆောင်မှုတော့ အရမ်းရှိပါတယ်။ ဒါပေမဲ့ပူလောင်တဲ့ အလှမျိုး ကိုယ့်ချစ်သူလေးလို မြင်ရတဲ့လူရဲ့ရင်ကို အေးချမ်းနိုင်စွမ်းမရှိဘူးကွ။ သိရဲ့လား"

"ဟား ဟား ဖွဲကတော့ ကိုယ့်ငါးချဉ် ကိုယ်ပြန်ချဉ် နေပြန်ပြီ"

"ဒါပေါ့ကွ ကိုယ့်မှမချဉ်ရင် ဘယ်သူချဉ်မှာလဲ"

"ဖွဲနော်..."

ယွန်းနှုတ်ခမ်းလေးစူ၍ စိတ်ကောက်နေလိုက်သည်။ ဖွဲကလည်း တပြုံးပြုံးနှင့်လှည့်ကြည့်ကာ ချော့နေပါသည်။ ဒီနေ့ဘာတွေများ ဒီလောက်တောင် ဖွဲအူမြူးနေမှန်းမသိပါ။ တမင်အချော့ခံချင်၍သာ စိတ်ဆိုးချင်ဟန်ဆောင်ထားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ခွဲပျော်သဖြင့် ယွန်းပါအလိုလို ပျော်လာသည်။ ချစ်သူနှင့်အတူ ဝေမျှခံစားနိုင်ခြင်းသည် ချစ်တတ်သော

သူများ မသင်ခဲ့တတ်သော အရာတစ်ခုလည်းဖြစ်သည်။

"ယွန်းနှုတ်ခမ်းကြီးကို ထော်မထားနဲ့ တော်ကြာ
သူများက ကော်နှုတ်ခမ်းလေးနဲ့ တူတယ်လို့
ထင်သွားဦးမယ်။ ပြင်လိုက်ပြင်လိုက်"

ယွန်းအပေါ်သွားလေးနှင့် အောက်နှုတ်ခမ်းလေးကို ဖိကိုက်လိုက်သည်။

"စတာချစ်ရယ်။ စိတ်မဆိုးနဲ့တော့နော်"

ကားလေးလည်း တိုက်ကြီးတစ်ခုရှေ့တွင် ထိုးရပ်လိုက်သဖြင့် ယွန်းလည်း ဆက်ပြီးစိတ်ကောက်မနေနိုင်တော့ပဲ ကားပေါ်မှဆင်းလာခဲ့ပါသည်။

ခြံဝန်းထဲတွင်လည်း များပြားလှသော ကားများကြောင့် ယွန်းတို့ကားပင် ရှောင်ကြိုရှောင်ကြား တစ်နေရာကို မနည်းမရမကကပ်သပ်ထိုးခဲ့ရသည်။ လာကြသော ဧည့်သည်များ၏ကားများကလည်း မာစီးဒီး၊ ပါရာဒို၊ ဆိုက်



ကနက်လိုကားများဖြစ်သဖြင့် ယွန်းတို့စီးလာသော ဆလွန်းကားလေးမှ မျက်နှာငယ်ရပါသည်။

တိုက်ကြီးကလည်း ကြီးမားခန့်ညားလှ၍ ငယ်ငယ်တုန်းက ကာတွန်းကားများတွင် မြင်ဘူးသော ရဲတိုက်ကြီးတစ်ခုပမာ ထည်ဝါလှပါသည်။ ယွန်းနှင့် ဖွဲ့က မိမိတို့နှစ်ဦးသာတို့မှုမချမ်းသာသော်လည်း ပေါင်းသောအပေါင်းအသင်းများကတော့ ဂရိတ်တွေကြီးပဲဖြစ်သည်။ ယွန်းနှင့်ဖွဲ့ကတော့ ကိုယ်ပိုင်ကား၊ ဟန်းဖုန်းလေးများနှင့် ဘဝကိုမတောင့်မတ မကြောင့်မကြ နေခဲ့ရပါသော်လည်း သူတို့လိုတော့ ကျိုးကျိုးတက်မချမ်းသာပေ။

တိုက်ထဲကိုဝင်လိုက်သည်နှင့် ကြီးမားသော ဧည့်ခန်းကြီးတစ်ခုကို တွေ့ရသည်။ ဝင်ဝင်ချင်းတွင် ဧည့်သည်များကို နှုတ်ဆက်နေသော ကိုအောင်မင်းခန့်နှင့် သူ၏ဖခင်ကို တွေ့ရသည်။ ကိုအောင်မင်းခန့် ဖခင်ဖြစ်မှန်းကို ကြည့်တာနှင့် တန်းသိနိုင်လောက်အောင်ပင် သားအဖနှစ်ယောက်က ရုပ်ချင်းဆင်လှပါသည်။

"လာကြ။ ငါမင်းတို့ကို မျှော်နေတာ။ ဆေးဆေးမှ
ပြန်ရမယ်နော် ယွန်း"

www.burmeseclassic.com

www.burmeseclassic.com



ယွန်းကိုမြင်တော့ အောင်မင်းခန့်စိတ်များ လှုပ်ရှားသွားသည်။ မြန်မာ ဆန်ဆန်နှင့် ဤမျှ ကျက်သရေရှိသော မိန်းကလေးမျိုး အောင်မင်းခန့် ပတ်ဝန်းကျင်တွင် တစ်ခါမျှ မတွေ့ဖူးပေ။ အရမ်းလှပ၍ ကျက်သရေရှိသော ယွန်းကို သေချာစိုက်ကြည့်မိသည်။

ယွန်းပြုံး၍ ခေါင်းငြိမ့်ပြလိုက်သည်။ ကိုအောင်မင်းခန့်ကတော့ ဘုရားခန်း အပေါ်မှာဟုပြောကာ ယွန်းတို့ကို အပေါ်ထက်သို့ ခေါ်လာလေသည်။ အပေါ်ထပ်မှ ဘုရားဖူးပြီး ပြန်ဆင်းလာသော ဧည့်သည်များနှင့် လှေကားတစ်ခုလုံး လူတွေရှုပ်နေသည်။ ထိုဘုရားလာဖူးသော ဧည့်သည်အန်တီကြီးများကလည်း မီးရောင်အောက်တွင် စိန်များကိုသီးနေအောင် ဝတ်ထားကြသဖြင့် မျက်စိများပင် ကျိန်းလာသည်။

အပေါ်ထက်တွင်တော့ ဧရာမ ဘုရားခန်းကြီးကို တွေ့ရပါသည်။ ပန်းများ ဆီမီးများ အမွှေးတိုင်များနှင့် ကြည်ညိုဖွယ်ရာ ဘုရားများကိုဖူးတွေ့လိုက်ရပါသည်။ ခွဲနှင့်ယွန်းလည်း ဘုရားထိုင် ရှိခိုးလိုက်ကြသည်။ ယွန်းတို့ဘုရားဝတ်ပြုပြီးချိန်မှာတော့ ကိုအောင်မင်းခန့် အသားဖြူဖြူသဘောကောင်းမည့်ပုံပေါ်သော ကိုအောင်မင်းခန့်မေမေနှင့်



ယွန်းကို မိတ်ဆက်ပေးသည်။ ခွဲနှင့်ကတော့ နဂိုထဲက ရင်းနှီးခင်မင်နေပုံရသည်။

"ယွန်း ဒါကျွန်တော့မေမေ"

"မေမေဒါက သားမိတ်ဆွေ ယွန်းပန်းတဲ့။ ခွဲသူငယ်ချင်းလေ။ သားနဲ့ကလည်း အလုပ်ချင်း ဆက်စပ်နေတာမေမေရဲ့"

"တွေ့ရတာဝမ်းသာပါတယ် အန်တီ"

"အန်တီလည်းဝမ်းသာပါတယ် သမီးရယ်။ နောက်လည်း လမ်းကြုံရင် ဝင်လည်နော်။ အန်တီက အရမ်းအဖော်မင်တာ။ မွေးထားတာလဲ သားယောကျ်ားလေးတစ်ယောက်ထဲဆိုတော့ အန်တီက အရမ်းအထီးကျန်ဆန်တာ သမီးရဲ့ ။ ဒါကြောင့် သမီးမြတ်ဖူးငုံကိုဆိုလည်းပြောရတယ်။ သမီးရယ် အားရင် အန်တီဆီလာလည်ပါဦးလို့"

အနားတွင် ပြုံးပြုံးလေးလာရပ်နေသော အသားညိုညိုနှင့် ကောင်မလေးကို အန်တီက လှည့်ပြောလိုက်ခြင်းဖြစ်သည်။ ဓါတ်ပုံထဲတွင် တွေ့ဖူးသော ကိုအောင်မင်းခန့်၏ ချစ်သူဆိုသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်း ဒါက ကျွန်တော့်ချစ်သူပါ။ နွဲ့ကတော့ ကောင်းကောင်း သိတယ်။ ယွန်းကတော့ မြင်ဘူးမှာ မဟုတ်ဘူး။"

"ယွန်း မြင်ဖူးပါတယ်။ ကိုအောင်မင်းခန့်ရဲ့ ရုံးခန်း ထဲကစားပွဲပေါ်မှာ ဓါတ်ပုံထောင်ထားတာ။ သိလား မမြတ်ဖူးငုံ ကိုအောင်မင်းခန့်ကတော်တော် ချစ်ပုံရတယ်။ ရုံးခန်းမှာကို မမြတ်ဖူးငုံ ဓါတ်ပုံကို တယုတယကို ထောင်ထားတာ"

ပြုံးနေသော မြတ်ဖူးငုံ၏မျက်နှာမှာ ကြည်နူးရိပ်ဖြင့် စောစောကတွေ့တာထက်ပင် ပိုမိုလှနေပါသည်။

"ဖူးငုံ ယွန်းကို သိတယ်။ ယွန်းနာမည်က ယွန်းပန်း မဟုတ်လား"

"ဟုတ်ကဲ့"

"ယွန်းက ဘယ်မှတ်မိမလဲ။ ကျောင်းမှာ နာမည် ကြီးတွေပဲဟာ။ ဖူးငုံတို့ကသာ ယွန်းတို့ကိုသိနေတာ။ ယွန်း နဲ့ ဖူးငုံနဲ့က မေဂျာအတူတူပဲလေ။ ဖူးငုံတို့က ယွန်းတို့



ကျောင်းလာရင် အရမ်းလှလို့ အမြဲစောင့်စောင့်ကြည့်နေ ကြတာ"

သူမပြောတော့ ယွန်းမှတ်မိသွားသည်။ တကယ် အမှန်တော့ လူကို မှတ်မိခြင်းထက် သူမစီးလာသောကားကို မှတ်မိခြင်းဖြစ်သည်။ မားစီးဒီးကား အနက်ရောင်ရှဲရှဲကြီးမှာ ယွန်းသဘောကျခဲ့သော ကားကြီးတစ်စီးဖြစ်သည်။ ထို ကားပေါ်မှာ သူမဆင်းလာသည်ကို တစ်ခါနှစ်ခါတော့ မြင်ဖူးသည်။ အခုမှ ခြံထဲတွင်တွေ့ခဲ့သော ကားနှင့် သူမ စကားများကြောင့် ပြန်၍ ဆက်စပ်မှတ်မိခြင်းဖြစ်သည်။

"အော် ယွန်းလည်းမှတ်မိပြီ။ ယွန်းက ဦးနှောက် မကောင်းတော့ အဲလိုပဲ"

"ယွန်းအခု ဘာတွေလုပ်နေလဲဟင်။"

"Asia King Trading Company မှာ Secretary လုပ်နေတယ်။ ဖူးငုံကတော့ သူဌေးသမီးဆိုတော့ ဘာမှလုပ်စရာလိုမှာ မဟုတ်ဘူးနော်"

"ဟီးဟီး ယွန်းမသိလို့ပါ။ဖေဖေက ဖူးငုံကိုယုံကြည် လွန်းလို့ ဘာမှကို မခိုင်းတာ။ ဖူးငုံကကူညီချင်တာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုမင်းရော မေမေရောကစွင့်မပြုကြဘူး"

ကလေးတစ်ယောက်လိုပွင့်လင်းသော ယွန်းနှင့်ဖူးငုံတို့ ချက်ချင်းအဖွဲ့ကျသွားသည်။ ကိုအောင်မင်းခန့်မေမေကတော့ ညှိသည်များထပ်မံရောက်လာသဖြင့် သွားရောက်ညှိစံနေသည်။ ဖွဲ့နှင့် ကိုအောင်မင်းခန့်ကလည်း နှစ်ယောက်တစ်ဖွဲ့ သီးသန့်အဖွဲ့ကျနေလေသည်။ တော်တော်လေးကြာမှပင် ယွန်းလည်း ဖူးငုံကို စကားဖြတ်ကာ ဖွဲ့ကိုခေါ်ပြီး ပြန်ဖို့ လုပ်ရပါသည်။

"ပြန်တော့မလို့လား။ နေပါဦးလား ယွန်းရယ်။"

"ယွန်းလည်းနေချင်ပါသေးတယ် ကိုအောင်မင်းခန့်။ မေမေစိတ်ပူနေမှာစိုးလို့ပါ"

"ကောင်းပါပြီဗျာ နောက်တော့လည်း ထပ်တွေ့ကြတာပေါ့"

"ကိုဖွဲ့ ဖူးငုံ သူငယ်ချင်းကို သေချာအိမ်ပြန်ရောက်အောင် လိုက်ပို့ပေးနော်"

"ကျွန်တော်လည်း စဉ်းစားနေတာ တခါထဲ 'မ' သွားရင်ကောင်း မလားလို့"



"ဖွဲ့နော်.."

ရှက်သွားသော ယွန်းမျက်နှာလေးကို ကြည့်ကာ အောင်မင်းခန့်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ စိတ်ထဲတွင်နှမြောသလို ဖြစ်သွားသည်။ ဖွဲ့ နောက်လိုက်မှန်းသိသော်လည်း ထိုသို့နောက်တာကို သိပ်မကြိုက်ချင်။ အားလုံးကဝိုင်းရယ်နေ၍ လိုက်ရယ်နေရသော်လည်း စိတ်ထဲတွင်တော့ သိင် သဘောမကျချင်။ ကိုယ်နှင့်မဆိုင်ပဲ လိုက်ပူပန်နေသော ကိုယ့်ကိုယ်ပင် အမြင်ကပ်လာသည်။ ဖွဲ့နှင့်ယွန်း ပြန်သွားချိန်တွင်တော့ ညှိသည်များပင် တော်တော် နည်းနေပြီဖြစ်သည်။

"ကားကို အရှိန်လည်း နည်းနည်းတင်ပါဦး ဖွဲ့ရယ်။ နင့်ကားကိုလိပ်တောင် ကျော်တက်တော့မယ်"

"တက်ပါစေပေါ့။ ငါက နင့်ကိုအဲလိုသေးမှာထားပြီး ဒီလိုညဘက်တစ်ခါမှ ကားမမောင်းဘူးလို့လား မသိဘူး အရမ်းပျော်တာပဲ။ ငါတို့ လက်ထပ်ပြီးရင်လည်း အဲလိုညဘက်ကားတွက်မောင်းကြမယ်နော်"

"နင့်ကို လက်ထပ်မယ်လို့ပြောလိုက်ချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးနော် စကားကို ဆင်ဆင်ခြင်ခြင်ပြော။ အခုတစ်ခါထဲ မိုးပြေးလိုက်မှာ"

"ဟား ဟား"

ရယ်သံများဖြင့် ညံစီနေသော ကားထဲတွင်တော့ သိပ်ချစ်စရာကောင်းသော ချစ်သူစုံတွဲလေးတစ်တွဲက မိုးမမြင်လေမမြင်ကိုပျော်ရွှင်နေကြပါသည်။ လေပြေညင်းလေးများကလည်း ချစ်သူနှစ်ဦးကြားတွင် ဖြတ်သန်းပြေးလွှားဆော့ကစားနေပါသည်။ ကောင်းကင်မှ ကြယ်တာရာများကလည်း ချစ်သူနှစ်ဦး လွှမ်းခြုံကာ ကောင်းချီးမင်္ဂလာများပေးနေလေသည်။

## အခန်း(၁၂)

ဖုန်းနံပါတ်ကို မြင်လိုက်သည်နှင့် ဇွဲ စိတ်လေသွားသည်။ မိုးပြေးဆီက ဖုန်းဖြစ်သည်။

"ဟလို မိုးပြေးပြော"

"ဇွဲ ရှင်အခုဘာလုပ်နေလဲ"

"ကျွန်တော်အလုပ်များနေတယ် မိုးပြေး"

"ရှင်က ဘာလုပ်လို့တုန်း။"

"ကျွန်တော်က Right Choice Company မှာ Marketing Manager"

"တယ်ဟုတ်ပါလား မောင်မင်းကြီးသားက။ မိုးပြေးသိတယ် ရှင့်တို့ကုမ္ပဏီကို။ ပြီးရော လေ ရှင်မအားရင်လဲ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးပြေး ဖုန်းချသွားသဖြင့် နားအေးသွားသည်။ မအားပါဘူးပြောတာပင် ဆယ်မိနစ်လောက်ပြောနိုင်သော မိန်းကလေးမျိုးဖြစ်သည်။ တကယ်မှန်တော့ ဘာမှအလုပ်ရှိတာမဟုတ်။ မိုးပြေးနှင့် စကားမပြောချင်၍ တမင်ပြောလိုက်ခြင်းဖြစ်သည်၊ သို့သော်လည်း အလုပ်မရှိလျှင် မနေတတ်သူပီပီ နောက်အသစ်ထုတ်မည့် ခေါက်ဆွဲခြောက်ထုပ်၏ဒီဇိုင်းများကို ထိုင်ဆွဲနေလိုက်သည်။

အလုပ်တွင် စိတ်ပါလျှင် ထမင်းမေ့ဟင်းမေ့ မေ့တတ်လွန်းသဖြင့် ယွန်းဖုန်းဆက်သတိပေးမှပင် လုပ်နေသောအလုပ်များကိုရပ်ကာ ထမင်းထွက်စားရန် ပြင်ဆင်ရသည်။ အလုပ်များသော ယွန်းကလည်း ထမင်း ပုံမှန်စားရန်တော့ အမြဲဖုန်းဆက်သတိပေးတတ်သည်။ ထိုသို့ အသေးစိတ်လိုက်၍ သတိပေးတတ်သော ယွန်းရှိနေလို့လည်း ပို၍ ပစ်စလက်ခတ်နေမိခြင်းလည်း ဖြစ်သည်။ အခုတော့ ထမင်းထွက်စားရန်အထ တံခါးဖွင့်၍ ဝင်လာသော မိုးပြေးကြောင့် စိတ်ညစ်သွားသည်။ ဗွဲရုံးခန်းကလည်း Marketing Department ရုံးခန်းဖြစ်သဖြင့် ဈေးကွက်ရှာဖွေသော ဝန်ထမ်းများနှင့် ဝန်ထမ်း ၁၀ ယောက်လောက်ရှိသည်။



ဗွဲတို့ရုံးက တစ်ဌာနကို အခန်းကျယ်ကြီး တစ်ခန်းစီပေး၍ စုပေါင်းလုပ်ကိုင်ရသော ပုံစံမျိုးဖွဲ့ထားသဖြင့် အားလုံးက တစ်စုတစ်ဝေးထဲ အတူလုပ်ကိုင်ကြရသည်။ အခုတော့ မပြောမဆိုလိုက်လာသော သူမကြောင့် အားလုံး၏စပ်စုခြင်းကိုခံရတော့မည်။ ယွန်းကိုပင် ဒါမျိုးသိသောကြောင့် တစ်ခါမှရုံးကို အလည်မခေါ်ဘူးပေ။ ရုံးကိုအလည်ခေါ်လာသော မည်သူမဆို အားလုံး၏စနောက်ခြင်းကိုတော့ ခံကြရစမြဲ ဖြစ်သည်။

"မိုးပြေး ဘာလာလုပ်တာလဲ။"

အားလုံး၏ မျက်လုံးများက ကျွန်တော်နှင့် မိုးပြေးထံစုပုံကျရောက်လာသည်။ ကျွန်တော်မျက်လုံး တစ်ချက်ဝေ့ကြည့်လိုက်လျှင်တော့ မျက်လွှာများအောက်ချကာ မသိချင်ယောင်ဆောင်သူကဆောင်။ သိဒ္ဓိသာသာ ငမ်းနေသူက ငမ်းနှင့် 'စိတ်ရှုပ်စရာ ကောင်းလှပါသည်။ ငမ်းတာလည်း မပြောနဲ့လေ ရုံးကို လာပုံလည်းကြည့်ဦး ။ ပေါင်တစ်ဝက်သာသာသာရှိသော ဂျင်းစကပ်ကို စွတ်ကျယ်သာသာရှိမည့် တီရှပ်အဖြူနှင့် တွဲဖက်ဝတ်ဆင်ထားပုံကလည်း ငမ်းချင်စရာ အလွန်ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ သူ့ကိုယ်သူ ကိုရီးယားများ ရောက်နေသည် ထင်သလားမသိ။ တစ်စက်ကလေးမှပင် ရှိုးတို့ ရှမ်းတန်းဖြစ်မနေ။ သူမအစား ကျွန်တော်ကသာ မျက်နှာထားစရာမရှိလောက်အောင် ရှက်ရွံ့လာမိသည်။

"မုန့်လာပို့ပေးတာလေ။ အစကတော့ မိုးပြေးက ဖွဲ့နဲ့အတူသွားစားမလို့ ဖွဲ့ကမအားဘူးဆိုလို့ လာပို့ပေးတာ"

"အလုပ်ချိန်လေဗျာ ဘယ်လိုလုပ်အပြင်ထွက်လို့ ရမှာလဲ"

"အော် မိုးပြေးမှမသိတာ။ ရှင်အလုပ်လုပ်မှန်းတောင်အခုမှသိတာ"

"လိပ်စာကရော ဘယ်ကရလဲ"

"ဘာပဲလိုလို ရန်ကုန်လမ်းညွှန်ရှိတယ်လေ"

"ဟုတ်ပါပြီ ကျေးဇူးတင်ပါတယ်။ နောက်ကိုတော့ လာမပို့နဲ့နော်"

"ဆရာကလည်းဗျာ စေတနာနဲ့ လာပို့တဲ့လူကို အဲလိုမပြောရဘူးလေ။ ဆရာ အခုရောထမင်းစားပြီးလို့လား။ အဲလိုပဲအစ်မရေ၊ ကျွန်တော်



တို့ဆရာက အရမ်းအားနာတတ်တာ။ နောက်လည်း အားရင်လာလည်ပေါ့"

အင်မတန်စကားများ၍ အငန်းထူသော ဇော်မောင်ကို ကြိတ်ကျိန်ဆဲနေမိသည်။

"စိတ်ချပါရှင် နောက်တစ်ခါလာရင် အားလုံးအတွက်ပါ အများကြီးဝယ်ခဲ့မယ်"

"အားနာစရာတော့ကောင်းနေပြီ။ အစ်မ လူက ၁၀ ယောက်နော်"

အခန်းထဲရှိ ကျန်သောလူများကပါ သူမနှင့် ခင်မင်လာကြသည်။ စိတ်ရှုပ်ရှုပ်နှင့်ပင် သူမကို မြန်မြန် ပြန်ရန်ဆုတောင်းနေမိတော့သည်။ အားလုံးနှင့် နှုတ်ဆက်လောက်လေပေါ၍ဝမှပင် ထပြန်တော့သည်။ ဒီအတိုင်းဆို ကြာရင်တော့ သူမကြောင့် ကျွန်တော်နှင့် ယုန်းတို့ သဘောထားများကွဲလွဲလာနိုင်သည်။ နားလည်အောင်တော့ သူမကို သေချာ ပြောပြရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ကောင်းကင်တစ်ခွင်လုံး မှောင်မဲ၍ မိုးများကလည်း သည်းထန်စွာ ရွာသွန်းနေသည်။ ယွန်း ကားမှတ်တိုင်တွင် ကားစောင့်နေတာ နာရီဝက်လောက်ပင် ရှိတော့မည်။ဒီနေ့မှ ထီးမပါလာသဖြင့်လည်း အခက်တွေ့ရသည်။ ဘတ်(စ်)ကားနှင့်သွားလျှင်လည်း ကားဂိတ်နှင့် ယွန်းတို့အိမ်က တော်တော်ဝေးသဖြင့် ဘယ်လိုမှ လမ်းလျှောက်သွား၍ မဖြစ်ပေ။ ထို့ကြောင့်လည်း တက္ကစီကားကိုသာ မျှော်နေမိသည်။ လေရောမိုးပါ ပါသဖြင့် တက္ကစီကားများကလည်း မထွက်ကြပေ။

ထိုသို့မိုးရွာသော အချိန်မျိုးတွင် ဘာကြောင့်များ တက္ကစီကားများ မထွက်ကြသလဲ မပြောတတ်ပါ။ တချို့



ကားသမားများ ပြောတာတော့ အန္တရာယ်များသဖြင့် မိုးရွာလျှင်မမောင်းပဲ ရပ်ထားကြသည်လို့တော့ ပြောတာ ကြားဖူးသည်။

ဘာပဲဖြစ်ဖြစ် တစ်စီးတလေကားများတော့ လာလောက်ပါရဲ့လို့သာတွေးပြီး တက္ကစီကားတစ်စီးစီးကို မျှော်နေမိသည်။ လာသောကားများကျတော့လည်း လူပါသော ကားများသာဖြစ်သဖြင့် စိတ်ညစ်ရသည်။ ဖုန်းလေးကို ထုတ်ပြီး ဖွဲ့ဆီဖုန်းဆက်သော်လည်း ဖွဲ့က ဖုန်းမကိုင်သဖြင့် ဘယ်လိုမှ အကျိုးအကြောင်းပြောပြ၍ မရပေ။

ဒီနေ့ကျမှလည်း မန္တလေးကို စာရွက်စာတမ်းနှင့် ပစ္စည်းများ အချိန်မီပို့ပေးရမည်ဖြစ်သဖြင့် ယွန်းနှင့် သွားပို့မည့်ကောင်လေးနှစ်ယောက်သာ အိုဗာတိုင်ဆင်း၍ အလုပ်လုပ်နေသဖြင့်လည်း ဖယ်ရီမမီဘဲ မိမိအစီအစဉ်နှင့် ပြန်ရန်သာစီစဉ်လိုက်ခြင်းဖြစ်သည်။ ယွန်းကလည်း ရုံးတက်သော ရက်များတွင် ဖယ်ရီရှိသောကြောင့် ဘယ်သောအခါမှ ကားမယူလာတတ်ပေ။ မိုးများကလည်း ပို၍ပို၍သည်းထန်စွာ ရွာသွန်းလာသည်။ လေကလည်း တလကြမ်း တိုက်သဖြင့် ယွန်းတစ်ကိုယ်လုံး နီးပါးလည်း မိုးရေများစိုစွတ်နေသည်။ လူကလည်း တဖြေးဖြေးချမ်းကာ ခိုက်ခိုက်တုန်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် ယွန်းရှေ့သို့ ပါရာဒိုကားအစိမ်းပုပ်ရောင် တစ်စီးထိုးရပ်လာသည်။ မှန်များ လျှောကျလာသောအခါ အထဲမှ ကိုအောင်မင်းခန့်ကို လှမ်းတွေ့ရလေသည်။

"ယွန်း ဘယ်သွားမလို့လည်း ကားပေါ်တက်လေ။ ကျွန်တော် လိုက်ပို့ပေးမယ်"

"ရတယ် ကိုအောင်မင်းခန့် ယွန်းတက္ကစီနဲ့ပဲ ပြန်လိုက်မယ်"

"ဒီလောက်မိုးရွာနေတာ တက္ကစီကားတွေက တော်တော်နဲ့ လာမှာမဟုတ်ဘူး။ လာပါတက်ပါ ယွန်းရဲ့"

"ရပါတယ် ယွန်းစောင့်လိုက်ပါ့မယ်။ ပြီးတော့ ယွန်းတစ်ကိုယ်လုံးက အရမ်းစိုနေတာ ယွန်း တက်လိုက်ရင် ကိုအောင်မင်းခန့်ကား စိုသွားလိမ့်မယ်"

"အော်..စိုပါစေရတယ်။ လာတက်ယွန်း။ယွန်း ကြာရင်ဖျားတော့မယ်။ မိုးတွေဒီလောက်စိုနေတာ"

ယွန်း ငြင်းလည်းထူးတော့မှာ မဟုတ်သဖြင့် ကိုအောင်မင်းခန့်ကားပေါ်သို့ အားနာနာနှင့် တက်လိုက်ခဲ့ရပါသည်။ လူကလည်း ဟန်လုပ်သာငြင်းနေရသည် အရမ်း



ကိုချမ်းနေပြီဖြစ်သည်။ ယွန်းကားပေါ်ရောက်သည်နှင့် ကိုအောင်မင်းခန့်ကလည်း ဖွင့်ထားသောကား aircon ကို အလိုက်တသိ ပိတ်ပေးသည်။

"ယွန်း ဒီအချိန်မှ အလုပ်ဆင်းတာလား"

"အရင်နေ့တွေကတော့ စောတယ်။ ဒီနေ့က မန္တလေးကို ပစ္စည်းစာရင်းတွေအမှီပို့ပေးရမှာမို့လို့နောက်ကျသွားတာ"

"အော်...။"

"မိုးရွာမယ်လည်း မထင်တော့ ထီးလည်းမပါဘူး။ အိမ်ကလည်း လမ်းထဲနည်းနည်းဝင်ရတော့ တက္ကစီနဲ့မှ ဖြစ်မှာလေ။ ဘတ်(စ်)ကားနဲ့ဆို လမ်းမှာတင် တုတ်တုတ်ကျသွားမှာ။ အခုတောင် မိုးပက်လို့တော်တော်စိုနေတာ"

"အဲဒါများ ယွန်းရယ် တစ်ယောက်ယောက်ကို အကူအညီတောင်းလိုက်ပါလား"

"ယွန်း ဖွဲ့ဆီ ဖုန်းဆက်သေးတယ်။ သူတလည်း အလုပ်ပဲများနေလား၊ အိပ်ပဲနေလားမသိဘူး ဖုန်းမကိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ် နောက်ဆို တစ်ခုခုဖြစ်ရင် ကျွန်တော် ဆိဖုန်းဆက်နော်။ မိတ်ဆွေတွေပဲဟာ ကူညီရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ကိုအောင်မင်းခန့်"

"အခု ကျွန်တော်ဘယ်ကိုမောင်းရမလဲ။ မောင်းသာလာတယ် ဘယ်ကိုမောင်းလို့မောင်းနေမိမှန်းတောင် မသိဘူး။"

"ဘုရင့်နောင်ဘက်ကိုပါ။ ယွန်းကလည်း ဘေးကစကားတွေများနေတော့ အာရုံတွေနောက်ကုန်တယ် နဲ့တူတယ်"

"မဟုတ်ပါဘူးယွန်းရယ်၊ ကျွန်တော်ဘာသာ တစ်မျိုးဖြစ်သွားတာပါ"

ယွန်းကိုမြင်တော့ တော်တော်အံ့သြသွားသည်။ ဒီလိုအချိန်ကြီး ကားဂိတ်တွင် ယွန်းတစ်ယောက်ထဲ ရှိနေလိမ့်မည်လို့ ထင်ကိုမထင်ထားတာ။ ယွန်းနဲ့လည်း မတွေ့ရတာ တစ်ပတ်လောက်တောင်ရှိသည်။ ဘာလို့များ သူမနှင့် မတွေ့ရသည့်ရက်များကို မှတ်မိနေလည်း မပြောတတ်ပါ။ ဘေးတိုက်လေးမြင်နေရသော ယွန်း၏ မျက်နှာလေးကတော့ ပကတိကြည်လင်နေသည်။ အပြင်ကိုသာ အာရုံ



ရောက်နေသောယွန်းကတော့ ကျွန်တော် ကြည့်နေတာကိုလည်း သိပုံမရချေ။

ယွန်းက အပြင်ကို ငေးနေသောကြောင့်လည်း ကျွန်တော်စိတ်ကြိုက် ငေးခွင့်ရသွားသည်။

"ရှေ့ကျရင် ညာဘက်ကိုချိုး။ ဟပ်ချိုး..."

"ယွန်းတော့ ဖျားတော့မယ်ထင်တယ်။

မျက်လုံးတွေလည်း နီနေပြီ"

ဖြစ်နိုင်တယ် ယွန်းခေါင်းတွေလည်းကိုက်လာပြီ"

နဖူးခေါင်းလေးရှုံ့ကာ လက်လေးတို နားထင်လေးတွင်ဖိပြောလာသော ယွန်းပုံစံကြည့်ကာ ကျိန်းသေဖျားတော့မယ်မှန်း သိသာနေသည်။ တော်တော်လေး မောင်းလာပြီးလမ်းမဆုံးတဆုံးလေးတွင်တော့ တစ်ထပ်တိုက် အပြာရောင်အိမ်ပြာပြာလေး တစ်အိမ်ကိုတွေ့ရလေသည်။

"ရပြီ ဒီအိမ်ပဲ"

ခြံဝန်းလေးထဲသို့ ကားလေးကွေ့ဝင်လာလိုက်သည်။

"ဆင်းပါဦး။ကိုအောင်မင်းခန့် ကော်ဖီလေးဘာလေး သောက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မင်းခန့်လည်း ဆင်းလိုက်လာသဖြင့် ညှိခန်းတွင်တီဗီ ကြည့်နေသော ဖေဖေ၊ မေမေတို့နှင့် တစ်ခါထဲမိတ်ဆက်ပေးလိုက်သည်။ မေမေတို့ကလည်း ယွန်းနောက်ကျသဖြင့် စိုးရိမ်နေကြလေသည်။

"နောက်ကျလိုက်တာ သမီးရယ်"

"ဟုတ်တယ်မေမေ၊ဒါတောင် ကိုအောင်မင်းခန့်နဲ့ တွေ့လို့၊မဟုတ်ရင် သမီးဒီထက်ကြာမှာ။ မိတ်ဆက်ပေးရဦးမယ် ဒါယွန်း ဖေဖေနှင့်မေမေပါ။ မေမေ သမီးမိတ်ဆွေ ကိုအောင်မင်းခန့်ပါ။ သမီးတို့ ကုမ္ပဏီက ပစ္စည်းတွေအများဆုံးအားပေးနေတဲ့ Customer ပေါ့"

"တွေ့ရတာဝမ်းသာပါတယ်။ထိုင်ပါဦးသားရယ်"

"ကိုအောင်မင်းခန့် ခဏလေးနော် ယွန်း ကော်ဖီ သွားဖျော်လိုက်ဦးမယ်"

"ယွန်းအဝတ်အစား အရင်လဲလိုက်ပါလား။ တော်ကြာ နေမကောင်းပဲ ဖြစ်ဦးမယ်"

"ဟုတ်ကဲ့။ ဒါဆို ခဏလေး ထိုင်ဦးနော်"

"ကောင်းပါပြီဗျာ"



ယွန်းလည်း အခန်းထဲဝင်ကာ အဝတ်အစား မြန်မြန်လဲလိုက်လေသည်။ အဝတ်အစားလဲချိန်မှာတော့ လူက ဟတ်ချိုး၊ ဟတ်ချိုးနှင့် အဖျား၏ အငွေ့အသက်များ က အရင်ဆုံးရှေ့ပြေးနိမိတ်များလာပြနေသည်။ အဝတ်အစားလဲပြီးသည်နှင့် မီးဖိုချောင်ထဲဝင်ကာ ကော်ဖီနှစ်ခွက် ဖျော်လိုက်ပါသည်။ ကော်ဖီဖျော်ရင်းနှင့် မေမေက ယွန်း အကြောင်းများ ဖောက်သည်ချနေသည်ကို ကြားနေရသည်။ မေမေက အဲလိုပဲ ယွန်းမိတ်ဆွေဆိုလို့ကတော့ ယွန်း အကြောင်းကို မကြားချင်မှအဆုံးပြောပါတော့သည်။

ဖွဲ့နှင့်တုန်းကလည်း အဲလိုပဲ ဟိုကမမေးရသေးဘူး သူပြောတာနှင့်ပင် တော်တော်သိနေသည်။ ထို့ကြောင့်လည်း ရည်းစားဖြစ်သွားသောအခါ ဖွဲ့က ယွန်း၏ ငယ်ကျိုးငယ်နာ များ အကုန်သိကာ အမြဲစနောက်နေတတ်ခြင်း ဖြစ်သည်။ ယွန်းက ငယ်ငယ်တုန်းက အရမ်းအစားပုပ်တာ။ မုန့်ကြိုက်တဝင် ယွန်း အစားပုပ်လွန်းသဖြင့် ဘယ်ကလေးမှကို မုန့်များမယူ နိုင်းပဲ အမြဲသူတို့ပဲကျွေးသည့်စနစ်ကို ယွန်းနှင့်ကျမှ ငယ်ဖျက်ကာ အိမ်ကမုန့်များပေးသယ်နိုင်းခြင်းများ အကြောင်း သိကာ အမြဲစနောက်ခံရမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ဖြစ်ဖြစ် အမြဲထီးယူဖို့ဆို အရမ်းပျင်းတာ။ အမေလိုက်ပေးရင် ပေးတဲ့နေ့ပဲယူတယ်။ နောက်နေ့ဆို မယူတော့ဘူး"

"မေမေကလည်း မေ့သွားတာပါနော်။ မယူချင်လို့မဟုတ်ပါဘူး။ ကိုအောင်မင်းခန့် သောက်နော်"

ကော်ဖီခွက်ကို ကိုအောင်မင်းခန့် ရှေ့တွင်ချပေးရင်း မေမေကိုပါ ဆင်ခြေပေးလိုက်သည်။

"ဟုတ်ကဲ့။ ယွန်းကိုကြည့်ပြီး ကျွန်တော်က အန်တီပြောသလို ဆိုးမယ်လို့မထင်ဘူး။ အန်တီပြောပြမှပဲ ယွန်းအကြောင်း သေချာသိရတော့တယ်"

"မေမေကအဲလိုပဲ ယွန်းငယ်ငယ်တုန်းကအတန်းထဲမှာ အစားကြီးတာကအစ အခုထိကိုပြောပြလို့ကောင်းတုန်း။ ဟပ်ချိုး။"

"တွေ့လား မိဘကိုပြန်ပြောတာ ချက်ချင်း နှာစေးပြီမဟုတ်လား"

"ပြန်ပြောတာမဟုတ်ပါဘူးနော်။ သမီးက နောက်တာပါ"



ယွန်းက သူ့အမေခါးကိုဖက်ပြီး ကလေးတစ်ယောက်လို ချွဲနွဲ့နေသည်။ ယွန်းကို ဒီလို ကလေးတစ်ယောက်လို ပုံစမျိုးလေးမတွေ့ဘူးသဖြင့် တစ်မျိုးချစ်စရာကောင်းနေပြန်သည်။

"ယွန်း နေမကောင်းဖြစ်ဦးမယ် ဆေးကြိုသောက်ထားနော်"

"ဟုတ်ကဲ့"

"ယွန်းဖျော်တိုက်တဲ့ကော်ဖီလေးက အရမ်းအရသာရှိတာပဲ"

"ဟုတ်တယ် ယွန်းလည်း ကော်ဖီအရမ်းကြိုက်တော့ ကော်ဖီဆို သေချာကို နှပ်ပြီးတော့ ဟတ်ချိုးဖျော်တာ"

"ကဲ-ကဲ ယွန်းလည်း နားလိုက်ဦး။ ကျွန်တော်လည်းပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ လိုက်ပို့ပေးတဲ့ အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်ဗျာ နောက်လည်း ဘာကိစ္စပဲရှိရှိ ကျွန်တော်ဆီ ဖုန်းလှမ်းဆက်လိုက်ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အနံ့တိုနင့်ဦး ပြန်ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွာ။ နောက်လည်း လာလည်ကြပေါ့"

ဖေဖေက စကားနည်းသူဖြစ်သဖြင့် ဒီလောက် စကားပြောဟာပင် သူ့တာဝန် တော်တော်ကြေနေသည်။ ဒါကြောင့် ဖေဖေအမျိုးတွေကလည်း မေမေရှိတဲ့အချိန်ပဲ လာသည်။ မေမေများမရှိ၍ ဖေဖေဧည့်ခံရသည့်အခါမျိုးတွင် ဆယ်မိနစ်လောက်နှင့်ပင် ပြောစရာ စကားကုန်၍ ထပြန်သွားတတ်ကြသည်။

ကိုအောင်မင်းခန့်ပြန်ပြီး ဆယ်မိနစ်လောက်တွင်တော့ ဖွဲ့ဆိုက ဖုန်းခေါ်သံကို ကြားရသည်။

"ဟလို.."

"အသံကြီးက ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ဘယ်လိုလုပ်ကောင်းမှာလဲ မိုးမိလို့ဖျားနေပြီ။ ဖွဲ့ဆိုဖုန်းခေါ်တာ ဘာလို့ဖုန်းမကိုင်လဲ"

"ဆောရီး..ယွန်းရယ်။ ကိုယ် ဖုန်းကိုအသံပိတ်ထားမိလို့"



"ဘာလို့ပိတ်ထားရလဲထဲတွင်လည်း ဖွဲ့ကိုပဲ စိတ်မချ အရမ်းရှာလို့ ခံလိုမကျသလိုလို နိုးလိုးခုလု မတင်ခိုင်းမလို့ဖုန်း၍။ သို့သော်လည်း ဆေးအရှိန်နှင့် နာရီဒုက္ခရောက်ဘဲလိုက် အိပ်ပျော်သွားလေသည်။

"မသိလို့

ပိတ်မ

"ဘာ

"ဒီ

လာ

မ

ေ

"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီနှင့်ဦး ပြန်စွ ၄ ၄ ငှ်လိုပြန်လာလဲ"

"ကောင်းပါပြီကွာ။ နောက ကိုအောင်မင်းခန့်နဲ့ ကြပေါ့"

မေမေက စကားနည်းသူဖြစ်သဖြ စကားပြောတာပင် သူ့တာဝန် တော်တော် ဒါကြောင့် ဖေဖေအမျိုးတွေကလည်း မေမေ့ တွေထဲက လာသည်။ မေမေများမရှိ၍ ဖေဖေညှိခံရသည် သား" တွင် ဆယ်မိနစ်လောက်နှင့်ပင် ပြောစရာ စကား နဲ့လာ ထပြန်သွားတတ်ကြသည်။

ကိုအောင်မင်းခန့်ပြန်ပြီး ဆယ်မိနစ်လော ပြေပြေ တော့ ဖွဲ့ဆီက ဖုန်းခေါ်သံကို ကြားရသည်။ ျနေပြီ

"ဟလို.."

သာက်

"အသံကြီးက ဘာဖြစ်နေတာလဲ။ နေမကော ဘူးလား"

ဃ်

"ဘယ်လိုလုပ်ကောင်းမှာလဲ မိုးမိလို့ဖျားနေပြီ။ ဖွဲ့ဆီဖုန်းခေါ်တာ ဘာလို့ဖုန်းမကိုင်လဲ"

"ဆောရီး..ယွန်းရယ်။ ကိုယ် ဖုန်းကိုအသံပိတ် ထားမိလို့"



ကြောင့် နှံးရှိလာသည်။ ရင်ထဲတွင်လည်း ဖွဲ့ကိုပဲ စိတ်မချ သလိုလို။ တစ်ခုခုကိုပဲအလိုမကျသလိုလို ခိုးလိုးခုလု မတင် မကျခံစားနေရသည်။ သို့သော်လည်း ဆေးအရှိန်နှင့် နာရီ ဝက်တောင် မကြာလိုက် အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထ ထ ထ ထ ထ

## အခန်း(၁၄)

မနက်မိုးလင်းလင်းချင်း ဖုန်းမြည်လာသဖြင့် မကိုင်ချင်ကိုင်ချင်နှင့် ကိုင်လိုက်ရသည်။

"မောနင်းယွန်းလေး။ နေကောင်းလား"

"ကောင်းဘူး"

"ကြည့်ပါဦးအသံလေးကလည်း သနားစရာလေးပါလား။ ဘယ်လိုနေသေးလဲ"

"လည်ချောင်းနာတယ်။ ခေါင်းလည်းမူးတယ်"

"ဟောဗျာ..။ ရောဂါတွေကလည်းများလှချည်လား။ ငါလာကုပေးမှ ရတော့မယ်ထင်တယ်။ ကောင်မလေးက ဖျားချင်ယောင်ဆောင်ပြီး လူကိုလာချွဲနေပါတယ်"





"တော်ပြီ အဲလိုထင်ရင်မပြောတော့ဘူး။ ဒါပဲ။"

"နေဦးဖုန်းမချနဲ့ဦးလေကွာ။ ချစ်လို့စတာကို မစရဘူးလား ပြော"

"မသိဘူး"

"ဟုတ်ပါပြီ။ညနေဘာစားမလဲ လာပို့ပေးမယ်။"

"မပို့ပါနဲ့ဖွဲ့ရယ် ပင်ပန်းပါတယ်။ နောက်နေ့မှပဲတွေ့ကြတာပေါ့"

"ဒါဆိုနေကောင်းအောင်နေနော်။ မနက်ဖြန်ကျရင်လျှောက်လည်မယ် ဟုတ်ပြီလား"

"အင်း ဖွဲ့လည်းရုံးသွားဖို့လုပ်တော့လေ။ ယွန်းကတော့ ဒီနေ့ခွင့်ယူလိုက်မယ်"

"အိုကေယွန်း။ ဘိုင်း ဘိုင်နော်"

ဖွဲ့ဒီလို ဂရုစိုက်တော့လည်း ကျေနပ်မိသည်။ မိန်းကလေးပဲ ကိုယ့်ချစ်သူကကိုယ့်ကိုဂရုစိုက်တာ မကျေနပ်တဲ့လူရှိမလား။ အားလုံးကျေနပ်ကြတာကြီးပဲ။ အမှန်အတိုင်းပြောရလျှင် ဖွဲ့သစ္စာရှိမရှိကို သိချင်လို့သာ စမ်းသပ်တာပါ။ ဖွဲ့ကိုအရှုံးနိုင်ချင်သည်။ ပြိုင်ပွဲတိုင်းတွင် ကိုယ်သာအနိုင်ရချင်ခဲ့ သော်လည်း ဒီပြိုင်ပွဲတွင်တော့ ယွန်းပဲရှုံးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်လို ယောကျ်ားတွေ သစ္စာမရှိတာတွေကိုလည်း သက်သေမပြချင်တော့။ တကယ်တော့လည်း ယွန်း သက်သေပြရန်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဘာမှတော့မလုပ်ခဲ့ချေ။ အစကသာ နည်းနည်းပါးပါး ဒီကိစ္စကို စိတ်ဝင်စားသော်လည်း အခုတော့ သူဘာသာသူရည်းစားအပေါ် သစ္စာရှိရှိ မရှိရှိ ယွန်းစိတ်မဝင်စားတော့။ အရေးကြီးတာ ဇွဲသာ ယွန်းအပေါ် သစ္စာရှိဖို့သာ လိုသည်။

ယွန်းဒီပြိုင်ပွဲကြီးကို ဆက်မလုပ်ချင်တော့။ ရပ်ပစ်လိုက်ချင်သည်။ ရွံ့တာများပြီး စောင်းကုန်မှာလည်းကြောက်သည်။ ဇွဲကိုလည်း ယွန်း မခွဲနိုင်ပါ။ တစ်ခုခုသာဆို ယွန်းရင်ကျိုးရမှာ။

စိတ်တွေလည်း ရှုပ်ပါသည်။ တော်ပါပြီ အငြိမ်မနေနိုင်မထိုင်နိုင် လျှာရှည်မိသော ယွန်းကိုယ်ယွန်း မုန်းလာသည်။ တစ်နေ့လုံးလည်း အိမ်ထဲမှာပဲ အလုပ်မရှိအကိုင်မရှိနှင့် ဒီအကြောင်းကိုသာ အခါခါထပ်၍စဉ်းစားနေမိသည်။

ညနေဘက်ရောက်မှသာ ရေလေးဘာလေး ချိုးလိုက်သည်။ ရေချိုးလိုက်သဖြင့် အနည်းငယ်လန်းဆန်းလာသည်။ အဖျားမရှိတော့သော်လည်း ဆေးများ၏အရှိန်ကြောင့် လူက နုံးချင်နေသည်။ အိမ်ကကောင်မလေးက



ညှိသည်ရောက်နေသည့်ပြောမှသာ အခန်းထဲကထွက်လာခဲ့သည်။

"အော်... ညှိသည်ဆိုလို့ ယွန်းက မေမေတို့ ညှိသည် ထင်နေတာ။ ကိုအောင်မင်းခန့်လို့ မထင်ဘူး။ အေးအေးရေ ကော်ဖီတစ်ခွက်ထည့်ခဲ့နော်"

"ဘယ်လိုလဲ ယွန်းနေကောင်းသွားပြီလား"

"အဟိး ကောင်းသွားပြီ။ ရုံးပြေးလုပ်လိုက်လို့။ ယွန်း ဒီနေ့ရုံးမတက်မှန်း ဘယ်လိုသိလဲ"

ညနေသုံးနာရီလောက်ကြီး ရောက်လာတယ် ဆိုထဲက ယွန်း ရုံးမတက်မှန်းသိလို့ပင်။

"ကျွန်တော်စိတ်ပူလို့ ဒီနေ့ ယွန်းရုံးကို ဖုန်းဆက်ကြည့်တော့ ယွန်းနေမကောင်းမှန်း သိရတာ"

ယွန်းကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်ကာ ပြောလာသဖြင့် ယွန်း အနေရခက်သွားသည်။ အေးအေးက ကော်ဖီခွက်လေးယူလာသဖြင့် ကိုအောင်မင်းခန့်ရှေ့သို့ ချပေးလိုက်သည်။

"ကော်ဖီသောက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းအတွက်လည်း ကြက်စွပ်ပြုတ်ဝယ်လာတယ်။ ပူတုန်းသောက်လိုက်ပါလား"

ကိုအောင်မင်းခန့်လှမ်းပေးသော ဂျိုင့်လေးကို ယူကာ ထမင်းစားခန်းသို့ ထလာခဲ့သည်။ သူက အတင်းတိုက်တွန်းနေသောကြောင့် အားနာတာလည်းပါသည်။ ထမင်းစားခန်းတွင် ဆန်ပြုတ်ကို ပန်းကန်ထဲလှယ်ထည့်ပြီး ကောင်မလေးကိုဂျိုင့်ဆေးခိုင်းကာ ပြန်ထွက်လာခဲ့သည်။

"အရမ်းကောင်းတာပဲ။ ကျေးဇူးပဲ။ အားတောင်နာတယ် လိုက်လဲပို့ပေးရသေးတယ် နောက်နေ့ကျတော့လည်း လူမမာစာတ်စာ လာပို့ပေးရသေးတယ်။ ကိုအောင်မင်းခန့်တော့ ယွန်းနဲ့ပေါင်းတာ ရှုံးပြီ"

"ရှုံးပါစေဗျာ။ ကျွန်တော်က ရှုံးချင်နေတာ။ အန်တီတို့ရော ယွန်း"

ဘယ်လိုအဓိပ္ပါယ်မှန်း မသိသောစကားကိုပြောပြီး ချက်ခြင်းစကားလွှဲပစ်လိုက်သည်။

"မေမေကဆိုင်သွားတယ်။ဖေဖေကတော့ရုံးလေ"

"အော်"

"ယွန်းက အရမ်းခင်ဖို့ကောင်းတယ်နော်"



"ဟုတ်လား မုန့်ပါကျွေးမယ်။ ဘာစားမလဲ"

"နေပါဗျာ။ ကျွန်တော်ကတကယ်ပြောတာ ယွန်းက လာနောက်နေတယ်"

"ဟုတ်တယ် ယွန်းကအရမ်းအစအနောက်သန်တာ။ ဒါကြောင့်လည်း ဖွဲ့နဲ့ဆို ခဏခဏရန်ဖြစ်တာ"

"ယွန်းက ဖွဲ့ကိုတော့ အရမ်းခင်တယ်နော်"

"ဟုတ်တယ် ယွန်းဘဝမှာ ဖွဲ့ကို အခင်ဆုံးပဲ"

"ကျွန်တော်ကိုရော.."

"ရှင်"

"ဟို ကျွန်တော်ကိုရော ဖွဲ့လိုခင်လားလို့ပါ"

"အင်း... ခင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကိုအောင်မင်းခန့်က ဒီကပြန်ရင် ရုံးပြန်ဝင်ရဦးမှာလား"

"ဘာလဲ ကျွန်တော်ကိုမမြင်ချင်တော့ဘူးလား"

ကိုအောင်မင်းခန့်၏ အပြုအမူအပြောအဆိုများကြောင့် ယွန်းရင်မောရသည်။ ခေတ်မိန်းမပျိုလေးတစ်ဦးဖြစ်သောယွန်းကလည်း ကိုအောင်မင်းခန့်၏ခြေလှမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုးမြင်လာသည်။ ဒီအတိုင်းဆိုလျှင်တော့ ခုတ်ရာတခြား ရှတာတစ်လွဲ ဖြစ်တော့မည်။

"မဟုတ်ပါဘူး။ ယွန်းက ဒီအတိုင်းမေးကြည့်လိုက်တာပါ"

"ဟုတ်ပါပြီဗျာ ကျွန်တော်ကလည်း ယွန်းကို စတာပါ။ ဒီကပြန်ရင် ကျွန်တော်အိမ်ပဲပြန်တော့မှာ။ ယွန်းကို စိတ်ပူလို့သာ စောစောရှုံးဆင်းလာတာ"

"ကျေးဇူးပါရှင်"

"မလိုပါဘူးဗျာ။ ကဲ- ယွန်းလည်းနားပါဦး ကျွန်တော်ကို စောင့်ခံနေရလို့ ပင်ပန်းနေဦးမယ်။ ကျွန်တော် ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

ကိုအောင်မင်းခန့် ပြန်သွားချိန်မှာတော့ ယွန်း သက်ပြင်းများချမိသည်။ စိတ်ညစ်တယ်။ စိတ်ညစ်တယ်။ ဘာတွေ့နှန်းကို မသိဘူး။ ယွန်းလည်း ဘာမှမလုပ်ရပါဘဲ ဘာတွေဖြစ်ကုန်မှန်းမသိတော့ပါ။ ဖွဲကတော့ ယွန်းလုပ်တယ်လို့ပဲထင်မှာ ကျိန်းသေသည်။



## အခန်း(၁၅)

ဖွဲနဲ့ ဒီနေ့လျှောက်လည်မည် ဖြစ်သဖြင့် ယွန်း အလှဆုံး ပြင်ဆင်နေမိသည်။ ကိုယ့်ချစ်သူရှေ့တွင် လှစေချင်သည်မှာ မိန်းကလေးတိုင်း၏ တူညီသော ဆန္ဒတစ်ခုပဲ မဟုတ်လား။ မနက်စောစောထဲက ဘာအကျႌဝတ်ရမလဲဆိုပြီး ဘီဒိုတစ်ခုလုံးကို မွှေနှောက်ရှာဖွေထားတာဖြစ်သည်။ နောက်ဆုံးတွင်တော့ ပန်းခရမ်းရောင်ရင့်ရင့် ကိုယ်ကျပ်အကျႌလေးနှင့် ရေသူမစကပ်လေးကို ရွေးချယ်လိုက်သည်။

ဝင်းဝါစိုပြေသော ယွန်းအသားအရည်နှင့်ဒီဝတ်စုံလေးကလိုက်ဖက်လွန်းလှသည်။ ပန်းရောင်ပြေပြေ ရှုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



လေးပေါ်တွင်လည်း ပန်းရောင်နုနု နှုတ်ခမ်းနီလေးဆိုးထားသည်။ ဆံပင်ရှည်ရှည်ဖြောင့်ဖြောင့်လေးများကို ပန်းရောင်စုံကလစ်ကြီးဖြင့် ခပ်မြင့်မြင့်ပင့်စီးထားသဖြင့်လည်း ယွန်းပုံစံလေးက သပ်ရပ်ကျော့ရှင်းနေသည်။ အိမ်ရှေ့တွင်လည်း ဖွဲ့ကားဟွန်းသံကြားသဖြင့် မှန့်ရှေ့တွင် တစ်ချက်ရပ်၍ ယွန်းကိုယ်လုံးကို တစ်ပတ်လှည့်ပတ်ကြည့်ကာ ကျေနပ်သွားသောအခါ ထွက်လာခဲ့သည်။

"မေမေ သမီး ဖွဲ့နဲ့အပြင်ခဏသွားလိုက်ဦးမယ်"

အိမ်ရှေ့တွင် ဖွဲ့နှင့်စကားထိုင်ပြောနေသော မေမေကို ခွင့်တောင်း လိုက်သည်။

"သွားတာတော့သွားပါ။ ရန်ဖြစ်လာသံမကြားချင်ဘူးနော်။ ထားမေ ဖုန်းဆက်တိုင်လို့ကတော့ ယွန်းမလွယ်ဘူးမှတ်"

"ဟုတ်ကဲ့ပါမေမေရယ် စိတ်ချပါ။ သမီးနဲ့ဖွဲ့က ဒီနေ့ လုံးဝရန်မဖြစ်အောင်နေမှာပါ"

"ကောင်းပါပြီတော်။ ဒီလိုအသံမျိုးပဲ ကြားချင်တာပါ"

"အန်တီသွားပြီနော်"

"အေးအေး သား"



မေမေကိုနှုတ်ဆက်ပြီးယွန်းတို့ကားလေး ကန်တော်ကြီးသို့မောင်းလာခဲ့သည်။ ချစ်သူဖြစ်ပြီးထဲက ယွန်းတို့နှစ်ယောက်လျှောက်လည်တာဆို၍ ကန်တော်ကြီးနှင့် ရုပ်ရှင်ရုံလောက်သာရှိသည်။ အလုပ်များသော ယွန်းတို့နှစ်ယောက်ကလည်း တစ်ပတ် တစ်ရက်တွေ့ဖို့ပင်တော်တော်ခက်သည်။ တွေ့ရင်လည်း ခဏသာတွေ့ဖြစ်ကြသဖြင့် အပြင်သိပ်မလည်ဖြစ်ပဲ အိမ်မှာပဲ တွေ့ဖြစ်ကြတာများသည်။ ဒီလိုလည်ဖြစ်တာဆို၍ တစ်လတွင် တစ်ရက်လောက်သာရှိသည်။ ကန်တော်ကြီးကိုဝင်လာသည်နှင့် စိတ်များကလန်းဆန်းလာသည်။ ကန်ရေပြင်ကိုဖြတ်တိုက်သော လေကြောင့်လည်းဝါသည်။ အုံ့ဆိုင်းနေသော သစ်ပင်များကြောင့်လည်း လတ်ဆတ်သော လေနှင့် အရိပ်များပါရသည်။

ယွန်းတို့ကားလေးလည်း ကန်ရေပြင်နံဘေးတခုံတန်းလေး တစ်ခုဘေးတွင်ထိုးရပ်လိုက်သည်။ ယွန်းတို့ထိုင်သောနေရာလေးက ကန်ကိုဖြတ်၍ ဆောက်ထားသောတံတားလေးတစ်လျှောက်ကိုမြင်နေရသည်။ တချို့သောအတွဲများနှင့်ကလေးများက တံတားပေါ်တွင် ပြေးလွှားဆော့ကစားနေသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်း အခုလိုငါတို့အတူ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် မတွေ့ရတာကြာပြီနော်။"

"ဟုတ်တယ်နော်။ ငါတို့နှစ်ယောက်မှာလဲ တစ်ပတ်လုံး အလုပ်လုပ်ရ။ ဒီလိုနားရက်မျိုး ကျတော့လည်း မိဘတွေကို ပြန်ကူရရဲ့ အေးအေးဆေးဆေးကိုမတွေ့ရဘူး"

"အဲဒါကြောင့် နင့်ကို အလုပ်ထွက်ပါလို့ ပြောနေတာပေါ့"

"ထွက်မှာပေါ့ ဖွဲ့ရယ်။ နင်နဲ့ ယူပြီးရင် နင်မကြိုက်တာဘာမှမလုပ်တော့ဘူး။ အခုတော့ လုပ်ပါရစေဦးနော်။ စိတ်ချ နင်နဲ့ယူပြီးရင် နင့်ကိုစွ တွေ့ပဲ လိုက်လုပ်ပေးမယ်နော်"

"ဟွန်း အဲလိုပြောပြောပြီးလူကိုညာညာချွဲနေတာ"

ဖွဲ့က ထိုသို့ပြောပြီး ယွန်းကိုဖက်လိုက်သဖြင့် ယွန်း အလိုက်သင့်လေး ဖွဲ့ပခုံးပေါ်မှီလိုက်သည်။ ဒီလိုအချိန်တွေလောက် ဘဝမှာပြီးပြည့်စုံတာမရှိတော့ချေ။ လေတဖြူးဖြူးနှင့် အေးမြသောအရိပ်အောက်တွင် ချစ်သူရင်ခွင်ထဲတွင် နေရတာလောက် ကြည်နူးစရာကောင်းတာမရှိချေ။

"ယွန်းရယ် နင့်ကိုငါ အရမ်းချစ်တာပဲသိလား။"



"ငါလည်း နင့်ကို...။"

"တူ..တူ..တူ။"

စကားဝင်ဆုံးအောင် ပြောခွင့်မရလိုက် ဖုန်းမြည်လာသည်။ ဖုန်းသံကြောင့်လည်း ဖွဲ့က ခါးမှချိတ်ထားသော ဖုန်းလေးကို ထုတ်ကိုင်လိုက်သည်။ ယွန်းလည်း ဘယ်ကဖုန်းမှန်းမသိသဖြင့် အသာလေးငြိမ်နေလိုက်သည်။

"ဟလို။"

"ဖွဲ့ ရှင် မိုးပြေးဖုန်းနံပါတ်ကို Block ထားတာလား။ မိုးပြေး မနက်ထဲက ခေါ်နေတာ ခေါ်လို့မရဘူး။ သူငယ်ချင်းဖုန်းနဲ့လည်းကျရော တစ်ခါထဲတန်းခေါ်ရော။"

"မိုးပြေး ထင်သလို မဟုတ်ပါဘူး။
တိုက်ဆိုင်သွားတာပါ"

အမှန်တကယ်က သူမအသံမကြားချင်၍ တမင်ကို သူမဖုန်းနံပါတ်ကို Block လုပ်ကာ ခေါ်လို့မရအောင် လုပ်ထားခြင်းဖြစ်သည်။ လည်သောသူမကလည်း တခြားဖုန်းတစ်လုံးနှင့်ခေါ်ကာ တမင်လိုက်စစ်နေခြင်းဖြစ်သည်။ မိုးပြေးဆိုသော အသံကြားသည်နှင့်လည်း ကျွန်တော့်ရင်ခွင်ထဲတွင် ရှိနေသောယွန်းကလည်း ရင်ခွင်ထဲမှ ရုန်းထနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းကို ခပ်တင်းတင်းပြန်ဖက်ထားရင်း မိုးပြေးကိုလည်း စကားမြန်မြန်ဖြတ်ရသည်။

ယွန်းကလည်း ကျွန်တော့်ကို စိတ်ကောက်နေပြီဖြစ်သည်။ ပြေပြေလည်လည်နေပါပြီဆိုမှပဲ အနှောက်အယှက် ဝင်လာသဖြင့်လည်း စိတ်ပျက်မိသည်။

"အို ဘာလို့မဟုတ်ရမှာလဲ မိုးပြေးအားလုံးသိတယ်။ ရှင် မိုးပြေးကို တမင်ရှောင်နေတာမှတ်လား။"

"မဟုတ်ပါဘူး မိုးပြေးရယ်။ ကျွန်တော်အလုပ်များနေလို့ပါ'

"ရှင်က အခုဘယ်ရောက်နေတာလဲ"

"ကျွန်တော် အပြင်မှာ"

"ဘယ်သူနဲ့ ဘယ်သွားနေတာလဲ"

"မမေ့ကို ဘုရားလိုက်ပို့ပေးနေတာ"

"ပြီးရောလေ ဒါဆိုလည်း မိုးပြေးဖုန်းချလိုက်မယ်။ မိုးပြေးအတွက်ပါ ပိုဆုတောင်းပေး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဖုန်းချလိုက်သည်နှင့် နှုတ်ခမ်းစူနေသော ချစ်သူလေးကိုလည်း အသည်းအသန်ချော့ရသေးသည်။

"ကြည့်ပါဦး ငါ့ချစ်သူလေးက သဝန်မတိုတတ်လို့ပဲ။ နှုတ်ခမ်းကြီးကို စူထော်နေတာပဲ"



ယွန်းမေးဖျားလေးကို လက်လေးနှင့်ကိုင်ကာ ချော့လိုက်သည်။ ယွန်းကတော့ လက်ကိုပုတ်ထုတ်ကာ စိတ်တိုနေသည်။ မျက်နှာများပင် နီရဲတွတ်လာသည်။

"ယွန်းကလည်း စိတ်မဆိုးပါနဲ့။ ငါက သူ့အသံတောင် မကြားချင်လို့ သူ့ဖုန်းနံပါတ်တောင်ပိတ်ထားတာ။ အခုလည်း သူ့သူငယ်ချင်းဖုန်းနဲ့ခေါ်တော့ ငါမှမသိတာ ကိုင်မိတာပေါ့။ ငါက နင်ကလွဲရင် ကျန်တာ ဆန်ကွဲပါကွာ"

"ပြောတော့သာ ဆန်ကွဲလေး ဘာလေးနဲ့။ ဟိုကမေးတော့ဖြင့် မေမေနဲ့ဘုရားသွားတယ်လေး ဘာလေးနဲ့ နင်အဲလောက်တောင်မိုးပြေးကိုကြောက်နေရင် မိုးပြေးနားမှာပဲနေ။ ငါ့နားမလာနဲ့"

"အော် ငါ့ချစ်သူလေးက ဒါကို စိတ်ဆိုးနေတာကိုး။ စိတ်မဆိုးပါနဲ့ကွာ။ ငါက နင့်နဲ့ အတူရှိနေတယ်လို့ ပြောလိုက်ရင် သူက တစ်ခါထဲလိုက်လာမှာပေါ့။ အဲကျရင်ကိုယ့်ချစ်သူနဲ့ကိုယ် နှစ်ယောက်ထဲ ဘယ်လိုအတူနေလို့ရမှာလဲ။ ငါကနင့်ကိုဒီလို ငါ့ရင်ခွင်လေးထဲမှာ ဖက်ထားချင်တာ။ ဒါကြောင့်မပြောတာပါ ချစ်ရာ"

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ပြောတာကလည်း ဟုတ်တော့ဟုတ်သည် ဘာပဲဖြစ်ဖြစ် ဖွဲ့နဲ့ယွန်း အတူရှိတယ်ဆိုလို့ကတော့ မိုးပြေးက အတင်းလိုက်လာမှာသေချာသည်။ ဖွဲ့နဲ့ ယွန်းဘဝကလည်း အခုမှ မိဘတွေကို မကြောက်ရပဲ သူတို့နှစ်ဦးကို ပတ်ပြေးနေရသည်။ ကိုယ့်ချစ်သူနဲ့ ကိုယ်အတူရှိနေတာတောင် ဖွင့်မပြောရဲတဲ့ဘဝ ရောက်မှန်းမသိ ရောက်လာသည်။

"ဖွဲ့ ငါတို့နှစ်ယောက်လုပ်ရပ်တွေ မှားများမှားကုန်ပြီလားမသိဘူး နော်"

"ဟုတ်တယ် ယွန်း ငါလည်း အဲလိုထင်တယ်။ ငါတို့နှစ်ယောက်ရဲ့ ဘာမှမဟုတ်တဲ့စိန်ခေါ်မှုလေးက ငါတို့နှစ်ယောက်ကိုရော။ ငါတို့နဲ့ ပတ်သတ်တဲ့သူတို့ကိုပါ စိတ်အနှောက်အယှက်ဖြစ်စေတယ်"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ ဖွဲ့"

"ငါတို့ နှစ်ယောက် ချစ်သူတွေဆိုတာ သူတို့ကို ဖွင့်ပြောလိုက်ရင် ကောင်းမလား"

"အဲလိုတော့ မကောင်းဘူး ဖွဲ့။ ဘာလို့လဲဆိုတော့ အစထဲက နင်နဲ့ ငါက သူငယ်ချင်းပုံစံမျိုးဝင်ထားတာဆိုတော့ သူတို့ကိုငါတို့က တမင်လိမ်သလိုကြီး ဖြစ်သွားလိမ့်မယ်။ ငါအထင်တော့ နင်နဲ့ငါက



တစ်ယောက်ကို တစ်ယောက် အရမ်းချစ်နေတယ်။ ဒါပေမဲ့ ချစ်သူတွေတော့ မဟုတ်သေးဘူး။ သိပ်မကြာခင်အချိန်မှာ ချစ်သူတွေ ဖြစ်တော့မှာဆိုတာမျိုးကို ငါတို့ဖွင့်မပြောပဲ သူတို့ဘာသာ အလိုလိုသိအောင် လုပ်ရမယ်။ ဒါဆို ငါတို့လဲ သူတို့ကို လိမ်ရာမရောက်တော့ဘူးပေါ့။ မကောင်းဘူးလား"

"အင်းကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့သိအောင် ငါတို့ဘယ်လိုလုပ်မလဲ"

"အကြောင်းတစ်ခုခုတော့ ပေါ်လာမှာပါဖွဲ့ရယ် စိတ်မပူပါနဲ့"

"အင်း.. အခုမှပဲ နည်းနည်းစိတ်ချမ်းသာတော့တယ်"

"ဟုတ်တယ်နော် ဖွဲ့"

"တော်ပါ အဲဒါခင်ဗျားလေး ဆတ်ဆော့လို ဖြစ်ရတာ"

"အောင်မယ် နင်လည်း အလိုတူအလိုပါပဲဟာ အားတက်သရော စည်းကမ်းချက်တွေရေးတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီကွာ။ အခုအချိန်ကျမှတော့
တစ်ယောက်ကို တစ်ယောက်အပြစ်ပုံမချပဲ
လက်တွဲပြီး ဖြေရှင်းကြတာပေါ့"

"အင်း... အဲဒါကောင်းတယ်"

ကလေးလိုထောက်ခံနေသော ယွန်းကို အသည်းယားစွာဖြင့် သူမဆံပင်များကိုလက်ဖြင့် ထိုးဖွလိုက်သည်။ သဘောကျနေသော သူမကလည်း ကျွန်တော်ရင်ခွင်ကို ခေါင်းနှင့်ထိုးတိုက်လာသည်။ ဒီလိုပျော်စရာကောင်းသော အချိန်များကို အခုဆို ကျွန်တော်တို့နှစ်ယောက် တန်ဖိုးထားတတ်လာသည်။

နေ့လည်ဘက်တွင်တော့ ယွန်းဈေးဝယ်ထွက်ချင်သဖြင့် အဖော်လိုက်ပေးရသည်။ ယွန်း တော်တော်လျှောက်နိုင်မှန်းကို ဈေးဝယ်ထွက်မှပဲ သေသေချာချာ သိလိုက်ရသည်။ သူမလိုချင်သောပစ္စည်းများကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်ရှာသည်။ ကျွန်တော်ကသာ ခြေထောက်တွေညောင်းသည် သူမကတော့ တစ်ချက်မငြီးချေ။

သူမ ဈေးဝယ်၍ ကျေနပ်သောအချိန်တွင်တော့ ကျွန်တော်ဗိုက်ထဲတွင် စစ်ပွဲတစ်ရာလောက်ဖြစ်နေသည်။ ထိုကြောင့်လည်း အနီးဆုံး Feel စားသောက်ဆိုင်ကို



ဝင်ခဲ့သည်။ ဗိုက်ဆာဆာနှင့် အစားအသောက်များကိုသာ ကုန်းရုန်းစားနေသဖြင့် ဘေးပတ်ဝန်းကျင်လည်း သတိမထားမိချေ။

"ဖွဲ့နဲ့ယွန်း ဘာလာလုပ်ကြတာလဲ"

အသံကြားသဖြင့် နှစ်ယောက်လုံး အစားစားနေရာမှ ခေါင်းထောင်ကြည့်လိုက်ကြသည်။

"ဟာအောင်မင်းခန့် ရှိန်းထားရင်တောင်လွဲဦးမယ်။
ယွန်းပေါ့ သူ ဈေးဝယ်ထွက်တာအဖော်ခေါ်လို့
လိုက်လာပေးရတာလေ"

"ဘာတွေ ဝယ်ခဲ့လဲယွန်း"

"အဟွန်း..အစုံပဲ"

"ယွန်း နေရောကောင်းသွားပြီလား"

"ကောင်းသွားပြီ"

"သူလား ရုံးမတက်ချင်လို့နေမကောင်းချင်ယောင်
ဆောင်တာ"

"ဖွဲ့ နော် နင့်လိုမှတ်နေလား။ ကိုအောင်မင်းခန့်
တစ်ယောက်ထဲလား"

"မဟုတ်ဘူး ယွန်း ကျွန်တော်ညီသည်တွေ
ပါတယ်။ ယွန်းတို့ကိုတွေ့လို့ သပ်သပ်လာ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်တာ။ ညကျမှ ယွန်းဆီ ကျွန်တော် ဖုန်းဆက်လိုက်မယ်နော်"

"ဟော့ကောင်ဖွဲ့ ငါဆီလာလည်ဦး။ ငါမင်းကို စကားအေးဆေးပြောစရာရှိသေးတယ်"

"အေးအေး ငါလာခဲ့မယ်"

"ဒါဆိုသွားပြီ။ ယွန်း၊ ခွင့်ပြုပါဦးနော်"

ကိုအောင်မင်းခန့်တို့စားပွဲက ယွန်းကို မျက်စောင်းထိုးစားပွဲ ဖြစ်သည်။ ကိုအောင်မင်းခန့်နှင့် အတူအဖော်ယောကျ်ားနှစ်ယောက်လောက်ကိုပါ တွေ့ရသည်။

"ယွန်း စားစရာရှိတာစား။ မျက်လုံးတွေလည်း ခွေသွားဦးမယ်"

"သဝန်မတိုပါနဲ့ ဖွဲ့ရယ် သူ ဘယ်လို ယွန်းတို့ကို မြင်လည်း သိချင်လို့ ကြည့်တာပါနော်စိတ်မဝင်စားပါဘူး"

"ပြီးတာပဲ ဟိုဂေါ့ညဖုန်းဆက်လို့ ရည်းစားစကားပြောရင် တစ်ခါထဲငြင်းနော်။ စဉ်းစားဦးမယ် ဘာညာဆိုပြီး မှုမထားနဲ့။ ဟိုကောင်ကလည်း အစကတော့ မိန်းမတွေ စိတ်မဝင်စားသလို ဘာလိုလိုနဲ့ ငါ့ရည်းစားလဲတွေ့ရော ပစ်ကျသွားတာပဲ"



"အင်းပါဖွဲ့ရယ် စိတ်ချပါ။ ဘာမှ စိတ်မပူနဲ့နော်"

ယွန်းတို့နှစ်ယောက် ထွက်လာချိန်တွင်တော့ ကိုအောင်မင်းခန့်တို့လည်း မရှိတော့ချေ။ ဖွဲ့ကတော့ လမ်းတစ်လျှောက်လုံး မှာတမ်းများခြွေလို့ကို မပြီးနိုင်တော့ချေ။ အိမ်ရောက်မှသာ ယွန်း နားအေးတော့သည်။ တခါတလေတွင် အချစ်သည် အင်မတန်နားငြီးတတ်မှန်းကိုလည်း ဖွဲ့က ယွန်းကို သင်ပေးခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် ဖွဲ့ဒီလို သဝန်တိုတာလေးကိုပဲ ယွန်း ကျေနပ်ပျော်ရွှင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ညရောက်သည်နှင့် ယွန်းဟန်းဖုန်းလေးဆီမှ အသံလေးများကို ကြားရသည်။

"ဟလို။"

"အိပ်နေပြီလား ယွန်း"

"မအိပ်သေးပါဘူး ကိုအောင်မင်းခန့် ယွန်း စာဖတ်နေတာပါ"

"အော်..ကျွန်တော်ကတော့အိပ်လို့ကိုမပျော်တာ"

"ဘာဖြစ်လို့လဲ ကိုအောင်မင်းခန့်"

"ယွန်းကို ကျွန်တော်တစ်ခုမေးကြည့်ချင်တယ်။ ကျွန်တော်မေးရင် ယွန်း စိတ်ဆိုးမလား"

"မေးပါ ယွန်း စိတ်မဆိုးပါဘူး"



"ယွန်း အချစ်ကို ဘယ်လိုနားလည်လဲ"

"ယွန်း နားလည်တဲ့ အချစ်ကတစ်ဦးကိုတစ်ဦး သစ္စာရှိရမယ်။ စာနာ နားလည်နိုင်ရမယ်။ အရေးအကြီးဆုံးက တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာ ချစ်ရမယ်"

"တကယ်လို့များ အချစ်မပါဘဲ ရွေးချယ်ခဲ့မိတယ်ဆိုရင် ဘယ်လိုပြန်လုပ်သင့်လဲ ယွန်း"

"ဘယ်အခြေအနေထိရောက်လဲပေါ်မူတည်တယ် ကိုအောင်မင်းခန့်။ တကယ်လို့များနှစ်ဦးလုံးက မချစ်ခဲ့ရင်တော့ ညှိနိုင်းလို့ကောင်းသေးတယ်။ ဒါမှမဟုတ်ပဲ တစ်ဦးတစ်ယောက်ဘက်ကပဲဆန္ဒမပါတာမျိုးဆိုရင်တော့ ခံစားရမဲ့တစ်ဖက်သားအတွက် မတရားရာကျတာပေါ့။ အထူးသဖြင့် ခံစားရမယ့်သူက မိန်းကလေးတစ်ယောက်ဖြစ်နေရင် ပိုဆိုးတာပေါ့။ မိန်းကလေးတွေက အရှက်နဲ့လူလုပ်ရတာပါ ကိုအောင်မင်းခန့်"

"ကျွန်တော် ယွန်းကို ကျွန်တော်ဘဝအကြောင်း နည်းနည်းပြောပြချင်တယ်။ ကျွန်တော်က ငယ်ငယ်လေးထဲက အောင်မြင်တဲ့ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်တစ်ယောက် အရမ်းဖြစ်ချင်ခဲ့တယ်။ ကျွန်တော်မျှော်လင့်သလိုပဲ ကျွန်တော်လည်း ငယ်ငယ်ရွယ်ရွယ်မှာ အောင်မြင်တဲ့ လုပ်ငန်းရှင် တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော် မျက်စိထဲမှာအချစ်ခိုတဲ့အရာကို မတွေ့ခင်အထိ ကျွန်တော်အချစ်ဆုံးအရာက ပိုက်ဆံပဲ ယွန်း။ ပိုက်ဆံကလွဲရင် ကျန်တာဘာမှ ကျွန်တော်မချစ်ဘူး။ ဘဝကိုအောင်မြင်ချင်တဲ့ ကျွန်တော်ကဘဝမှာ အကောင်းဆုံးဆိုတာတွေကိုပဲရွေးချယ်ခဲ့တယ်။ ကျွန်တော်အရွယ်ရောက်တဲ့ အချိန်မှာကျွန်တော့် ငယ်သူငယ်ချင်းလည်းဖြစ် မိဘချင်းလည်းရင်းနှီးပြီး လုပ်ငန်းချင်းဆက်စပ်နေတဲ့ မြတ်ဖူးငုံနဲ့ကျွန်တော့် ကို လူကြီးတွေကသဘောတူခဲ့တယ်။ သူတို့က တော့ လု ငန်းတူတွေ စီးပွားခွဲစရာမလိုအောင် ကျွန်တော်နဲ့ ဖူးငုံကို သဘောတူခဲ့တယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း ဒီအစီအစဉ်ကို သဘောတူခဲ့တယ်"

"အရမ်းကောင်းတဲ့ စိတ်ကူးပဲ။ တကယ်လဲ ကိုအောင်မင်းခန့်နဲ့ ဖူးငုံတို့က လိုက်မက်ညီတဲ့ ချစ်သူတွေပဲ"



"မဟုတ်ဘူးယွန်း အခုအချိန်မှာ ကျွန်တော့်စိတ်တွေ အရမ်းကိုယိမ်းယိုင်နေပြီ။ ကျွန်တော် အခုအချစ်ကို သိခွင့်ရလိုက်ပြီ ယွန်း။ ကျွန်တော်ကိုယ်ချစ်သူက လွဲရင် ဘယ်သူကိုမှ လက်မထပ်ချင်တော့ဘူး။ ကျွန်တော် ဘာလုပ်ရမလဲ ယွန်းရယ်"

"အခုအချိန်မှာတော့ ကိုအောင်မင်းခန့် ဘာမှမလုပ်သင့်တော့ဘူး။ ဘာလို့လဲဆိုတော့ ကိုအောင်မင်းခန့်နဲ့ ဖူးငုံက တရားဝင်လူသိရှင်ကြားစေ့စပ်ထားတာ။ စေ့စပ်ပွဲ ပျက်သွားတယ်ဆိုတာ ယောက်ျားလေးဘက်ကသာဘာမှ သိပ်မနစ်နာတာ မိန်းကလေးဘက်က အရမ်းနစ်နာတာ။ပြီးတော့ ယွန်းကြည့် ရသလောက် ဖူးငုံက ကိုအောင်မင်းခန့်ကို အရမ်းချစ်တာပါ။ ကိုအောင်မင်းခန့်ကံကောင်းပါတယ်။ လောကမှာကိုယ်ချစ်ကိုမရှာပါနဲ့ ။ သူချစ်ကိုပဲရှာပါ။ ကိုယ်ချစ်ကအရမ်းစိတ် ပင်ပန်းရတယ်"

"ယွန်းကအချစ်အကြောင်းအရမ်းသိတာပဲ။ ယွန်းမှာ ချစ်သူရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဦးနှစ်ဖက်လုံး ဖွင့်ပြောစရာမလိုပဲအလိုလိုသိနေနိုင်တာကို အချစ်လို့ ပြောရင်တော့ယွန်းမှာချစ်သူရှိပါတယ်။"

"ယွန်းချစ်သူဆိုက ဘာတွေမျှော်လင့်ထားလဲယွန်း"

"ယွန်း သစ္စာရှိမှုတစ်ခုထဲပဲ မျှော်လင့်ထားတာပါ။ ကျွန်တာဘာပဲ ဖြစ်နေဖြစ်နေ ယွန်းခွင့်လွှတ်နိုင်ပါတယ်"

"ယွန်းအချစ်ကိုရတဲ့သူကတော့ အရမ်းကံကောင်းတာပဲနော်"

"အဲလိုလဲမဟုတ်ပါဘူး ယွန်းကြားဖူးတာတစ်ခုရှိတယ်။ လူတွေက ကိုယ့်လက်ထဲမှာရှိတဲ့အရာတစ်ခုကို သိပ်တန်ဖိုးမထားတတ်ကြတာပါ။ ကိုအောင်မင်းခန့်လည်း အရမ်းကံကောင်းတာပါ။ အခုခေတ်မှာ ဖူးငုံလို ဥစ္စာပေါ ရုပ်ချော မိန်းကလေးမျိုးရဖို့မလွယ်တော့ဘူး"

"ကျွန်တော်ဘဝမှာ ပြင်ဆင်ခွင့်ရှိဦးမယ်ဆိုကျွန်တော် ပြင်ချင်ပါသေးတယ်။ကျွန်တော်ဘေးမှာသာ ကျွန်တော်ချစ်တဲ့ ချစ်သူက



မားမားမတ်မတ်ရပ်တည်ပေးမယ်ဆို ကျွန်တော်အားလုံးကို ရင်ဆိုင်ဖို့အသင့်ပါ"

"ယွန်း အိပ်တော့မယ်နော်။ တော်တော်လည်းညဥ့်နက်နေပြီ"

"ယွန်း..အိမ်မက်လှလှ မက်ပါစေဗျာ"

"ဂွတ်နိုက်နော်"

ယွန်း အတင်းဖုန်းချလိုက်ရပေမဲ့ ယွန်းစိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ ယွန်းကြောင့် သူများ ချစ်သူနှစ်ဦးကွဲမှာကို ယွန်းဘယ်လိုမှ မလိုလားပေ။ ယွန်း ခွဲဆီ ဖုန်းဆက်၍ အကျိုးအကြောင်းများကို ရှင်းပြလိုက်သည်။ ခွဲကိုယ်တိုင်လည်း မိုးပြေး၏မျက်နှာသာပေးမှုများကြောင့် စိတ်ညစ်နေရသည်။

ခွဲနှင့်ယွန်းကြောင့်တော့ ဘယ်သူမှ မထိခိုက်အောင်တတ်နိုင်သလောက် ကြိုးစားကြရန် တိုင်ပင်ခဲ့ကြသည်။ အတူလက်တွဲပြီး အနူးညွှံဆုံးနှင့် အကောင်းဆုံးနည်းများကိုသာသုံးရန် အသေးစိတ်တိုင်ပင်ခဲ့ကြသည်။ တော်တော်ကြာအောင် ဖုန်းပြောပြီးတော့မှ ယွန်းတို့ အိပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

ခွဲတို့ရုံး၏ထုံးစံက ထမင်းစားချိန်တွင် ကိုယ့်ဌာနမှာရှိတဲ့ လူအားလုံး ထမင်းစုစားတတ်ခြင်းပင်။ ပျော်စရာကောင်း၍ ဟင်းစုံ လက်ရာစုံ စားရသော အချိန်ဖြစ်သည်။ Marketing ဆင်းသောလူများကလည်း ထိုအချိန်ကို ရောက်အောင်ပြန်လာတတ်ကြသည်။ လုံးဝမရောက်နိုင်လျှင်တော့ ဖုန်းဆက်၍ မစောင့်ရန် လှမ်းပြောကြသည်။ ရုံးကလူများကလည်း ထိုသို့ပြောမှသာထမင်းစားကြသည်။ ဒါက ခွဲတို့ရုံး၏ ချစ်စရာဓလေ့စရိုက်လေးဖြစ်သည်။

"ဒီနေ့တော့ ရုံးမှာ လူစုံတယ်ဟေ့။ ဟင်းစုံစားရတော့မယ်"

"ကိုခွဲ ဘာဟင်းလဲ"



"မသိဘူး ဖွင့်ကြည့်လိုက်ဦးမယ်"

မောင်အေးက လှမ်းမေးသဖြင့် ချိုင့်ဖွင့်လိုက်သည်။ ထိုအချိန်တွင် အခန်းတံခါးဖွင့်သံကြားသဖြင့် အားလုံး၏အကြည့်များက တံခါးဝဆီသို့ စုပုံရောက်ရှိသွားသည်။

"ကျွတ်.."

ခွဲ စိတ်ပျက်သွားသည်။ ဘယ်လိုယဉ်ကျေးမှုမသိသော ကောင်မလေးမှန်းမသိ။ ထိုသို့ရုံးကို လိုက်လာခြင်းမျိုးကို ခွဲလုံးဝမကြိုက်။ သူများတစ်မျိုး ထင်တာကိုမကြိုက်ပေ။ ပြီးတော့ သူမလိုလန်ပျံထွက်နေသော မိန်းကလေးမျိုးနှင့်လည်း ခင်ကြောင်း လူကြားထဲတွင်မပြချင်။

တခြားကောင်လေးများကတော့ ဒီလို အခွင့်အရေးမျိုးကို အင်မတန် သဘောကျလျှင်ကျမည်။ ခွဲကတော့ မိန်းကလေးဆို အိနြေ္ဒသိက္ခာရှိတာမျိုးပဲ ကြိုက်သည်။ အခုလိုမျိုးပုံဆို လမ်းတောင်တွဲမလျှောက်ချင်။

"ခွဲ ထမင်းစားချိန် အပြင်ခဏထွက်လို့ ရတယ်မဟုတ်လား"

"မရဘူး"

ခွဲက ခပ်ဆတ်ဆတ်အော်လိုက်သဖြင့် ရုံးဝန်ထမ်းများက အားနာသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်ကိုကလဲ၊ ထမင်းစားချိန်
တစ်နာရီက ဘယ်မှာစားစားရတယ်လေ"

"အိုကေ လာ ခွဲသွားမယ် ဒီနားလေးတင်လေ။
တစ်နာရီမထိုးခင်ပြန်ပို့ပေးမယ်"

မိုးပြေးက ပွဲစားပွဲနားလာရပ်ကာ ခွဲကိုပါ အတင်း လာထူနေသဖြင့် သရုပ်ပျက်လှသည်။ နဂိုထဲက ဓါတ်ခံ အမြင်ကပ်နေသောခွဲအပို့ သူမလုပ်ရပ်များက မုန်းစရာ ကောင်းလှသည်။ မိုးပြေးလက်ကို အတင်း ပုတ်ထုတ်ရင်း…

"ဒါပေမဲ့ ဒါနားလည်မှုလေကွာ။ တရားဝင်
စည်းကမ်းထုတ်ထားတာမှမဟုတ်တာ။အားတော့
နာတယ် မိုးပြေး မင်းကိုငါတစ်ခုပြောရဦးမယ်။
မင်းစိတ်ထင်တိုင်းလုပ်တဲ့အထဲမှာ သူများကိုယ်ရေး
ကိုယ်တာ မပါပါစေနဲ့။ ငါ အလုပ်ချိန်မှာ ဂါ
ဘယ်နည်းနဲ့မှ အပြင်မထွက်နိုင်ဘူး။ မင်းလည်း
ပြန်တော့"

ကျွန်တော် စကားဆုံးချိန်မှာတော့ သူမ မျက်ဝန်း များတွင် မျက်ရည်များနှင့် ကျွန်တော်ရှေ့မှ ထွက်ပြေးသွား လေသည်။ သူမ ငိုသွားလား။ ရှက်သွားတာ ဖြစ်မည်။ ပြောတုန်းတတော့ ပိုင်စိုးပိုင်နင်းလုပ်သော သူမအမူအရာ



များကို မကြိုက်သဖြင့် ဒေါသနှင့်ပြောပြီးတော့မှ လွန်သွား မှန်းသိသည်။ ဘေးနားမှ ရုံးဝန်ထမ်းများကပါ ဝိုင်းပြော သဖြင့် မိန်းကလေးတစ်ယောက်ကို အနိုင်ယူမိသော မိမိ ကိုယ်ကိုယ်ပင် ရှက်လာသည်။

"အစ်ကိုကလည်း ကျွန်တော်တို့ရှေ့မှာအဲလောက်
ကြီးပြောတော့ ရှက်သွားမှာပေါ့။ ဘယ်လောက်ပဲ
ဟော့ရှော့ ဖြစ်ဖြစ် မိန်းကလေးဆိုတော့ ရှက်သွား
မှာပေါ့"

"ဟုတ်ပါတယ် မောင်စွဲရယ်။ ကောင်မလေး
သနားပါတယ်။ သူ့ခင်မျာ မင်းကို သံယောစဉ်
ရှိလွန်းလို့သာ မိန်းကလေးတန်မဲ့ လာတာပေါ့။
ကိုယ်မတုန့်ပြန်နိုင်တောင် အေးအေးသက်သာ
ပြောမှပေါ့ကွဲ့"

"ဟုတ်ကဲ့ပါ အန်တီနဲ့ ကျွန်တော်လည်း ဒေါသနဲ့
ပြောတာလွန်သွားတယ်။ ကျွန်တော်ပြန်တောင်းပန်
လိုက်ပါ့မယ်"

မိန်းမတွေများအရေးကြုံလျှင် အချင်းချင်း တော် တော်ညီညွတ်ကြသည်။အစက မိုးပြေးရဲ့ဝတ်ပုံစားပုံကြည့်ပြီး ထိပ်ဆုံးကကဲ့ရဲ့နေသော အပျိုကြီးအန်တီနွဲ့ပင် မိုးပြေးဘက် တော်သားလုံးလုံး ဖြစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းပြောနေသဖြင့်လည်း အလုပ်လုပ်ရတာပင် စိတ်မဝင်စားဘဲ အယောင်ယောင်အမှားမှား ဖြစ်နေသည်။ ရုံးဆင်းချိန်တွင်တော့ ယွန်းဆီဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်တော့လည်း ယွန်းကပါ တောင်းပန်သင့်သည် ပြောလာသဖြင့် မိုးပြေးထံဖုန်းဆက်လိုက်သည်။

"ဟလို"

"မိုးပြေး ကျွန်တော် နေ့ခင်းကကိစ္စအတွက် တောင်းပန်ပါတယ်။ တကယ်တော့လူအများရှေ့မှာဆိုတော့ ကျွန်တော်လည်းရှက်ပြီး အော်လိုက်မိတာပါ။ ကျွန်တော်လွန်သွားပါတယ်။ ကျွန်တော်ကိုခွင့်လွှတ်ပါ"

"မိုးပြေးဘဝမှာ ဒီလိုအပြောခံရတာ ပထမဆုံးပဲ။ မိုးပြေး အရမ်းရှက်တယ်။ တကယ်တော့လေမိုးပြေးဝင်ရှုပ်တာပါ။ မိုးပြေးကအချစ်ကို တန်ဖိုးမထားခဲ့ဘူး။ ဒါကြောင့် မိုးပြေးတန်ဖိုးထားတဲ့အချစ်ကျတော့ မိုးပြေးကို ပြန်ပြီးတန်ဖိုးမထားဘူး"

"မိုးပြေးက တကယ်တော့အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်ပါ။ မိုးပြေးကိုတကယ်ချစ်တဲ့ ချစ်သူတွေရှိမှာပေါ့"



"မိုးပြေး မငြင်းပါဘူး။ မိုးပြေးကိုအရမ်းချစ်တဲ့ ချစ်သူတစ်ယောက်ရှိပါတယ်။ သူ့နာမည်က ငြိမ်းချမ်းကျော်တဲ့။ သူကတော့ မိုးပြေးကိုချစ်တဲ့လူတွေထဲမှာ ခွဲအရှိဆုံးနဲ့ မိုးပြေးအပေါ် အရမ်းနားလည်တဲ့လူ။ မိုးပြေး ရည်းစားတွေအများကြီးတွဲလဲ မိုးပြေးအပေါ် တစ်ချက်မေတ္တာမပျက်တဲ့သူ။ ရယ်စရာတစ်ခုပြောရဦးမယ်။ မိုးပြေးသူ့ကိုဖြတ်ပြီး နောက်တစ်ယောက်နဲ့တွဲတုန်းက နောက်တစ်ယောက်က မိုးပြေးအကြောင်းကိုသိတာပေါ့။ မိုးပြေးကလူတစ်ယောက်ကို အကြာကြီးမချစ်တတ်မှန်း။ သိပ်မကြာခင် နောက်တစ်ယောက်ပြောင်းတတ်မှန်း။ သူနဲ့ချစ်သူဖြစ်နေတုန်း မိုးပြေးကိုနာမည်ကြီးအဆို တော် ကောင်လေးတစ်ယောက်က အသည်းအသန်လိုက်ရော။ မိုးပြေးကလည်း ဟိုကောင်လေးကို စိတ်ဝင်စားတဲ့ အရိပ်အရောင်တွေလည်းမြင်ရော မိုးပြေးကိုကားတင်ပြေးရော။ မိုးပြေးက ကားပေါ်မှာအတင်းတိုင်မယ်တောမယ်တွေလည်း လုပ်တာပေါ့။ အခြေအနေမကောင်းမှန်းလည်းသိရော ပဲခူးမှာ မိုးပြေးကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းထားခဲ့ပြီး ထွက်ပြေးရော။ အဲတုန်းက မိုးပြေးက ဒီအတိုင်း ညနေဘက်ကားလျှောက်စီး ရင်းထွက်လာတာဆိုတော့ လက်ထဲမှာလဲ ပိုက်ဆံ မပါဘူး။ အိမ်ကိုဖုန်းဆက်ရင်လည်း ကြီးတော်က ဆူမှာ မှတ်လား။ မိုးပြေးလည်း သူငယ်ချင်း တစ်ယောက်အိမ်မှာ အိပ်မယ်လို့လိမ်ပြီး ငြိမ်းချမ်း ကိုလာခေါ်ခိုင်းတာ။ ငြိမ်းချမ်းက လာခေါ်ပေးပြီး တဲ့အပြင် မိုးပြေးတည်းဖို့ပါ တည်းခိုခန်းတွေ ဘာတွေပါ ငှားပေးခဲ့ရတာ။ အခုအထိလည်း မိုးပြေးအတွက်ဆို အသက်ပါစွန့်မယ်လူမျိုး"

"သူ့ကို မိုးပြေးမချစ်ဘူးလား။"

"မိုးပြေးဘဝမှာ မိုးပြေးလိုချင်တာကို ဖြည့်ပေးမဲ့ သူတွေချည်း တွေ့ခဲ့ရတာ။ဘယ်လိုပြောမလဲ နေ့တိုင်း အသားဟင်းစားနေရတော့ ငါးပိရည် တို့စရာလေးကို ပိုမက်မောလာတယ်လို့ပဲ ပြောရ မလား ။ မိုးပြေးကိုဂရုစိုက်တာထက် မိုးပြေးက ဂရုစိုက်ရတာကိုပဲ ပိုကြိုက်လာတယ်။ မိုးပြေးကို ချစ်တာထက် မိုးပြေးကပဲ လူတစ်ယောက်ကို ဂရုစိုက်ပြီးပဲ ချစ်ချင်လာတယ်"



"အဲဒါ အချစ်မဟုတ်ဘူး မိုးပြေး။ တကယ်တော့ အဲဒါ မိုးပြေးမာနကို မိုးပြေးချစ်တာ လူတိုင်းက မက်မောတဲ့ မင်းသမီးတစ်ယောက်ကို မင်းဘာလို့ မချစ်ရမှာလဲဆိုတဲ့မာန ပြီးတော့ မိုးပြေးမခံစား ဘူးသေးတဲ့ အတွေ့အကြုံအသစ်တစ်ခုအတွက် ရင်ခုန်စိတ်လှုပ်ရှားမှုလေးတစ်ခုပါ။ တကယ်လို့များ မိုးပြေး အဲဒီအရာတစ်ခုကို တကယ်ပိုင်ဆိုင်ခွင့် ရခဲ့ရင်လည်း မိုးပြေးအခုလိုနှစ်သက်နေမှာ မဟုတ် တော့ဘူး"

"အဲဒါတော့ မိုးပြေးမသိဘူး။ ဒါပေမဲ့ မိုးပြေး ဒီနေ့ဖွဲ့ကြောင့် စိတ်ဆင်းရဲခဲ့ရတယ်ဆိုတော့ ဖွဲ့မှာအလျှော်ပြန်ပေးဖို့တာဝန်ရှိတယ်။ ဖွဲ့ မိုးပြေး စိတ်ချမ်းသာအောင် ပြန်လုပ်ပေးရမယ်"

"ပြောပါ ကိုယ်ဘာပြန်လုပ်ပေးရမလဲ"

"မိုးပြေးကို သဘက်ခါ စနေနေ့ နေ့လည်၁၂နာရီ သမ္မတမှာ ရုပ်ရှင်လိုက်ပြရမယ်။ ဘယ်လိုလဲ"

"ကောင်းပါပြီဗျာ"

"ဒါဆို မိုးပြေး ဖုန်းချလိုက်တော့မယ်"

"အိုကေ"

www.burmeseclassic.com

www.burmeseclassic.com



ယွန်းကိုခေါ်ပြီး မိုးပြေးကိုရှုပ်ရှင်လိုက်ပြမည်ဟု စွဲစိတ်ကူးလိုက်သည်။ ညဥ့်နက်နေသဖြင့် ယွန်းဆီ မနက်ဖြန်မှ ဖုန်းဆက်ရန် စိတ်ကူးလိုက်သည်။ နာရီကြည့်တော့တောင် ဆယ့်တစ်နာရီထိုးတော့မည်။ ကုတင်ဘေးက မီးလေးပိတ်၍ ခွဲလည်းအိပ်တော့သည်။ အိပ်မက်ထဲတွင်ပင် ယွန်းကို ဒီနေ့မိုးပြေးနှင့်ပြောသည့် အကြောင်းများ ပြန်ပြောနေလိုက်သေးသည်။

ေ ေ ေ ေ ေ

အခန်း(၁၈)

ညနေယွန်းရုံးက ပြန်ကာနီး ကိုအောင်မင်းခန့် ရောက်လာသည်။ လက်ထဲတွင်လည်း နှင်းဆီပန်းနီနီ တစ်စီးနှင့်....

"ဟယ် ကိုအောင်မင်းခန့် ဘယ်ကလှည့်လာလဲ"

"ယွန်းဆီ တမင်လာတာ။ ဒီမှာလေ ကျွန်တော့် ဖိတ်စာ"

"ဟယ် ကိုအောင်မင်းခန့် မင်္ဂလာဆောင်တော့မှာလား။"

ယွန်းစကားကြောင့် နှင်းဆီပန်းတစ်ပွင့်တစ်ပိုက် ကိုင်ထားသော ကိုအောင်မင်းခန့်မျက်နှာ ညှိုးမဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းကလည်း လက်ထဲကဖိတ်စာကပ်ပြားလေးကို မကြည့်ဘဲ ကိုယ်ဖြစ်ချင်တာကို ဝမ်းသာအားရ ဖွင့်ပြောမိလိုက်ခြင်းဖြစ်သည်။

"မဟုတ်ပါဘူးယွန်းရယ်။ ကျွန်တော်မွေးနေ့ဖိတ်စာလေးပါ"

"အော်..ယွန်းက ဖိတ်စာဆိုတော့ တစ်မျိုးတွေးမိသွားလို့ပါ။"

"ယွန်းတို့များ ကျွန်တော့်ကို ဒီအတိုင်းနေတာမကြည့်ချင်တော့ဘူး ထင်တယ်"

"မဟုတ်ပါဘူး"

"ကျွန်တော်မွေးနေ့ကို ယွန်း မဖြစ်ဖြစ်အောင်လာပေးပါနော်။ ဒါက ကျွန်တော် request လုပ်တာပါ"

သူ့လက်ထဲမှ နှင်းဆီပန်းနီနီပန်းစည်းကြီးကို ယွန်းလက်ထဲလာ ထည့်ပေးကာတောင်းဆိုနေသည်။ ယွန်းလည်း ဖိတ်စာလေးကိုဖွင့်ကြည့်လိုက်တော့ စနေ နေ့လည် ၁၂ နာရီ Sedona မှာလုပ်မှာဖြစ်သဖြင့် ခွဲနှင့်အတူ သွားရန်ဆုံးဖြတ်လိုက်သည်။

"ယွန်း လာခဲ့ပါမယ်"



"ကျေးဇူးအရမ်းတင်ပါတယ် ယွန်းရယ်။ ယွန်းအပြန် ကျွန်တော်လိုက်ပို့ပေးမယ်လေ"

"ရတယ် ယွန်း ဖယ်ရီနဲ့ပဲပြန်လိုက်တော့မယ်"

"ဒါဆို ကျွန်တော်ကို ခွင့်ပြုပါဦးနော်။ မနက်ဖြန်ကျွန်တော် မျှော်နေမယ်နော် ယွန်း"

ယွန်း ခေါင်းညိတ်ပြတော့ ဝမ်းသာအားရ ထွက်သွားလေသည်။ ယွန်းလည်းပိုက်ဆံအိတ်လေးလွယ်ကာ ဖယ်ရီကားပေါ်သို့တက်ခဲ့သည်။ ကားပေါ်ကလူများကယွန်းကို စောင့်နေရသဖြင့် ယွန်းမြန်မြန်လေး ထွက်လာခဲ့သည်။

အိမ်ရောက်သည်နှင့် အဝတ်အစားပင်မလဲနိုင်ဘဲ ခွဲဆီ ပျာပျာသလဲ ဖုန်းဆက်လိုက်သည်။

"ယွန်းပြော အချစ်"

"ခွဲ ကိုအောင်မင်းခန့် ဒီနေ့ ယွန်းဆီလာပြီး သူ့မွေးနေ့ လာဖိတ်သွားတယ်"

"ဟုတ်လား ကိုယ့်ကိုယ်တောင် မဖိတ်သေးဘူး။ ညကျရင် သူဖုန်းဆက်ဖိတ်လိမ့်မယ်ထင်တယ်"

"ဖြစ်နိုင်တယ်"

"ဒီကောင်က အဲလိုပဲ အနှားကပ်ရင်လုပ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့နဲ့အတူ သွားမယ်နော်"

"သွားမယ်လေ။ ဘယ်အချိန် ဘယ်နေရာလဲ"

"မနက်ဖြန် နေ့လည် ၁၂နာရီ Sedona မှာ"

"မနက်ဖြန်!"

"အင်းလေ ဘာဖြစ်လို့လဲ"

"မနက်ဖြန် ဆယ်နှစ်နာရီ ငါလည်းနင့်ကို ခေါ်ပြီး မိုးပြေးကို ရုပ်ရှင်လိုက်ပြမလို့။ သူ ကျေနပ်အောင် သူက ရုပ်ရှင်လိုက်ပြရမယ်ဆိုလို့ နင်နဲ့အတူသွားမယ်ဆိုပြီး သဘောတူလိုက်တာ"

"ဒါဆို ဘယ်လိုလုပ်မလဲ ယွန်းကလည်း ဖွဲ့နဲ့ အတူသွားမယ်ဆိုပြီး ကိုအောင်မင်းခန့်ကို လာမယ်လို့ သေချာကတိပေးလိုက်တာ"

"ရတယ်လေ ငါ မိုးပြေးကို နောက်နေ့လိုက်ပြမယ်ဆိုပြီး မနက်ဖြန် ဖျက်လိုက်မယ် မကောင်းဘူးလား"

"ဖွဲ့နေဦး ငါ တစ်ခုသတိရပြီ။ ငါတို့နှစ်ယောက် ခွဲသွားကြမယ်"

"ဘာဖြစ်လို့လဲ"

ဖွဲ့အသံက မကျေနပ်သံ နည်းနည်းထွက်လာသည်။



"ငါတို့နှစ်ယောက်ခွဲသွားပြီး တစ်ဦးကိုတစ်ဦး အရမ်းချစ်တယ်ဆိုတာ ငါတို့မပြောဘဲ သူတို့ သိအောင်လုပ်ရမယ်"

ဖွဲ့ ခေါင်းငြိမ်သွားသည်။ ခဏနေတော့ ဖွဲ့ကသဘော ပေါက်သွားက ဝမ်းသာအားရကို သဘောတူသည်။

"ကောင်းတယ် သူတို့ဘေးနားရှိနေတာတောင် ငါတို့စိတ်တွေက ကိုယ့်ချစ်သူအပေါ်မှာပဲရှိတယ် ဆိုတာမျိုး လုပ်ရမယ်"

"သိပ်တော်တဲ့ ဖွဲ့"

"ချစ်သူလေးက ပိုတော်တာပါ။ အဲလို မဟုတ်က ဟုတ်ကဆို ငါ့ချစ်သူခေါင်းက အကုန်ထွက်ပြီး သွား"

"ဖွဲ့နော် အကြံလည်းပေးရသေးတယ်။ တော်ပြီနောက်ဆို ဘာမှ မပြောပြတော့ဘူး"

"အဲလိုအောင်မြင်ကာနီးမှာ စိတ်မဆိုးရဘူးနော်"

"ဟွန်း ဆရာကြီးလား"

"ဟုတ်ပါဘူး ဆရာမလေးရဲ့ ချစ်သူပါ"

ယွန်းနှင့်ဖွဲ့ နှစ်ယောက်လုံး ပြိုင်တူရယ်လိုက်ကြ သည်။ မနက်ဖြန်အတွက်တွေးကာ နှစ်ယောက်လုံး ရင်မော

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ယွန်းတို့မျှော်လင့်ထားသလို ဖြစ်မလာမှာကိုလဲ တွေးကြောက်မိသည်။

ဿ ဿ ဿ ဿ ဿ

## အခန်း(၁၉)

ခွဲနှင့်မိုးပြေး ရုပ်ရှင်ရုံရောက်တော့ ရုပ်ရှင်ပင် စပြနေသည်။ မိုးပြေး၏ မပြီးနိုင်မစီးနိုင် မုန့်များ ဝယ်နေသောကြောင့်လည်းဖြစ်သည်။ နဂိုထဲက နောက်ကျရတဲ့ကြားထဲ သူမကမုန့်များကို တစ်မျိုးပြီးတစ်မျိုး ဝယ်နေသေးသည်။ သူမပုံစံက ရုပ်ရှင်လာကြည့်တာနှင့်မတူဘဲ မုန့်လာစားတာနှင့် ပိုတူနေသည်။

ရုပ်ရှင်ရုံထဲရောက်တော့လည်း ကောင်းကောင်းမနေဘဲ နေကြာစေ့များ ခွာကျွေးနေသဖြင့် စိတ်ပျက်ရပါသည်။

"မစားတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ တံတွေးပေမှာ စိုးလို့လား။ ပေပါဘူး စိတ်ချ"

"မဟုတ်ဘူး သွေးအားနည်းလို့ မစားဘူး"

"ဟား... ဟား..."

သူမက အသံပြဲကြီးနှင့် အော်ရယ်သံကြောင့် ရှေ့တန်းမှလူများပင် မျက်စောင်းဝိုင်းထိုးကြသည်။ သူမကတော့ တစ်စက်ကလေးမှမဖြုံသောမျက်နှာပေးနှင့် ကျွန်တော်မှာသာ ရှက်ရွံ့မျက်နှာပူမိသည်။

"တိုးတိုးနေ ဘယ်လို ဖြစ်နေလဲ၊ ရုပ်ရှင်ကို ကောင်းကောင်းမကြည့်ရဘူး"

"အိုကေ... အိုကေ..."

ပါးစပ်ကသာ အိုကေပြောသည် ခေါင်းများကတော့ ကျွန်တော် ပခုံးပေါ်လာမိသဖြင့် ခုံးဘေးဘက်ကို မသိမသာ စောင်းပစ်လိုက်သည်။ မျက်စောင်းတစ်ချက်ထိုးကာ ခေါင်းကို ဟိုဘက်ကို ပြန်ထောင်သွားမှပဲ သက်ပြင်းရဲရဲချရဲသည်။

ကျွန်တော်တောင် ယောကျ်ားလေး ဒီဘက်မှာ ဒီလောက်ဒုက္ခရောက်နေလျှင် ယွန်းအတွက်လည်း စိတ်ပူလာမိသည်။ ယွန်းရော အဆင်ပြေပါ့မလား။ ကြည့်နေသော



ရုပ်ရှင်များပင် ဘာတွေပြ၍ပြနေမှန်းမသိ ယွန်းကိုပဲ စိတ်ပူနေမိသည်။

"ဒီမှာ.."

"ဟမ်.."

"ခေါ်နေတာ ဒီလောက်ကြာပြီ ရုပ်ရှင်လည်း မကြည့်ဘဲ ရှင် ဘာတွေ တွေးနေတာလဲ"

"မဟုတ်ဘူး ကိုယ် ယွန်းကိုစိတ်ပူနေတာ"

"ယွန်းက ဘာဖြစ်နေလို့လဲ"

"ယွန်း ဒီနေ့ မွေးနေ့တစ်ခုသွားတာ အဆင်မပြေမှာ စိုးလို့"

"အော် ကလေးမှမဟုတ်တာ ဘာစိတ်ပူစရာရှိလဲ"

"မင်းမသိပါဘူးကွာ။ ကလေးမဟုတ်လို့ စိတ်ပူတာပေါ့။ မွေးနေ့ရှင်က ယွန်းကိုကြိုက်နေတာ"

"အဲတော့လည်း ဘာဖြစ်လဲ။ ယွန်းမကြိုက်ရင် သူဘာသူငြင်းမှာပေါ့"

"အဲဒါတော့ဟုတ်တာပေါ့။ တော်ကြာယွန်းအနေ ခက်နေရင် ဘယ်လိုလုပ်မလဲ"

"ရှင် ယွန်းကို အဲလောက်တောင်ချစ်လား"

"ချစ်တယ်။ ကျွန်တော်ဘဝမှာ ယွန်းကအစဦး အချစ်ဆုံး၊ နောက်ဆုံးအချစ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား မောင်ကာလုရယ်"

"မင်း ယုံခြင်းမယုံခြင်းက ကိုယ့်အတွက် ဘာမှ အကျိုးမရှိဘူး။ ကိုယ် ဖုန်းဓာထွက်ဆက်လိုက်ဦးမယ်"

ရုပ်ရှင်ရုံထဲမှထွက်ကာ ယွန်းဆီ ဖုန်းလှမ်းဆက်လိုက်သည်။ အခုချိန်တွင် ကျွန်တော်အသံသည် ယွန်း အတွက် အားဆေးဖြစ်မည်ဆိုတာကို ယွန်း မပြောပါဘဲနှင့် ကျွန်တော်အလိုလို သိနေသည်။

❧ ❧ ❧ ❧ ❧

## အခန်း(၂၀)

ယွန်းရောက်တော့ ယွန်းကို အသင့်စောင့်ကြိုနေသော ကိုအောင်မင်းခန့်၏ Secretary ကောင်မလေးနှင့် ဆုံသည်။ ရုံးဝန်ထမ်းများပါ ပါဝင်သောကြောင့် ကိုအောင်မင်းခန့်၏ မွေးနေ့ပွဲလေးက တော်တော်တော့ စည်သည်။ အစိကကြည့်ရတာ ရုံးဝန်ထမ်းများကို ပျော်စေချင်၍ တမင်လုပ်ပေးမှန်းသိသာသည်။

စက္ကတေရီကောင်မလေးက ရှေ့ဆုံးစားပွဲကို ခေါ်သွားသဖြင့် ယွန်း နောက်မှလိုက်ခဲ့ရသည်။ စားပွဲတွင်တော့ ကိုအောင်မင်းခန့်နှင့် ဖူးငုံတို့နှစ်ယောက်ကို တွေ့ရသည်။ ကြည့်ရတာ ရုံးဝန်ထမ်းများကို ရှိန်မနေစေချင်၍ တမင်သတ်သက် တစ်ဝိုင်းသီးသန့်ထိုင်နေပေးတာ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူးဖေးစနစ်နှင့် ကျွေးသဖြင့် ဟင်းဝိုင်းများထားသော ခုံတန်းရှည်အေးနားတွင် ကောင်မလေး၊ ကောင်လေးများ လုယက်ထည့်နေကြတာလည်း တစ်မျိုးပျော်ဖို့ ကောင်းနေပြန်သည်။ ကိုအောင်မင်းခန့်တို့ ဝိုင်းကတော့ VIP ဝိုင်းဖြစ်သဖြင့် စားပွဲထိုးလေးများက အဆင်သင့်ဟင်းများကို Serve လုပ်ပေးနေသည်ကို လှမ်းတွေ့ရသည်။

ယွန်းကိုတွေ့သည်နှင့် ကိုအောင်မင်းခန့်က ထိုင်နေရာမှထကာ ကြိုဆိုလိုက်သည်။

"ယွန်းမလာသေးလို့ ကျွန်တော် မျှော်နေတာ"

"ဟုတ်တယ် ယွန်းလည်း လမ်းမှာ မီးပွိုင့်တောက်လျှောက် မိနေတာနဲ့ နည်းနည်းကြာသွားတယ်။ Happy Birthday ကိုအောင်မင်းခန့်"

ယွန်းလက်ထဲက Packing Paper လှလှလေးနှင့် ထုတ်ထားသော လက်ဆောင်ထုပ်လေးကို ကိုအောင်မင်းခန့်လက်ထဲသို့ထည့်ပေးလိုက်သည်။ ကိုအောင်မင်းခန့်ကလည်း Thank you ဟု ခပ်တိုးတိုးလေးပြောလိုက်သည်။

"ဟဲ... ဟဲ... ကျွန်တော်လိုချင်တဲ့လက်ဆောင်ကို နောက်မှတောင်းမယ်"

ကိုအောင်မင်းခန့်၏ အဓိပ္ပါယ်တစ်ခုခုပါသော



စကားကြောင့် ယွန်းဖူးငုံကို လှမ်းကြည့်လိုက်သည်။ ဖူးငုံကတော့ ပကတိ ရိုးသားကြည်လင်သော မျက်နှာလေးနှင့် ယွန်းကို ပြုံးပြုံးရွှင်ရွှင် ဆီးကြိုလာသည်။

"ကိုဖွဲ့ မပါဘူးလား ယွန်း"

"မပါဘူး ဖူးငုံ သူက အလုပ်တစ်ခုရှိလို့"

"ဖူးငုံကလည်း ယွန်းနဲ့ဖွဲ့က မောင်နှမတွေမှ မဟုတ်တာ ဘယ်လိုလုပ်တစ်ချိန်လုံး အတူပါလာနိုင်မှာလဲ"

အသံနည်းနည်းမာမာဖြင့် ကိုအောင်မင်းခန့် ပြောလာသဖြင့် ယွန်းဖူးငုံကို အားနာသွားသည်။

"ဒါပေမဲ့ ဖွဲ့နဲ့ယွန်းက အမြဲနီးပါး အတူရှိတတ်ကြတယ် ဖူးငုံရဲ့"

ယွန်းထိုသို့ပြောလိုက်သဖြင့် ကိုအောင်မင်းခန့် မျက်နှာတစ်ချက်တော့ ပျက်သွားသည်။ ယွန်းကိုလည်း ရှုးရှူးစိုက်စိုက်ကြည့်လာသည်။

"ဖူးငုံကလေ အစက ကိုဖွဲ့ထက်မာန်နဲ့ ယွန်းကို အဟီး... ချစ်သူတွေထင်နေတာ"

"ဖူးငုံမှ မဟုတ်ပါဘူး လူတိုင်းက အဲလိုပဲ ထင်ကြတာ။ ယွန်းတို့ နှစ်ယောက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ပြန်မရှင်းတတ်ကြဘူး"

"ကျွန်တော်ကတော့ ဘယ်တုန်းကမှမထင်ခဲ့ဘူး"

ကိုအောင်မင်းခန့်က ထိုသို့ပြောကာ ယွန်းကို ရှွန်းရှွန်းစားစားကြီးကြည့်နေသည်။ ဘေးမှာရှိနေသော ဖူးငုံကိုပင် ယွန်းအားနာလာသည်။ အခုအချိန်ထိတော့ ဖူးငုံကလည်း ရိပ်မိပုံတော့မပေါ်သေးပါ။ ကိုအောင်မင်းခန့် မျက်နှာကို ကြည့်ရတာ တစ်ခုခုကို အသေအချာ ဆုံးဖြတ်ထားပြီးပုံရသည်။ ယွန်းကသာ ဘယ် အချိန်ပေါက်ကွဲမယ်မှန်းမသိတဲ့ ဗုံးဘေးနားမှာနေရသလို တစ်ချိန်လုံး စိုးထိတ် ရင်တုန်နေမိသည်။

"ယွန်းဒီနေ့အရမ်းလှတယ်။ အဖြူဇာဝမ်းဆက်လေး ဝတ်ထားတာ ပုံပြင်ထဲကစနိုးဝှိုက်မင်းသမီးလေးကို တွေ့နေရတဲ့အတိုင်းပဲ"

ကိုအောင်မင်းခန့်၏အပြောတွေ အကြည့်တွေကြောင့် ဖူးငုံ မျက်နှာပျက်ချင်လာသည်။ သို့သော်လည်း သဘောကောင်းသောဖူးငုံက ဟန်မပျက် ဆက်ထိန်းထားတာကို မိန်းမချင်းမို့ ယွန်း နားလည်သည်။

"ဒီနေ့မွေးနေ့က ကိုအောင်မင်းခန့်မွေးနေ့ဆိုတော့ နောက်မှပဲ ဖူးငုံနဲ့ ကိုအောင်မင်းခန့်ကို ယွန်း



ပြန်ကျွေးမယ်။ လှတယ်ပြောလို့"

ရှုးချင်ယောင်ဆောင်နေရသော်လည်း ယွန်း စိတ်ညစ်လှသည်။ ကိုအောင်မင်းခန့် တမင်လုပ်နေမှန်း ယွန်း သိသည်။ ဖူးငုံစိတ်တိုပြီး ပြဿနာရှာအောင် တမင်ဆွပေးနေမှန်း ယွန်းရိပ်မိလာသည်။ ပေါက်ကွဲစေရန် စနက်တံကို မီးရှို့နေခြင်းဖြစ်သည်။

ဇွဲကိုသာ စိတ်ထဲကအကြိမ်ကြိမ် အော်ခေါ်နေမိသည်။ ယွန်းစိတ်ညစ်လွန်း၍ ရှုးချင်နေပြီ။ မခန့်မှန်းနိုင်သော အခြေအနေကိုလည်း ယွန်း စိုးထိတ်လာသည်။ ရုတ်တရက် ယွန်းလက်ကိုင်ဖုန်းလေး ထမြည်လာသဖြင့် ယွန်း ဝမ်းသာသွားသည်။ သေချာတယ် ဇွဲဆီက ဖုန်းပဲနေမှာ။

"ဟလို ယွန်း အဆင်ပြေလား"

"ဟင့်အင်း"

"ငါ စိတ်ပူလို့..... ငါလာ ခေါ်ရမလား"

"အင်း မြန်မြန်လာ"

"ဇွဲဆီကလား ယွန်း"

ကိုအောင်မင်းခန့်က စကားအခြေအနေကြည့်ပြီး ဇွဲဖုန်းဆက်မှန်း တန်းသိသွားသည်။

"ဟုတ်တယ် ကိုအောင်မင်းခန့်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခဏပြောမယ် ယွန်း"

ကိုအောင်မင်းခန့်က ဖုန်းလှမ်းတောင်းနေသဖြင့် ယွန်းလက်ထဲက ဖုန်းလေးကို ကိုအောင်မင်းခန့် လက်ထဲကို ထည့်ပေးလိုက်သည်။

"ဟော့ကောင်ဖွဲ့ ခင်းကငါ့ကိုတောင် Birthday Wish လေးဘာလေး မလုပ်ဘူးလားကွ"

"အေး... သူငယ်ချင်း အဲဒါကြောင့် ငါ အခုလာခဲ့မလို့"

"အိုကေလေ ငါတို့စောင့်နေမယ် မြန်မြန်လာ"

ဖွဲ့ ဖုန်းချလိုက်သည်။ မိုးပြေး ဘေးနားရောက်နေသဖြင့် အကျိုးအကြောင်းပြောကာ ထွက်လာခဲ့သည်။ မိုးပြေးကိုလည်း တက္ကစီတစ်စီးတားကာ ပြန်ပို့ပေးလိုက်သည်။ မကျေနပ်မှန်းသိသော်လည်း မတတ်နိုင်ပေ။ ဒီအချိန်တွင် ယွန်းမှလွဲ၍ ကျန်တာဘာမှ အရေးမကြီးပါ။ ယွန်း၏အသံကို နားထောင်ပြီးထဲက ယွန်းတစ်ခုခုအခက်အခဲ တွေ့နေသည်ကိုလည်း ခံစားလို့ရသည်။

အမြန်ဆုံးအရှိန်နှင့် မောင်းချသွားတာ ဆယ့်ငါးမိနစ်တောင် မကြာလိုက် ရောက်ရှိသွားသည်။

ဖွဲ့မျက်နှာကို တွေ့တော့ ဝင်းထိန်သွားသော ယွန်း



မျက်နှာကိုကြည့်ကာ ဖွဲ့တော်တော် စိတ်မကောင်း ဖြစ်သွားသည်။ ယွန်းဘယ်လောက်များ စိတ်ကျဉ်းကျပ်နေမလဲ။

"Happy Birthday မင်းခန့်"

"Thank you ပါကွာ။ မင်းက ဘာတွေအလုပ်ရှုပ်နေတာလဲ ရည်းစားနဲ့လျှောက်လည်နေတာလား"

"မဟုတ်ပါဘူးကွာ မင်းကလည်း၊ မင်းလို ချစ်သူလေးဘေးမှာထားပြီး မသာယာနိုင်သေးပါဘူး"

ဖွဲ့ ထိုသို့ပြောလိုက်သဖြင့် ဖူးငုံမျက်နှာလေး ဝင်းစိုသွားသည်။ မျက်ဝန်းလေးများကလည်း ကြယ်တာရာလေးများပမာ လင်းလက်သွားသည်။ ရှက်ပြုံးလေး တစ်ခုကြောင့်လည်း ရှိရင်းစွဲ အသက်ထက်ပင်များစွာ နုပျိုသွားသည်။ ဆယ်ကျော်သက် မြီးကောက်ပေါက် ကောင်မလေးတစ်ယောက်လို ချစ်စဖွယ်ကောင်းသွားသည်။

ဖူးငုံ ကိုအောင်မင်းခန့်ကို ဘယ်လောက်ချစ်မှန်း ယွန်းခန့်မှန်းလို့ ရသည်။ ကိုအောင်မင်းခန့်ဘက်ကသာ မိဘချင်း သဘောတူသည်ဆိုသည့် အဆင့်လောက်သာ ရှိသော်လည်း ဖူးငုံကတော့ ကိုအောင်မင်းခန့်ပေါ်မှာ နှစ်နှစ်ကာကာရှိမှန်း သိသာလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ ငါနဲ့ဖူးက ဆောင်ယယ်ထဲက အိမ်နီးနားချင်း သူငယ်ချင်းတွေပဲ အစုမှတွေ့တာမှ မဟုတ်တာ ဘာတွေများထူးခြားမှာ မို့လို့လဲ"

ကိုအောင်မင်းခန့်စကားကြောင့် မျက်နှာပျက်သွားသော ဖူးငုံကိုကြည့်ကာ ယွန်းတို့ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ပျက်ယွင်းသွားသော မျက်နှာလေးကိုအိမ်ခြွေဆည်ကာ ပြုံးနေသော်လည်း ဖူးငုံမျက်နှာလေးက မကြာခင်ရွာချတော့မည့် မိုးလို အုံ့ဆိုင်းနေသည်။

သိပ်မကြာခင်အချိန်တွင်တော့ စင်မြင့်ပေါ်မှ ကောင်မလေးနှင့် ကောင်လေးတစ်ယောက်၏ "မဲနှိုက်ကစားခြင်းဖြင့် မွေးနေ့ရှင်ကို ဂုဏ်ပြုပေးရန် အချိန်ကျရောက်လာပါပြီဆိုသော" ကြေငြာသံလေးကို ကြားရပါသည်။ ရုံဝန်ထမ်းလေးများ၏ လက်ခုပ်သံများကလည်း ခန်းမတစ်ခုလုံး ညံသွားသည်။ လူငယ်များလုပ်သော ပွဲဖြစ်သောကြောင့်လည်း ပျော်စရာများကို တစ်ခုပြီး တစ်ခုဖန်တီးနေကြခြင်းဖြစ်သည်။ ယွန်းတို့ စားသောက်နေချိန်ထဲက မစားနိုင် မသောက်နိုင် ပြင်ဆင်နေတာလည်း တွေ့သည်။ အားလုံးစားသောက်ပြီးချိန်ကိုတောင် မနည်းစောင့်နေရတာ ဖြစ်နိုင်သည်။



အရင်ဆုံးယွန်းတို့ စားပွဲကို ရောက်လာကာ ယွန်းကို မဲနှိုက်ခိုင်းလာသဖြင့် ယွန်းနှိုက်သည်။

မိုက်ကိုင်ထားသော အစီအစဉ်ကြေညာသူ ကောင်မလေးက ယွန်းလက်ထဲမှ စာရွက်လေးကို ယူကာ အော်ဖတ်ပြလေသည်။

"ဒီကအစ်မ ကျတာကတော့ စုံတွဲသီချင်းတစ်ပုဒ်နဲ့ မွေးနေ့ရှင်ကို ချီးမြှင့်ပေးပါတဲ့"

အစီအစဉ်ကြေငြာသော ကောင်မလေးက ယွန်းလက်ထဲကို မိုက်ကရိုဖုန်းလေးထိုးပေးလာသည်။ မိုက်ကလေးကိုင်၍ စုံတွဲသီချင်းဆိုရန် ဇွဲကို ဖိတ်လိုက်သည်။

ပြီးလျှင်တော့ ယွန်းတို့နှစ်ယောက် စတိတ်စင်ပေါ်သို့ လျှောက်လာခဲ့သည်။ လမ်းတွင်လည်း နှစ်ယောက်သားရသောသီချင်းကို အသည်းအသန် ရွေးနေရသေးသည်။

တီးလုံးသံလေးများနှင့်အတူ ဇွဲ၏ ဩရှရှ အသံလေးက အရင်ဆုံးထွက်ပေါ်လာသည်။

♪ဝေးဝေးသွားလို့မရအောင် အချစ်ရယ် ဖက်ထားချင်တယ် × × × မင်းရဲ့အပြုံးနုလေးနဲ့ဝေးမှာ ကိုယ်ကြောက်နေတယ် × × × ခြေလှမ်းလေး လှမ်းလိုက် ရင်းမှာ အရိပ်လေးကို ကိုယ်လိုက်နေမယ် × × × သိပ်ချစ်တာသူ သိပါကွယ် × × × ♪

www.burmeseclassic.com



ဇွဲက ယွန်းကို ပြုံးပြုံးလေးကြည့်ကာဆိုနေသည်။ သီချင်းလေးနှင့် ဇွဲ၏အသံလေးက လိုက်ဖက်လွန်းလှသည်။ စာသားလေးကလည်း ဇွဲဆိုမှပင် ပိုမိုအဓိပ္ပါယ် ပေါ်လွင်လာသည်။ ယွန်းကိုယ်တိုင် ဇွဲအသံတွင် မှင်သက်သွားသဖြင့် ယွန်းဆိုရမည့် အလှည့်ကိုပင် ဇွဲက မျက်နှာရိပ်မျက်နှာကဲဖြင့် သတိပေးရသည်။ ယွန်းလည်း ထိုမှသာ သတိဝင်လာခဲ့သည်။

*♪မင်းလေးသဘောကျအချစ်ရယ် ကိုယ့်မှာ အဆင်သင့်ပါကွယ်× × နှလုံးသားလေးတော့ကျွမ်းအောင် အချစ်ရယ် မကျီစားပါနဲ့× × × မင်းရဲ့အချစ်နဲ့ ကိုယ့်မှာ အသက်ဆက်လို့ရှင်ရမယ်× × × သိပ်ချစ်တာ သူ သိပါကွယ်။♪*

ယွန်း၏ အေးချမ်းငြိမ့်ညောင်းသော အသံလေးကြောင့် လက်ခုပ်သံများဆူညံသွားသည်။ ယွန်းတို့နှစ်ယောက်ကလည်း အပေးအယူမျှစွာ လိုက်ဖက်ညီလွန်းလှသဖြင့် ပန်းများကာပေးသူကပေးနှင့် ခဏလေးအတွင်းတွင် ပန်းများက ယွန်းလက်ထဲတွင်ရော ဇွဲလက်ထဲတွင်ပါ ပြည့်လျှံလာသည်။

ယွန်းကိုစိုက်ကြည့်နေသော ကိုမင်းမျက်လုံးများကြောင့် ဖူးငုံ ငိုချင်သွားသည်။ ဖူးငုံနဲ့ ကိုမင်းက ငယ်



လေးထဲက အိမ်နီးချင်း သူငယ်ချင်းတွေ ကိုမင်းစိတ်ကို ဖူးငုံကောင်းကောင်းသိသည်။ ကိုမင်း ယွန်းကို အရမ်းစိတ်ဝင်စားနေပြီ။ ယွန်းစိတ်ကတော့ ဇွဲဆိုသော ကောင်လေးအပေါ်မှာသာရှိမှန်း မိန်းကလေးချင်းမို့ ဖူးငုံသိသည်။ ဖူးငုံကို မင်းကို မရှုံးစေချင်ပါ။ ကိုမင်းကိုလည်း ဖူးငုံသတိပေးချင်လာသဖြင့်...

"ကိုမင်း ယွန်းနဲ့ဇွဲက တစ်ယောက်ကို
တစ်ယောက်ချစ်နေတယ် ထင်တယ်နော်"

"ဘာဖြစ်လို့လဲ"

"ဒီလောက် သူတို့တွေက တတွဲတွဲရှိနေတာ။
ပြီးတော့နှစ်ယောက်လုံးရဲ့ မျက်ဝန်းတွေက အရမ်း
အသက်ဝင်လွန်းနေတယ်ကြည့်ပါလား"

"ဖူးငုံ သူများအကြောင်းသေချာမသိဘဲနဲ့
ထင်ကြေးနဲ့ပြောမနေနဲ့။ မင်းနဲ့ ငါလည်း ဒီလိုပဲ
တတွဲတွဲ ရှိခဲ့ကြတာပဲမှတ်လား"

အောင်မင်းခန့် စကားများကြောင့် ဖူးငုံရင်ထဲ အောင့်သွားသည်။ ဖူးငုံနဲ့ သူနဲ့က မကြာခင်ပဲ လက်ထပ်ကြတော့မဲ့ သူတွေလေ။ ဒါကြောင့် တတွဲတွဲ ရှိခဲ့တာပေါ့။ အခုတော့ သူပြောပုံက ...။ ဘယ်ကဘယ်လိုပေါက်လာမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိသော မျက်ရည်များကို မျက်တောင်များပုတ်ခတ်ကာ သိမ်းဆည်းနေမိသည်။ ဘာကိုဒေါသထွက်နေမှန်းမသိသော အောင်မင်းခန့်ကတော့ ဖူးငုံ ဖြစ်နေတာတွေလည်းမသိ။ အာရုံအားလုံးက စတိတ်စင်မြင့်ပေါ်ကိုသာ ကျရောက်နေသည်။

*♪ရင်ခုန်သံတွေလည်းမင်းနဲ့ပတ်သတ်တဲ့နောက်× × × မျှော်ရှင်တာတွေလည်း အချစ်လည်းမင်းပိုင်တယ်× × × အမုန်းလည်းမင်းပိုင်တယ် × × × အရာရာဆုံးဖြတ်နိုင်တယ် ချစ်သူလေးရယ်× × × အားလုံးမင်းကြောင့်ရှူးတယ် ကိုယ့်ကိုထင်ကြပါတော့× × × သိပ်ချစ်လွန်းလို့ ကိုယ်မှာရှူးတယ် ဘာပြောချင်လဲ× × × မင်းအတွက် ဘဝတစ်ခုလုံးကို အဆုံးခံရဲတယ် သိပ်ချစ်တာ သူသိပါကွယ်♪*

လက်ခုပ်သံများနှင့်အတူ ဇွဲတို့နှစ်ယောက် ဆင်းလာခဲ့သည်။

"ဒုတိယ အစီအစဉ်အရ မွေးနေ့ရှင်က ဒီပွဲထဲမှာရှိတဲ့ သူ တန်ဖိုးအထားဆုံးသူကို မွေးနေ့အမှတ်တရ နှင်းဆီပန်းအနီတစ်ပွင့် ပေးအပ်ပေးရန်ဖြစ်ပါတယ်"



ယွန်းတို့စားပွဲနားပြန်ရောက်ချိန်မှာတော့ အစီအစဉ်ကြေငြာသော ကောင်မလေးက ကိုအောင်မင်းခန့်လက်ထဲသို့ လှပစွာဖူးပွင့်နေသော နှင်းဆီပန်းနီနီရဲရဲလေးတစ်ပွင့်ကို ပေးလိုက်လေသည်။ အားလုံးက လက်ခုပ်သံများ ဆူညံစွာဖြင့် အားပေးနေကြသည်။ ယွန်းနှင့်ဇွဲတောင် လက်ခုပ်များဝိုင်းတီးပေးလိုက်သေးသည်။ ခန်းမတစ်ခုလုံးရှိလူများကလည်း ဖူးငုံကိုသာ အသေအချာ ဝိုင်းကြည့်နေကြသည်။ ရုံးတွင် နေ့တိုင်း မမြင်ချင်မှအဆုံးမြင်နေရသော ဓါတ်ပုံလေးနှင့် စေ့စပ်ထားသော သတင်းများကြောင့်လည်း ဖူးငုံကိုပေးမှာမလွဲလို့ ကြိုသိနေသည်။

ကိုအောင်မင်းခန့်ကလည်း နှင်းဆီပန်းနီနီလေးကိုကိုင်ကာ မတ်တတ်ထရပ်လိုက်သည်။ ပြီးလျှင်တော့ ယွန်းဘက်ကိုလှည့်ကာ ယွန်းလက်ထဲသို့ နှင်းဆီပန်းလေးကိုထိုးပေးလိုက်လေသည်။ တစ်ခန်းလုံးရှိ လူများ၏'ဟင်'ဆိုသောအာမေဋိတ်အသံကြီး ထွက်လာလေသည်။ ယွန်းလည်း ချက်ချင်း ကိုအောင်မင်းခန့် လက်ထဲမှ နှင်းဆီပန်းလေးယူကာ…

"ကိုအောင်မင်းခန့်ကလေ ဖူးငုံကို ပေးဖို့စရာမရှိကြဖန် နောက်တော့တာပဲ၊ ရော့… ဖူးငုံ "

www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက်လှမ်းယူလိုက်သော်လည်း ဖူးငုံလက်များ တဆတ်ဆတ်တုန်နေသည်ကို အနီးကပ်တွင်ရှိသော ယွန်း သေချာတွေ့လိုက်သည်။ ယွန်း ကိုယ်တိုင်ကလည်း အသံများမတုန်အောင် မနည်းထိန်းပြောနေရခြင်းဖြစ်သည်။ ယွန်းတို့နှစ်ယောက်ကို ကြည့်ပြီး အားလုံးက 'အော်' ဆို၍ အရေးမကြီးသလိုပြန်ငြိမ်ကျသွားသည်။ ယွန်းလည်း ဆက်နေချင်စိတ်မရှိသဖြင့် တစ်ခါထဲ ကိုအောင်မင်းခန့်နှင့် ဖူးငုံကို နှုတ်ဆက်ကာ ထပြန်ခဲ့သည်။

အပြန်လမ်းတလျှောက်တွင် ယွန်းနှင့်ဖွဲ့ နှစ်ယောက်လုံး ဘာစကားမှ မပြောမိကြပဲ ရှေ့ရေးအတွက်သာ စိတ်လေးနေမိကြသည်။ ယွန်းအိမ်ရှေ့ ရောက်မှာသာ ဖွဲ့က ယွန်းလက်လေးကို တစ်ချက်ဖျစ်ညှစ်ကာ အားပေးလိုက်လေသည်။ နှစ်ယောက်လုံးကတော့ စကားတစ်ခွန်းမှ မပြောမိဘဲ ငြိမ်သက်စွာနှင့် ခွဲခွါခဲ့ကြသည်။ ပြောမရလောက်အောင် လေးနက်သော ခံစားချက်ကြီးက နှုတ်ခမ်းများကိုဆွဲ့အစေသည်။ တစ်ဦးစိတ်ထဲမှာ ဘာတွေဖြစ်နေသည် ဆိုတာကိုတော့ နောက်တစ်ဦးကို ပြောစရာမလိုလောက်အောင်ကို သိနေနိုင်ကြတာပဲ။ ဘာများပြောနေစရာလိုပါဦးမှာလဲ...။

❧ ❧ ❧ ❧ ❧

## အခန်း(၂၁)

အောင်မင်းခန့် စိတ်တွေ ရှုပ်ထွေးနေသည်။ နေ့လည်က မွေးနေ့ပွဲမြင်ကွင်းကလည်း အောင်မင်းခန့်ကို အိပ်မရအောင် နှောက်ယှက်နေသည်။ ဘာတွေလဲ။ ယွန်းကို သဝန်တိုနေမိသည်။ ယွန်းကို သူချစ်ခွင့်မရတော့မှာ...။ ယွန်း သူ့ကို ပြန်မချစ်မှာများကိုလည်း စိုးထိတ်လာသည်။

အခုအခြေအနေ အတိုင်းဆိုလျှင်တော့ ယွန်းက သူ့အချစ်ကို ဘယ်နည်းနဲ့မှ လက်ခံမည်မဟုတ်ပေ။ ယွန်းလို မိန်းကလေးမျိုးက စေ့စပ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်နည်းနဲ့မှ မချစ်နိုင်ပေ။ အောင်မင်းခန့် ပြတ်သားမှ ရတော့မည်။ အားလုံးရှင်းလင်းပြီးမှ ယွန်းဆီသွားမည်ဟု စိတ်ကူးထားသော်လည်း ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်မိမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



လက်များက ယွန်းဖုန်းနံပါတ်လေးကို အလိုလို နှိပ်မိလျက်သား ဖြစ်သွားသည်။

အိပ်ပျော်နေသဖြင့် အိပ်ချင်မူးတူးလေးထူးလာသော ယွန်းအသံလေးကလည်း အရမ်း ချစ်စရာကောင်းနေ ပြန်သည်။

"ယွန်း အိပ်နေတာလား"

"ဟုတ်တယ်။ ဒီအချိန်ကြီး ဘာကိစ္စရှိလို့လဲ ကိုအောင်မင်းခန့်ရယ်"

"ဆောရီး ယွန်းရယ်၊ ကျွန်တော်ကြောင့် အနှောက်အယှက်ဖြစ်သွားတယ်ဆိုရင် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော် ယွန်းနဲ့ စကားအရမ်းပြောချင်လာလို့ပါ"

"ပြောလေ။ ဘာပြောချင်လို့လဲ"

"ကျွန်တော် ယွန်းကို ချစ်တယ်၊ ဒီလိုပြောလို့ ကျွန်တော်ကို တစ်မျိုးမထင်စေချင်ဘူး။ ကျွန်တော် ယွန်းကိုတန်ဖိုးမထားလို့ ပြောတာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော့်ကိစ္စတွေအားလုံး ရှင်းပြီးမှ ဖွင့်ပြောမလို့ပါ ကျွန်တော် နောက်ကျမှာစိုးလို့။



ကျွန်တော် ယွန်းနဲ့ပတ်သတ်ရင် နောက်ကျမှာ ကြောက်တယ်"

"နေပါဦး ကိုအောင်မင်းခန့်ရယ် ယွန်းပြောပါရစေဦး။ အမှန်တကယ်တော့ ကိုအောင်မင်းခန့် နောက်ကျနေပြီးသားပါ။ ယွန်းမှာ ချစ်ရမဲ့သူရှိပြီးသားပါ။ ယွန်း သူကလွဲရင် ဘယ်သူကိုမှ မချစ်နိုင်ပါဘူး။ သူဘယ်သူ ဖြစ်မယ်ဆိုတာလဲ ကိုအောင်မင်းခန့် ခန့်မှန်းနိုင်လိမ့်မယ်လို့ ယွန်း ထင်ပါတယ်။ ယွန်းကြောင့် အစစအရာ အဆင်ပြေနေတဲ့ ကိုအောင်မင်းခန့်တို့ အစီအစဉ်တွေကို မဖျက်ဆီးပစ်ပါနဲ့။ ယွန်းအတွက်က ကိုအောင်မင်းခန့် စေ့စပ်တာဖျက်သိမ်းခြင်း မဖျက်သိမ်းခြင်းအတွက် ဘာမှ အကျိုးသက်ရောက်မှုမရှိလို့ပါ"

"ဒါပေမဲ့ ကျွန်တော် ယွန်းကို စိတ်ရှင်းရှင်းနဲ့ မျှော်လင့်ချင်သေးတယ်။ ယွန်း ပြန်ချစ်ချစ် မချစ်ချစ် ကျွန်တော် ယွန်းအပေါ် ဘယ်လောက် ချစ်ခဲ့တယ်ဆိုတာကိုလဲ သက်သေပြချင်တယ်။ ဒါက ကျွန်တော့် လွတ်လပ်ခွင့်မို့လို့ မျေးရူးမပြုပြီး မတားပါနဲ့ ယွန်းရယ်.."

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအသံက တိမ်မြုပ်ပျောက်ကွယ်သွားသဖြင့် ယွန်း မနည်းအားစိုက် နားထောင်လိုက်ရသည်။ ကိုအောင်မင်းခန့် အရမ်းစိတ်ထိခိုက်သွားသည်ကို ယွန်းသိသည်။ ဘာမဟုတ်တဲ့ ကိစ္စလေးကို ဆတ်ဆော့မိသော ယွန်းကိုယ်ယွန်း မုန်းမိသည်။ အခုတော့ ယွန်းတို့ကြောင့် အပြစ်မရှိသော လူလေးယောက် အသည်းကွဲရတော့မည်။ ဘာပဲဖြစ်ဖြစ် ယွန်းတတ်နိုင်သလောက် ကြိုးစား၍ အရင်အတိုင်းပြန်ဖြစ်ရန် ကြိုးစားသွားမည်။

"ကဲ ကိုအောင်မင်းခန့် အရမ်းမိုးချုပ်နေပြီ
ယွန်းမနက်ဖြန်လည်း အလုပ်သွားရဦးမယ်ဆိုတော့
အိပ်တော့မယ်နော်"

ယွန်း ဖုန်းအတင်းချလိုက်သည်။ ဖုန်းချလိုက်သော်လည်း အိပ်ချင်စိတ်များက ဘယ်ရောက်သွားမှန်းမသိ။ အိပ်မရသည့်အတူတူ ယွန်း ဘုရားထိုင်ရှိခိုးကာ အားလုံးအရင်အတိုင်းပြန်ဖြစ်ရန် ဆုတောင်းနေမိသည်။ မည့်သည် တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်ပါစေဆိုသော ဆန္ဒအမှန်မရှိသဖြင့် အားလုံးအမုန်းမပွားဘဲ ချစ်ချစ်ခင်ခင်လေးပြီးဆုံးသွားရန်လည်း ဘုရားရှေ့တွင်သစ္စာဆိုနေမိသည်။



အောင်မင်းခန့် ဆုံးဖြတ်လိုက်သည်။ ခွဲကို အကူအညီတောင်းမည်။ ခွဲကိုလည်း အောင်မင်းခန့် ယွန်းအပေါ် ဘယ်လောက်ချစ်မှန်းကို သိစေချင်လာသည်။ ယွန်း ခွဲကို ချစ်မှန်းလည်း သိသည်။ တိုက်ပွဲကိုတိုက်ပြီးတော့မှသာ ရှုံးချင်ရှုံးသွားပါစေ။ မတိုက်ဘဲနဲ့တော့ ရှုံးမှာပဲဆိုပြီး နောက်ဆုတ်ပြေးတတ်သည့် အထဲတွင် အောင်မင်းခန့် မပါချေ။

"ဟလို.."

"ဟေ့ကောင်ခွဲ အိပ်နေပြီလား"

"အိပ်ပြီပေါ့ကွာ မင်းကလည်း တစ်ရေးတောင်ရတော့မယ်။ ပြော ဘာကိတ်လဲ"

"ဘာကိတ်လဲဆိုတော့ အချစ်ကိတ်"

"ဘာလဲ မင်းနဲ့ဖူးငုံတို့အဆင်ပြေသွားကြပလား"

"မဟုတ်ပါဘူးကွာ။ မင်းက-လည်း အိပ်ချင်မူးတူးနဲ့ပြောလိုက်ရင် တစ်လွဲကြီးပဲ"

"ဟမ်..မသိဘူးလေကွာ အချစ်ကိတ်ဆိုတော့ မင်းမှာချစ်သူဆိုလို့လဲ ဖူးငုံတစ်ယောက်ထဲရှိတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွာ ဖူးငုံက မိဘချင်းသဘောတူထားတာပါ။ အခုက ငါကိုယ်တိုင် မြတ်မြတ်နိုးနိုး

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ ကောင်မလေးတစ်ယောက် ပေါ်လာလို့ မင်းကို အကူအညီတောင်းမလို့"

ဒီကောင် ဘာပြောတော့မည်ဆိုတာ မြွေမြွေချင်းမို့ မြေမြင်သည်။ မျက်လုံးများပြူးကျယ်လာ၍ ရင်တွေလည်း အရမ်းခုန်လာသည်။ ယွန်း အဖြေပေးတုန်းကတောင် ဒီလောက်ရင်မခုန်မိ။

"ဒါဆို ဖူးငုံကို မင်းဘယ်လိုလုပ်မလဲ"

"နားလည်အောင်ပြောပြီး စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်ရမှာပေါ့။ ဘယ်တတ်နိုင်မလဲ။ ကိုယ်က ချစ်မိနေပြီပဲ။ အချစ်မပါဘဲ လက်ထပ်လိုက်ရင်လည်း တစ်ချိန်ကျရင် သူပဲစိတ်ဆင်းရဲရမှာ။"

"မဟုတ်သေးဘူး မင်းခန့် မင်းကမချစ်ပေမဲ့လည်း ငါကြည့်ရသလောက်တော့ ဖူးငုံက မင်းကို အရမ်းချစ်တာပါ"

"ငါသိပါတယ်။ ဒါကြောင့်လည်း သူ့ကို ငါလက်ထပ်ဖို့ သဘောတူခဲ့တာပေါ့။ ဒါပေမဲ့ လူဆိုတာက ကိုယ့်အတ္တနဲ့ယှဉ်လာကြရင်တော့ ကိုယ့်အတ္တကိုပဲ ရှေ့တန်းတင်လာကြတာမလား။



တကယ်ပါငါ ယွန်းနဲ့သာမတွေ့ခဲ့ရင် သူ့ကိုပဲ လက်ထပ်မှာ"

"မင်းဆိုလိုချင်တာ ယွန်းကိုချစ်မိသွားလို့ ဖူးငုံနဲ့ စေ့စပ်တာကို ဖျက်သိမ်းမယ်ပေါ့။ ဒီလိုလား"

"ဟုတ်တယ်။ ဒါပေမဲ့ မင်းကူညီရမယ်နော်။ ယွန်းကမင်းကို အရမ်းခင်တော့ မင်းစကားကိုတော့ နားထောင်တယ်။ မင်းကူ ပြောပေးပါကွာနော်။ မင်းကျေးဇူးကိုမမေ့ပါဘူး"

ကိုယ်ရည်းစားကို ကိုယ်ပြန်ပြီး သူများနဲ့ အောင်သွယ်ပေးရမဲ့အဖြစ်ပါလား။ မလွယ်ပါလား။

"မင်းဘာသာမင်းကြိုးစားကြည့်ကွာ။ ဘာပဲဖြစ်ဖြစ် ယွန်းသဘောထားကိုသိမှ မင်းတခြားလုပ်စရာရှိတာကို လုပ်ပါကွာ"

"မရဘူး သူငယ်ချင်း မိန်းကလေးတွေရဲ့စိတ်က ငါတို့ဆောက်နေတဲ့တိုက်တွေလို တွက်ချက်ခန့်မှန်းလို့မရဘူး။ ဒါဖြစ်မှ ဒါလုပ်လို့ မရဘူး။ ထီထိုးသလို့ပေါ့ကွာ။ လူတိုင်းကတော့ ထီပေါက်ချင်လို့ ထီထိုးကြတာချည်းပဲ။ ပေါက်ချင် မှပေါက်မယ်ဆိုတာလဲသိတယ်။ ပေါက်ဖို့အခွင့်အရေး နည်းမှန်းလည်းသိတယ် ဒါပေမဲ့ အရင်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆီမှာရှိတဲ့ ပိုက်ဆံကိုတော့ အရင်ပေးလိုက်
ကြရတာပဲ မှတ်လား။ ယွန်းနဲ့ ပတ်သတ်ရင်လည်း
ဒီလိုပဲ အခွင့်အရေး အရမ်းနည်းမှန်းသိလဲ ငါ
အားလုံးစွန့်လွှတ်ပြီး သူ့ကို ချစ်တယ်ဆိုတာ
သက်သေပြချင်တယ်"

လူရှင်တော်တွေလုပ်သလို ခေါင်းကုတ်ပြီး ရှုပ်နေတာပဲလို့သာ အော်ပစ်ချင်တော့သည်။ ရှင်းလေ ရှုပ်လေဆိုတာ ကျွန်တော်တို့နှစ်ယောက်ပဲ ဖြစ်တော့မည်။မင်းခန့် ဘာတွေပြော၍ ကျွန်တော်လည်း ဘာတွေပြန်ပြောမိမှန်းမသိအောင် စိတ်တွေလည်း နောက်ကျိုလာသည်။

ဖုန်းချသွားချိန်မှာတော့ ခုခေါင်းအုံးကို ပိတ်ကန်ကာ ကုတင်ပေါ်ကန့်လန့်ဖြတ် ပစ်မှောက်လိုက်သည်။ ဖြစ်နိုင်ရင် အရာအားလုံးကိုလည်း အခုလိုကန်ကြောက်ကာ လွှင့်ပစ်ချင်လာသည်။

❧ ❧ ❧ ❧ ❧

အခန်း(၂၂)

ဖူးငုံ ဘာလုပ်ရမလဲ။ ကိုမင်းရဲ့စိတ်တွေ ဖူးငုံအပေါ်ပြန်ရောက်လာအောင် ဖူးငုံဘယ်လိုများ ကြံဆောင်ရမလဲ။ ကိုမင်းဆိုတာ ဟိုးဟိုးငယ်ငယ်လေးထဲ ဖူးငုံ့ရဲ့ အိမ်မက်မင်းသားလေးပါ။ အရွယ်ရောက်လို့ မိဘတွေက သဘောတူခဲ့တဲ့အချိန်မှာ ဖူးငုံအရမ်းကိုပျော်ရွှင် ဝမ်းမြောက်ခဲ့ရတာပါ။

အခုတော့ ကိုမင်းရဲ့ စိတ်တွေအားလုံးက ဖူးငုံအပေါ်မှာမရှိတော့။ ဖူးငုံကို အရင်လိုလဲ မနွေးထွေးတော့ပါ။ ကိုမင်း အချိုးတွေပြောင်းနေပြီ။ တစ်ပတ် တစ်ရက်တောင်တွေ့ဖို့မအားတော့။ ဖုန်းဆက်လျှင်လည်း အရင်လို မပြောချင်တော့ ဆယ်မိနစ်လောက် ပြောရတာကိုပင် စိတ်ပျက်ချင်တော့။ ဖူးငုံစိုးထိတ်ခဲ့တာအားလုံး၏ အဖြေကိုလည်း ကိုမင်းမွေးနေ့တွင် ဖူးငုံအားလုံး သိခွင့်ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသောအရာသည် အင်မတန်ကို ထူးဆန်းပါသည်။ ကိုမင်း ယွန်းအပေါ် စိတ်ဝင်စားနေမှန်း သိသော်လည်း ဖူးငုံ ကိုမင်းကိုမစွန့်လွှတ်နိုင်။ ကိုမင်းကရော ယွန်းခွဲကို ချစ်နေမှန်းသိသော်လည်း ယွန်းကို မြတ်မြတ်နိုးနိုးကို ချစ်နေသည်။ ဘယ်လိုမှမဖြစ်နိုင်သော ကစားပွဲအတွက် ကိုမင်းကို ဒုက္ခရာမရစေချင်။

ဖူးငုံ ဘာလုပ်ရမလဲ။ ဖူးငုံ ကိုယ့်အတွက်ရော ကိုမင်းအတွက်ပါ နှစ်ယောက်စာ ရင်မောနေရသည်။ ကိုမင်း အောင်မြင်ပါစေလို့ ဆုတောင်းပြီး ဖူးငုံငိုနေရမလား။ ဒါမှမဟုတ် ဖူးငုံ အောင်မြင်ပါစေဆုတောင်းပြီး ကိုမင်း အသည်းကွဲနေတာကို ကြည့်နေရမလား။ တကယ်တော့ ဖူးငုံ ကိုယ်တိုင်လည်း အသည်းကွဲနေတာပါ ကိုမင်းရယ်။

ကိုမင်းကိုတွေ့ချင်လာသဖြင့်လည်း ဖူးငုံ ကားလေးမောင်းကာ ကိုမင်းတို့ရုံးကို ထွက်လာခဲ့သည်။ ခါတိုင်းသွားနေကျဖြစ်သော်လည်း ဒီနေ့မှ ဖူးငုံစိတ်တွေ ရှုပ်ထွေးလေးလံနေသည်။ သက်ပြင်းများကို အခါခါချရင်းသာ ကိုမင်းရှိရာ အခန်းလေးကို ဝင်လာခဲ့သည်။

ဖူးငုံကို တွေ့သဖြင့် ကိုမင်း မျက်နှာတစ်ချက်ပျက်သွားသည်ကိုတော့ ဖူးငုံသိလိုက်သည်။ စက္ကန့်ပိုင်းလောက်



သာကြာသော်လည်း ကိုမင်းမျက်နှာကို အရိပ်လို ကြည့်နေတတ်သည့် ဖူးငုံကတော့ အမိအရ ဖမ်းမိလိုက်သည်။

"ဖူးငုံ ဘာလာလုပ်တာလဲ"

ကိုမင်းပြုံး၍ မေးသော်လည်း တဆိတ်တော့ တစိမ်းဆန်လွန်းနေသည်။ အရင်လည်း ဖူးငုံ ကိုမင်းရုံးကို တံခါးမရှိဓားမရှိ ဝင်ထွက်ခဲ့တာပဲ မဟုတ်လား။ အခုတော့...

"ကိုမင်းကို သတိရလို့။ အခုတစ်လော ကိုမင်း အလုပ်မအားလို့ မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။ ဖုန်းဆက်တော့လည်း ကိုမင်းက မအားတာနဲ့ အိပ်ချင်တယ်ဆိုတာနဲ့ ဖုန်းလည်း မပြောရ၊ တွေ့လည်းမတွေ့ရလို့ လွမ်းလို့ လာတွေ့တာ"

အရင်ကဆို ဒီလိုပြောလျှင် ပြုံးတတ်သော ကိုမင်း အပြုံးတွေက အခုတော့ပျောက်ကွယ်နေသည်။ အားနာသွားတာလား အနေခက်သွားတာလား ခန့်မှန်းလို့မရသော အရိပ်တစ်ခုသာ ကိုမင်းမျက်နှာပေါ်တွင် ဖြတ်ပြေးသွားသည်။

ဖူးငုံလည်း ကိုမင်းစားပွဲရှေ့က ဧည့်သည်များလာလျှင်ထိုင်သော စားပွဲလေးတွင် ဝင်ထိုင်လိုက်သည်။ ဖူးငုံလာ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒီစားပွဲလေးမှာသာ အမြဲထိုင်သည်။ ဒီစားပွဲလေးမှာက ဖူးငုံမွေးနေ့တုန်းက ကိုမင်းမုန့်ခွဲကျွေးနေသည့် နှစ်ယောက်တွဲဓါတ်ပုံလေးရှိသဖြင့် ထိုဓါတ်ပုံလေးကိုကြည့်ကာ အမြဲ ဒီစားပွဲမှာပဲ ထိုင်တတ်သည်။

ဖူးငုံ စားပွဲပေါ်တွင်ဓါတ်ပုံလေးကို ရှာကြည့်လိုက်သည်။ အရင်က ဖူးငုံကြိတ်ဝှက်ယူခဲ့ရသော ဓါတ်ပုံလေးကို အစအနပင် ရှာမတွေ့တော့။

"ကိုမင်း ဒီမှာထားတဲ့ ဓါတ်ပုံလေးရော"

ကိုမင်း မျက်နှာပျက်သွားသည်။ ခေါင်းကို ငုံ့ချလိုက်သည်။ ခေါင်းငုံ့ချ လိုက်သဖြင့် ကိုမင်းမျက်ဝန်းများကိုတော့ ဖူးငုံ အကဲခတ်ခွင့်မရတော့ပါ။

"ကို ဖူးငုံကို ပြောစရာတစ်ခုရှိတယ်"

"မပြောပါနဲ့ ကိုမင်းရယ်"

ဖူးငုံစိတ်ထဲက ရေရွတ်လိုက်သည်။ ကိုမင်း ပြောမှာ ဖူးငုံသိနေပါတယ်။ ကျေးဇူးပြုပြီး ဖူးငုံ မကြားပါရစေနဲ့။ ဖူးငုံ လက်မခံရဲသေးလို့ပါ။ ဖူးငုံတစ်ယောက်ထဲ ကြိတ်ပြောနေသော်လည်း ဖူးငုံစိတ်ကူးများ မပြည့်ခဲ့ပါ။

"ကိုတို့ စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်ကြရအောင်"



"ကိုမင်းမှာ ဘာအခက်အခဲရှိလို့လဲ"

ကိုမင်းဘာမှ မပြောဘဲ အကြာကြီးငြိမ်နေသည်။

"ကိုမင်းနဲ့ ဖူးငုံ စေ့စပ်ထားတာကို ဖျက်လိုက်ရုံနဲ့ ယွန်းက ကိုမင်းကို ပြန်ချစ်မယ်လို့ ကိုမင်း ထင်နေလို့လား"

ကိုမင်း ထိတ်လန့်သွားသောမျက်ဝန်းများနှင့် ဖူးငုံကို ကြည့်လာသည်။ အဲလိုမကြည့်ပါနဲ့ကိုမင်းရယ်။ မိန်းကလေးတိုင်းက ကိုယ်ချစ်တဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ မပြောဘဲသိနေ တတ်ကြပါတယ်။ ကိုမင်းသာ ဖူးငုံ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာမသိပေမဲ့ ဖူးငုံ ကိုမင်းနဲ့ပတ်သတ်လာရင် အားလုံးကို သိနေခဲ့ပါတယ် ကိုမင်းရယ်။

"ကို မသိဘူး ဖူးငုံရယ်။ ကို သူ့ကိုချစ်တယ်"

ကိုယ်အရမ်းချစ်သော ယောကျ်ားတစ်ယောက်၏ ချစ်တယ်ဆိုသောစကားသည် ကိုယ့်အတွက်မဟုတ်ဘဲ နားနဲ့ ကြားခွင့်ရသော မိန်းမတစ်ယောက်ရဲ့ရင်တွင်းကို ဝင်ရောက် ခံစားကြည့်စေချင်သည်။ မျက်ဝန်းများမှ အပြိုင်အဆိုင် စီးကျချင်နေသော မျက်ရည်စက်လေးများကိုလည်း အားတင်းကာ တားဆီးထားမိသည်။ ခဏလေးပါ ကိုမင်းတို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်ရနေတဲ့ ခဏလေးမှာ ကြည်ကြည်လင်လင်လေး မြင်ပါရစေနော်။

"ဖူးငုံ ဘာလုပ်ပေးရမလဲ"

"ကို....."

"ဖူးငုံ သေချာစဉ်းစားပြီးရင် ကိုမင်းကို အကြောင်း ပြန်လိုက်မယ်နော်။ ကိုမင်းဖူးငုံကြောင့် ဘယ်တော့မှ စိတ်မဆင်းရဲ စေရဘူး စိတ်ချပါ။ ကိုယ်ချစ်တဲ့ လူကို စိတ်ချမ်းသာစေချင်တာ ချစ်တဲ့လူတိုင်းရဲ့ ဆန္ဒပါ ဖူးငုံ ပြန်တော့မယ်"

ဖူးငုံ ကားပေါ်ရောက်သည်နှင့် ထိန်းထားသမျှ လွှတ်ချကာ အားရပါးရငိုချလိုက်သည်။ အရာအားလုံးကတော့ မျက်ရည်များကြောင့် မှုန်ဝါးကုန်သည်။ ဖူးငုံ မျှော်လင့်ချက်အားပုံးလည်း မျက်ရည်များနှင့် အတူလွင့်ပါး ပျောက်ကွယ်သွားလေသည်။ ချစ်သူရဲကောင်း မဟုတ်ပေမဲ့လည်း ချစ်သူအတွက် အသက်ကိုတောင် စွန့်နိုင်ကြသေးတာပဲ ဖူးငုံက အသည်းနှလုံးတစ်ခုပဲ စွန့်လွှတ်ခဲ့ရတာပဲ။ သူသာပျော်မယ်ဆို ဖူးငုံ ကျေကျေနပ်နပ် စွန့်လွှတ်နိုင်ပါတယ်။

## အခန်း(၂၃)

ခွဲထံသို့ ငြိမ်းချမ်းကျော်က စကားပြောစရာ ရှိသည်ဆိုသော ချိန်းဆိုချက်ကြောင့် ခွဲ ချိန်းဆိုထားသော ကော်ဖီဆိုင်လေးသို့ ရောက်ရှိလာသည်။ လာသာလာသည် ခွဲ ငြိမ်းချမ်းကျော်ကိုလည်း မြင်ဖူးတာမဟုတ်။ ငြိမ်းချမ်းကျော်ကတော့ ခွဲကိုမြင်ဖူးသဖြင့် သိပ်တော့ပြဿနာမရှိပေ။ ခွဲ ဆိုင်ထဲ ဝင်လာသည်နှင့် ယောကျ်ားတစ်ယောက် လက်လှမ်းပြသဖြင့် ငြိမ်းချမ်းကျော်ပဲဖြစ်ရမည်။

ရှပ်လက်တိုအဖြူရောင်ကို စတိုင်ပန့်အနက်နှင့်တွဲဝတ်ထားသော ငြိမ်းချမ်း၏အသွင်သည် လူကြီးလူကောင်းတစ်ဦးဖြစ်မှန်း ခန့်မှန်းလို့ရသည်။

"ထိုင်ပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဖွဲ့ထက်မာန်ပါ"

"ငြိမ်းချမ်းကျော်ပါ တွေ့ရတာဝမ်းသာပါတယ်"

နှစ်ဦးသားလက်ဆွဲနှုတ်ဆက်၍ မိတ်ဆက်လိုက်ကြသည်။

"ကျွန်တော် ကိုဖွဲ့ထက်မာန်ကို ပွင့်ပွင့်လင်းလင်းပြောချင်ပါတယ်။ တကယ်လို့ ကျွန်တော်စကားထဲမှာ အမှားတစ်ခုခုပါသွားခဲ့ရင်လဲ အခုထဲက ကြိုတောင်းပန် ထားပါရစေဗျာ"

"မလိုပါဘူး ကိုငြိမ်းချမ်း လွတ်လွတ်လပ်လပ်သာပြောပါ"

"ကျွန်တော်က မိုးပြေးရဲ့ တစ်ချိန်ကချစ်သူပါ။ အမှန်အတိုင်းပြောရရင် ကျွန်တော်ဘက်ကတော့ အခုထိလည်း ချစ်နေရတဲ့သူပါ"

"ဟုတ်ကဲ့ ကျွန်တော်ကို မိုးပြေးပြောပြဖူးလို့ ကျွန်တော်သိနေပါတယ်။"

"ကျွန်တော်သိချင်တာ ကိုဖွဲ့ထက်မာန် မိုးပြေးအပေါ်ထားတဲ့ သဘောထားပါ။ ကျွန်တော် ဒီလိုပြောလို့ သူများကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်တယ်လို့လဲ မထင်စေချင်ပါဘူး။ ကျွန်တော် မိုးပြေး



နဲ့ပတ်သတ်တဲ့ လူတိုင်းကို လိုက်စုံစမ်းထားတော့ ကိုဖွဲ့ထက်မာန်အကြောင်းပါ ကျွန်တော်သိခဲ့ရတယ်။ ကိုဖွဲ့ထက်မာန်မှာ အရမ်းချစ်ရတဲ့ ချစ်သူရှိနေတယ်ဆိုတာလည်း သိခွင့်ရလိုက်တော့ အမှန်အတိုင်းပြောရရင် ကျွန်တော် မိုးပြေးအတွက် စိတ်ပူလို့ အခုလို လာတွေ့ရတာပါ"

"ဟုတ်ကဲ့ ကိုငြိမ်းချမ်းပြောတာ အားလုံးအမှန်ပါပဲ။ ကျွန်တော် မိုးပြေးကို သူငယ်ချင်းတစ်ယောက်လိုကလွဲရင် ဘယ်လိုမှ သဘောမထားခဲ့ပါဘူး။ ကျွန်တော့် ချစ်သူနဲ့ ကျွန်တော်ကလည်း လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာပါ။ စိတ်ချပါ ကျွန်တော်အတွက် မိုးပြေး ဘယ်တော့မှ ဒုက္ခမရောက်စေရပါဘူး။ အခုလို မိန်းကလေး တစ်ယောက်ကို မြတ်မြတ်နိုးနိုးချစ်တတ်တဲ့ ကိုငြိမ်းချမ်းရဲ့အချစ်တွေကိုလည်း မိုးပြေးနားလည်အောင် ကျွန်တော် အတတ်နိုင်ဆုံး ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုဖွဲ့ထက်မာန်"

"မဟုတ်တာ တကယ်ချစ်တဲ့လူတွေကို အဆင်ပြေစေချင်တာ ကျွန်တော့်စေတနာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းချင်တော့ ကျွန်တော်နှင့် ကိုငြိမ်းချမ်းက အချိန်တိုလေးအတွင်းမှာ တစ်ဦးစိတ်မါတ်ကိုတစ်ဦး နားလည်ကာ ခင်မင်သွားခဲ့ကြသည်။ ကိုယ့်ချစ်သူကို တကယ်မြတ်မြတ်နိုးနိုး ချစ်ကြသူများဖြစ်သောကြောင့်လည်း စိတ်သဘောထားချင်းတူကာ လက်တွဲ၍ ရခဲ့သည်။

༄ ༄ ༄ ༄ ༄

## အခန်း(၂၄)

မိုးပြေးက ဘာသဘောမှန်းမသိ ကျွန်တော်ရှိုးသို့ ပန်းတွေပို့လို့ပို့၊ မုန့်တွေပို့လိုပို့နှင့် ဘာတွေလုပ်နေမှန်းကို မသိပါ။ ကျွန်တော်ကလည်း သူမပို့သမျှပန်းတွေကို ရှိုးမှ ရှိသော အပျိုကြီး၊ အပျိုလေး မမများအားလုံးကို ဝေပေးပစ်သည်။ မုန့်များကိုတော့ ယောက်ျားလေးများကို ဝေပေးသည်။ သူမက ဘာစိတ်ကူမှန်းမသိ ဒီလိုကြီး တစ်ပတ်လောက်လုပ်နေသည်။ ဖုန်းဆက်မေးတော့လည်း ဖုန်းမကိုင်သဖြင့် ကျွန်တော်လုပ်ချင်တာ အကုန် လုပ်ပစ်လိုက်သည်။

ရှိုးကလူတွေက မနက်ဆို မိန်းကလေးတွေက ဝမ်းမြှော်သည်။ နေ့လည်ဆို ယောက်ျားလေးတွေက မုန့်မျှော်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆင်ကိုပြေလို့...။ ဒီနေ့တစ်နေ့လုံးတော့ မုန့်ကော၊ ပန်းကော မရောက်လာသဖြင့် သူမလက်လျှော့ သွားသည် ထင်ကာ ပျော်ရွှင်နေမိသည်။

ညနေရောက်မှ သူမဖုန်းဆက်ပြောမှ သိလိုက်ရတာက အပြစ်ပေးတာတဲ့။ ဒီလိုအပြစ်ပေးပုံမျိုးဆို ရုံးက တစ်ရုံးလုံးက အမြဲအပြစ်ပေးခံချင်ကြောင်းပြောတော့ သူမက အော်တောင်ရယ်နေသေးသည်။

"မိုးပြေးကို ကျွန်တော် တစ်ခုပြောရဦးမယ်"

"တစ်ခုမကဘူး အများကြီးပြော"

"ကိုငြိမ်းချမ်း ကျွန်တော်ကို လာတွေ့တယ်"

"သူက ဘာလာတွေ့တာလဲ ရှည်ကိုရှည်တယ်"

"အဲလိုမပြောပါနဲ့ မိုးပြေးရယ်။ ကိုငြိမ်းချမ်းက တကယ်ယောကျ်ားပီသပြီး စိတ်ရင်းကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ"

"ရှင့်ကို ရေ့နေခ ဘယ်လောက်ပေးလို့ ရှင်က ရှင့်ယောက်ဖဘက်က ပါနေရတာလဲ။"

"ကျွန်တော်မှာ အရင်းကော၊ တစ်ဝမ်းကွဲရော၊ နှစ်ဝမ်းကွဲရော အစ်မရော နှမပါမရှိဘူး။"

"အော်..အရေးထဲ သူကဆွေမျိုးလာစပ်ပြနေသေး



"ကျွန်တော် မိုးပြေးအတွက် စိတ်ရင်းအမှန်နဲ့ ပြောနေတာ။ လောကမှာ ကိုယ့်ကိုနားလည်မှု ပေးပြီး မြတ်မြတ်နိုးနိုးတန်ဖိုးထားချစ်တဲ့လူဆိုတာ ရှားသွားပြီ။ ဒီလိုလူမျိုးကို မိုးပြေး ပြန်တန်ဖိုးထား သင့်တယ်"

မိုးပြေး ခဏတော့ငြိမ်သွားသည်။ ပြီးလျှင်တော့ သူမထုံးစံအတိုင်း

"ဆရာကြီးလား၊ သိပ်ဆရာလုပ်တယ်"

"မဟုတ်ဘူး မိုးပြေး ကျွန်တော် ဆရာလုပ်တာ မဟုတ်ဘူး။ စေတနာထားတာ မိုးပြေးကိုအရွေး မမှားစေတဲ့ စေတနာ"

"တော်ပြီ စိတ်ရှုပ်တယ် ရှင်နဲ့ဖုန်းပြောရတာ ဖီးလ်မလာတော့ဘူး။ ဒါပဲ"

သူမကပင် ဆောင့်ကြီးအောင့်ကြီး ဖုန်းချသွားသေးသည်။ နေပေါ့ စေတနာနဲ့လဲပြောရသေးသည်။ ဒါပေါ့ 'စေတနာသည် လူတိုင်းနှင့်မတန်ဆိုတာ။ ဖွဲတစ်ယောက် ပွစိပွစိပြောရင်း ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

ကိုအောင်မင်းခန့်ကလည်း ယွန်းဆီ ဘယ်လောက်လာလဲ မလာလဲဆို ယွန်းတို့ရုံးက တံခါးစောင့်ကစပြီး တစ်ရုံးလုံးသူနှင့် မသိတဲ့လူမရှိချေ။ ယွန်းလည်း ထိုသို့လာလာနေသောကြောင့် ခေါင်းခြောက်ရသည်။ တနေ့တစ်မျိုး မရိုးသောဆင်ခြေလက်ခြေများနှင့် နေတိုင်းနီးပါးရောက်လာတတ်သည်။ အရမ်းသဘောကောင်းသော သူဌေးက ကုမ္ပဏီကလာချတာကို လက်မခံဘဲ နေတိုင်း ကုမ္ပဏီကိုလာကာ ပစ္စည်းများလာယူသဖြင့် အားလုံးက ဝိုင်းစကြသည်။



ယွန်းပြောလည်းနားမထောင်ဘဲ သူလုပ်ချင်ရာလုပ်နေသော ကိုအောင်မင်းခန့်ကိုလည်း ယွန်းပြောမနေချင်တော့၊ အခုလည်း ဘာကိစ္စကိုအကြောင်းပြပြီး ရောက်လာပြန်ပြီလဲ မသိပါ။

"ကိုအောင်မင်းခန့် ဘာကိစ္စပေါ်လာပြန်ပြီလဲ"

ကိုအောင်မင်းခန့် ဘေးဘီကို တစ်ချက်ကြည့်လိုက်သည်။ လူရှင်းသောအခါ ယွန်းအနားကိုကပ်ကာ လေသံခပ်တိုးတိုးလေးနှင့်.....

"ဘာကိစ္စမှာလဲ ယွန်းကို တစ်နေ့မတွေ့ရင်
မနေနိုင်လို့ပေါ့"

"အဲလိုတော့ မလုပ်ပါနဲ့ သူများပြောစရာဖြစ်တာ
ပေါ့"

"ဘာပြောစရာ ဖြစ်မှာလဲ ကိုယ်က အလကားမှ
မလာတာ ယွန်းတို့ ရောင်းတဲ့ပစ္စည်းတွေကို
အားပေးနေတဲ့ ဖောက်သည်ပဲဟာ၊ ယွန်းမကြား
ဘူးဘူးလား ယောကျ်ားကြိုက်တော့ စိုက်စိုက်
လာတဲ့"

သူ့ဆင်ခြေနှင့်သူကတော့ ဟုတ်နေသည်။ ရုံးက လူတွေကရော မသိဘဲနေမလား၊ ယွန်းလည်း သူနဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြိုင်ဘာမှ ပြောမနေချင်တော့ပါ။ ပြောလို့လည်း ရမှ မရတာ။

"ကိုအောင်မင်းခန့်မှာတဲ့ ပစ္စည်းတွေ ကားပေါ် တင်ပြီးပြီ"

ကောင်လေးများ ပစ္စည်းတင်တာပြီးသည်နှင့် ယွန်း သတိပေးလိုက်သည်။ ဆိုလိုတာက ပညာရှိနည်းနဲ့ နှင်လိုက်ခြင်းပေါ့။ ဒါကိုယ်ပင် ကိုယ်တော်ချောက မပြီးနိုင်မစီးနိုင် စကားကြောရှည်နေသေးသည်။

"ယွန်းတို့လည်းရုံးဆင်းပြီမှတ်လား။ ကိုယ်ပြန်လိုက်ပို့ပေးမယ်လေ။ အန်တီတို့နဲ့လည်း မတွေ့တာကြာပြီ။ လိုက်တွေ့ဦးမယ်"

ဒါကြောင့်မို့ ယွန်းတို့ရုံးဆင်းချိန်ကို တမင်အချိန်ကိုက်လာခြင်းဖြစ်မည်။ အကြံကတော့တော်တော်ကြီးသည်။

"မေမေတို့ မရှိဘူး ကိုအောင်မင်းခန့်။ မေမေနဲ့ ဖေဖေက ဘုရားဖူး ခရီးသွားတယ်။ အိမ်မှာလည်း ယွန်းနဲ့ကောင်မလေးပဲရှိတော့ ကိုအောင်မင်းခန့်ကို အိမ်လည်မခေါ်တော့ဘူးနော်"

"ယွန်းသဘောပါဗျာ။ ယွန်းမလာစေချင်ရင်လည်း ကျွန်တော် မလာပါဘူး"



"အဲလိုမဟုတ်ပါဘူး။ ယွန်းတကယ်ပြောတာပါ။ မယုံရင်လည်းလိုက်ခဲ့ပါ"

"နောက်တာပါယွန်းရယ်။ ယွန်းကလေ တစ်ခါတစ်လေ အရမ်းချစ်ဖို့ကောင်းတာပဲ"

"ဟာ...ကိုအောင်မင်းခန့်ကလဲ....သွားတော့.. သွားတော့"

"အဲလိုအတင်းနှင်လေ..ပိုချစ်လေပဲ"

ကိုအောင်မင်းခန့်ကတော့ ပြုံးပျော်ကျေနပ်စွာဖြင့် ကားပေါ်တက်သွားသည်။ ယွန်းမှာသာ ရင်မောပြီး ကျန်ခဲ့သည်။ ဒါကြောင့် လူကြီးတွေက ပြောတာဖြစ်မည်။ မီးကိုမဆော့ရဘူးတဲ့။ အခုတော့ မီးနဲ့တူတဲ့အချစ်ကို ကစားမိလို့ အားလုံးပူလောင်နေခဲ့ရပြီ။ ယွန်း ရင်တစ်ခုလုံးလည်း ပူလောင်နေသည်။ ယွန်းလိုပဲ ဘယ်သူရော ဘယ်လောက်တောင် လောင်ကျွမ်းပူလောင်နေမလဲ။

ယွန်းမျက်ဝန်းထဲတွင် မြတ်ဖူးငုံကို မြင်ယောင်လာမိသည်။ ယွန်းခေါင်းကို ခါယမ်းလိုက်ရင်း သက်ပြင်းချလိုက်မိသည်။ နှုတ်ဖျားမှလည်း ယွန်းကြောင့် ဘယ်သူ့မှ မနစ်နာစေရပါဘူး စိတ်ချပါ ဖူးငုံရယ်ဟု တစ်ယောက်ထဲ ညည်းတွားပြောဆိုနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

ယွန်းနှင့်ဖွဲ့ ဘာစကားမှမပြောမိဘဲ ထိုင်နေတာ မိနစ်နှစ်ဆယ်လောက်တောင် ရှိတော့မည်။ တစ်ခုခုကိုတော့ ယွန်းတို့ ဆုံးဖြတ်ချက်ချမှဖြစ်တော့မည်။ ယွန်းတို့မှာ ဆက်လျှောက်စရာလမ်းမရှိတော့။ do or die တစ်ခုတော့ လုပ်ကိုလုပ်ရတော့မည်။ အစိမ့်ပွါယ်မဲ့ ကန့်ရေပြင်ထဲကို ပစ်ပေါက်နေသော ဖွဲ့ လက်ထဲမှ ခဲလုံးအားလုံးကိုယူ၍ ယွန်းလွှတ်ပစ်လိုက်သည်။

"ယွန်း ငါတို့မှန်းထားသလိုဖြစ်မလာရင် ဘယ်လို လုပ်မလဲ"

"ငါတို့ အဆိုးဆုံးကို မျှော်လင့်ပြီး အကောင်းဆုံး လုပ်ကြတာပေါ့"



"ဘယ်လို…ဘယ်လို၊ နင်ပြောတာ ငါသိပ်မရှင်း ဘူး"

"ဒီလိုလေဟာ ငါတို့ ကိုအောင်မင်းခန့်နဲ့ မိုးပြေးကို ငါတို့နှစ်ယောက် ချစ်သူတွေပါလို့ငါတို့မပြောဘဲ သူ့အလိုလိုသိစေချင်တယ်။ ဒါကြောင့်လည်း ငါတို့ ကြိုးစားပမ်းစားကိုလုပ်ခဲ့တယ်။ ဒီလိုများသိသွား ရင် နောက်ဆုတ်မလားလို့ ငါတို့မျှော်လင့်ခဲ့ လည်း ငါတို့ ထင်သလိုဖြစ်မလာတဲ့အပြင် ငါတို့ လုပ်ရပ်ကသူတို့အချစ်ကို တွန်းအားပေးသလိုဖြစ် သွားပြီး ငါတို့မျှော်လင့်မထားတဲ့ ရလဒ်တွေဖြစ် လာတယ်။ အခုလည်း ငါတို့ဒီလိုဖွင့်ပြောရင် အဆင်ပြေသွားမယ်လို့တော့ ကျိန်းသေမပြောနိုင် ဘူး။ ဒါပေမဲ့ တစ်မျိုးမျိုးတော့ ပြောင်းသွားမှာပဲ။ ဒါကြောင့် နင်ရောငါရော အဆိုးဆုံးကို မျှော်လင့် ထားဖို့လိုတယ်။ အဆိုးဆုံးမျှော်လင့်ပြီး အကောင်း ဆုံးဖြစ်လာရင် ဘယ်လောက်ကောင်းမလဲ။ ဘာပဲဖြစ်ဖြစ် ငါတို့လုပ်ရပ်နဲ့ စေတနာကောင်းဖို့ပဲ အရေးကြီးတယ်"

"အင်းပါဟာ။ ဘာပဲဖြစ်ဖြစ် နင် ငါ့လက်ကို လွှတ်မသွားရင် ငါ အားလုံးကိုရင်ဆိုင်နိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစွဲ ငါလည်း နင့်လက်ကိုဘယ်တော့မှ မလွှတ်ဖူး။ ငါတို့ကြောင့် လွှတ်သွားတဲ့လက်တွေ ကိုလည်း မရရအောင်ပြန်တွဲပေးမယ်နော် စွဲ"

သူမခေါင်းလေးကို လက်လေးနှင့် ပွတ်သပ်ကာ ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ လွယ်ပါ့မလား ယွန်းရယ် လို့လည်း ရင်ထဲမှာ ညည်းတွားနေမိသည်။ ဘာပဲဖြစ်ဖြစ် ယွန်းပြောသလိုပဲ ဇာတ်မျောကြီးထက် ဇာရင်တော့လည်း တစ်ခုခုဖြစ်သွားတာက ပိုကောင်းဦးမည်။ အခုတော့ ဘယ် အချိန်မှာ ကြွေမယ်မှန်းမသိသော အသီးကို ထိုင်စောင့်နေရ သလို ရင်မောလွန်းသည်။ ပြုတ်ပဲကျကျ ခါချဉ်ပဲကိုက်ကိုက် ဖြစ်ချင်ရာဖြစ် တက်ခူးလိုက်ရတာမှ ပိုကောင်းဦးမည်။

အခုတော့ ယွန်းအစီအစဉ်အတိုင်းကျွန်တော့်မွေးနေ့ တွင် အောင်မင်းခန့်ရော မိုးပြေးရောကို ဖိတ်လိုက်သည်။ မနက်ဖြန်သည် ကျွန်တော်နှင့် ယွန်းအတွက်တော့ တရား စီရင်ချက်ချမည့်နေ့ဖြစ်သည်။ ရင်ခွင်ထဲတွင် ယွန်းကို တင်း တင်းဖက်ထားရင်း ကျွန်တော်ကိုယ်တိုင်လည်း အသက်ရှူ မဝသလို ခံစားနေရသည်။



❧ ❧ ❧ ❧ ❧

## အခန်း(၂၇)

ကျွန်တော်၏ မွေးနေ့ပွဲကိုတော့ စကားပြောရန် အဆင်ပြေသော တစ်နည်းပြောရလျှင် လွတ်လွတ်လပ်လပ် ပေါက်ကွဲ၍ရသော စိမ်းလန်းစိုပြေတွင် ကျင်းပလိုက်သည်။ ကျွန်ုပ်ရတော်ဖြတ်သန်းလာသော ကာလတစ်လျှောက်လုံး ဒီတစ်ခါမွေးနေ့လောက် စိတ်ပူက် စိတ်ရှုပ်စရာကောင်း သောမွေးနေ့မျိုး မကြုံဘူးပါ။

"ဖွဲရယ် နင်ကမွေးနေ့ရှင်လေ နည်းနည်းပါးပါး လည်း နင့်မျက်နှာထားလေးကိုပြင်ဦး။ နင့်ဟာက မွေးနေ့နဲ့မတူဘူး။ အသုဘလာပို့တဲ့လူ ရုပ်ပေါက် နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညှက်ရတဲ့အထဲ သူမက ဘာတွေလာပြောနေမှန်းမသိ။ ဘုရားစာပဲရွတ်ရမလား။ ဘယ်စကားလုံးကများ စပြောလျှင်ကောင်းမလဲ စဉ်းစားနေရင်းနှင့် ခေါင်းတွေလည်း ချာချာလည်နေသည်။

ဘယ်လောက်များ စိတ်ရှုပ်နေလဲဆို အနားကို မိုးပြေးရောက်လာသည်ကိုပင် အရှင်းမသိလိုက်။ ယွန်းနှုတ်ဆက်သံကြားမှ ခေါင်းမော့ကြည့်မိသည်။

" Happy Birthday ဖွဲ့"

"ကျေးဇူးပါ"

"ဟော့ကောင်ကြီး Happy Birthday "

မိုးပြေးနှုတ်ဆက်သံနှင့် အောင်မင်းခန့် နှုတ်ဆက်သံက ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာသည်။

"လာ ထိုင် သူငယ်ချင်း"

အောင်မင်းခန့်ကို ဖွဲ့က သူ့ဘေးနားခုံမှာ ထိုင်ခိုင်းလိုက်သော်လည်း မိုးပြေးက ဖွဲ့ဘေးခုံတွင်ဝင်ထိုင်၍ ယွန်းဘေးတွင်တော့ အောင်မင်းခန့် ဝင်ထိုင်လိုက်သည်။ ထို့ကြောင့်လည်း စားပွဲဝိုင်းတစ်ခုတွင် မိုးပြေးဘေးနားတွင် ဖွဲ့၊ ဖွဲ့နံဘေးတွင် ယွန်း၊ ယွန်းဘေးတွင် အောင်မင်းခန့် ဝင်ထိုင်လိုက်သဖြင့် ဖွဲ့နှင့် ယွန်းက အလိုလို တစ်တွဲစီ ကွဲကုန်သည်။ အဖွင့်ထဲက စလွဲသည်။



"ကိုအောင်မင်းခန့် ဒါ ယွန်းငယ်သူငယ်ချင်း တိမ်မိုးပြေးတဲ့"

"မိုးပြေးကို မိတ်ဆက်ပေးရဦးမယ်။ ဒါက ကိုအောင်မင်းခန့်တဲ့ ဖွဲ့ရဲ့သူငယ်ချင်း၊ ယွန်းအတွက်တော့အကြီးမားဆုံးcustomer ပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်။ ဖွဲ့ သူငယ်ချင်းဆို မိုးပြေးရဲ့လည်း သူငယ်ချင်းပဲပေါ့။ နောက် လမ်းတွေ့ရင်လည်း ခေါ်မှာနော်"

"ခေါ်ပါဗျာ ကျွန်တော်လည်း ယွန်းသူငယ်ချင်းဆို ကျွန်တော့်သူငယ်ချင်းပဲပေါ့"

သူတို့နှစ်ယောက်ကတော့ သူတို့ဘာသာ ခွဲတန်းချပြီး အပေးအယူမျှစွာ အဆင်ပြေနေသည်။ ဟင်းများရောက်ချိန်တွင်လည်း မိုးပြေးက ဖွဲ့ကို အတင်းထည့်ပေး၍ အောင်မင်းခန့်ကလည်း ယွန်းကို ရေကအစ လိုမှလေးမရှိ ဂရုစိုက်နေသည်။ သူတို့အဲလိုလုပ်နေလေ ဖွဲ့နှင့်ယွန်း ဖွင့်ပြောဖို့ခက်လေ လေဖြစ်နေသည်။ သူတို့ကတော့ သူတို့ချစ်သူကို သူတို့ဂရုစိုက်သည်ပေါ့။ စားပွဲအောက်တွင် ချထားသော ဖွဲ့ခြေထောက်ကို ယွန်း တက်နင်းလိုက်သည်။ ဒီအချိန်က အားလုံးလည်း စားသောက်ပြီးချိန်ဖြစ်သဖြင့် ဖွင့်ပြောဖို့အကောင်းဆုံးအချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ခေါင်းတစ်ချက်ဟန့်၍ အရှိန်ယူလိုက်သည်။ ဒါကိုပင် မိုးပြေးကလည်း ပျာပျာသလဲ ရေတွေဘာတွေ လှမ်းတိုက်နေသေးသည်။

"ရတယ် မိုးပြေး"

မိုးပြေးလက်ထဲမှ ရေခွက်ကိုလှမ်းယူပြီး တစ်ချက် မော့ချလိုက်သည်။ ရေကလျှောမကျတဲ့အပြင် နင်တောင် နင်သွားသေးသည်။

"ငါ မင်းတို့ကို တစ်ခု ပြောစရာရှိတယ်"

ယွန်းက လွဲ၍ ကျန်တဲ့နှစ်ယောက်က ဘာလဲဆိုသည့် သဘောနှင့် ပြူးတူးပြဲတဲ ကြည့်လာကြသည်။

"ငါနဲ့ ယွန်း ချစ်သူတွေဖြစ်သွားကြပြီ"

ဘာ!"

အောင်မင်းခန့်၏အသံက ကျားဟိန်းသံလား ဟိန်း ထွက်သွားသည်။ မိုးပြေးလည်း မျက်နှာ အကြီးအကျယ် ပျက်သွားသည်။ အံကြိတ်ထားပေမဲ့ တဆတ်ဆတ်တုန်နေ သော နှုတ်ခမ်းလေးက သူမ၏ဒေါသများကို ဖော်ပြနေ သည်။

"မင်း မိုက်ရိုင်းလှချည်လား။ ငါ ဒီလောက်မင်းကို ပြောထားတာတောင် မင်းက နောက်ကျောကို ဓားနဲ့ထိုးတာ။ သူငယ်ချင်း အချင်းချင်း မင်းမို့ လုပ်ရက်တယ်"



"မင်းပြောချင်တာပြောပါ။ မင်းကြိုက်တဲ့ အပြစ်ပေးပါ ငါခံယူဖို့အသင့်ပါပဲ"

"မင်းကခံယူရဲမှတော့ ငါကပေးရတော့မှာပေါ့"

ဖွဲ့ ကော်လာကို ဆုပ်ကိုင်၍ အောင်မင်းခန့် နှစ်ချက် သုံးချက်ဆင့် ထိုးချလိုက်သည်။ ဖွဲ့ကတော့ ဘာမှမလုပ် အောင်မင်းခန့်ပေးသမျှ အပြစ်တွေကို ကျေကျေနပ်နပ်ကြီး ကိုခံယူနေသည်။ ယွန်းမနေနိုင်သည့်အဆုံး ယွန်း မျက်လုံး စုံမှိတ်၍ ထအော်လိုက်သည်။

"မဟုတ်ဘူး ကိုအောင်မင်းခန့် ထင်သလို မဟုတ် ဘူး။ ယွန်းနဲ့ ဖွဲ့နဲ့က ကိုအောင်မင်းခန့်နဲ့ မတွေ့ခင် ထဲက ချစ်သူတွေ"

"ဘာပြောလိုက်တယ် ယွန်း"

ဖွဲ့ကိုထိုးနေရမှ အောင်မင်းခန့်လက်များ ပြေကျတော ယွန်းနားရောက်လာသည်။ ယွန်း၏ ပခုံးများကို ကိုင်လှုပ် ရင်း....

"ဒါဆို မင်းတို့ဘာလို့ ငါ့ကိုလိမ်ခဲ့တာလဲ။ မင်းတို့ သူငယ်ချင်းပါလို့ငါ့ကိုစမိတ်ဆက်ပေးခဲ့တာလဲ"

"မဟုတ်ဘူးသူငယ်ချင်း ငါ ရှင်းပြပါရစေ"

ဖွဲ့ အလူးအလဲထကာ ယွန်းနားကို ရောက်ရှိသွား သည်။ ပါးစပ်ကလည်း အောင်မင်းခန့်ကို တတွတ်တွတ်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေမိသည်။

"မရှင်းပြနဲ့ မင်းအသံ ငါမကြားချင်ဘူး။ ယွန်း မင်းသိထားဖို့က မင်း လှည့်ပတ်သမျှကို ခေါင်းငုံခံနေမဲ့လူထဲမှာ ငါမပါဘူး။ မင်းတို့လုပ်ချင်တာ လုပ်ပြီးပြီ။ အခု ငါတို့အလှည့်ပဲ ငါမင်းကိုချစ်တယ်။ လုံးဝအလျှော့မပေးနိုင်ဘူး။ မင်းတို့ဘာသာ အခုချစ်လိုက် မုန်းလိုက်ထဲမှာ ငါတို့နှလုံးသားတွေက အလကားသက်သက် အရှုံးလုပ်ခံရမှာလား။ လုံးဝ အဓိပ္ပါယ်မရှိဘူး။ မင်းတို့ကို ငါ မရရအောင်ခွဲပြမယ် ကြည့်နေ"

အောင်မင်းခန့် ယွန်းတို့ကိုအော်ဟစ်ပြီး ဒေါသတကြီး ကားကိုမောင်းထွက်သွားလေသည်။ အခုအချိန်ထိ ပွဲကြည့်ပရိတ်သတ်လို ထိုင်ကြည့်နေသော မိုးပြေးကလည်း လက်ခုပ်တီးကာ မတ်တတ်ထရပ်လိုက်သည်။

"နင်တို့နှစ်ယောက်ရဲ့ အကယ်ဒမီရှော့တွေက ကောင်းသွားလို့ ငါတောင် မိန်းမောသွားတယ်။ ယွန်း နင့်ကိုငါ သူငယ်ချင်းစာရင်းထဲက အပြီးနုတ်လိုက်ပြီ။ ငါလည်း ကိုအောင်မင်းခန့်ပြောသလိုပဲ နင်တို့နှစ်ယောက်ကို မရရအောင်ခွဲမယ်။ နင်တို့စောင့်ကြည့်"



ချာကနဲလှည့်ထွက်သွားသော မိုးပြေးကို လိုက်တောင်းပန်ချင်သော်လည်း ခွဲက အတင်းဖက်၍ တားထားသဖြင့် လိုက်တောင်းပန်ခွင့်မရခဲ့ပေ။ မျက်ရည်များပေကျံနေသော ယွန်းမျက်နှာကိုလည်း ခွဲက တစ်သျှူးလေးနှင့် တယုတယ သုတ်ပေးလေသည်။ ခွဲကိုမော့ကြည့်တော့လည်း အထိုးခံထားသော ဒဏ်ရာများကြောင့် မျက်နှာတစ်ခုလုံး ဖူးယောင်လာသည်။

ဒဏ်ရာများကြားက ပြုံးပြအားပေးသော ခွဲကိုလည်း လေးစားချစ်ခင်မိပါသည်။

"ယွန်းသိလား ငါဒဏ်ရာတွေရမှပဲ ရင်ထဲမှာ နေလို့ကောင်းသွားတော့တယ်"

"ခွဲ ရယ်..."

ယွန်းမျက်ရည်များ တသွင်သွင်စီးကျလာသည်။ တကယ်မှန်တော့ ယွန်းကိုယ်တိုင်လည်း အခုမှ လိပ်ပြာသန့်သန့် နေနိုင်သည်မှတ်လား။ ဘယ်သူ သိသိမသိသိ လိမ်လည်မိသော သူကတော့ အမြဲပဲပူပင်နေခဲ့ရတာပါ။ အခုမှ ခွဲပြောသလိုပင် အားရပါးရငိုလိုက်ရမှပဲ ပေါ့သွားတော့သည်။ အစကတော့ သူခိုးမယားမငိုရဲဆိုသလို ငိုချင်တာတောင် ကြိတ်မှိတ်မျိုသိပ်ခဲ့ရသမျှ ဖွင့်ထုတ်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ꩶ ꩶ ꩶ ꩶ ꩶ

## အခန်း(၂၈)

ဒီဇာတ်လမ်း၏အစသည် ကျွန်တော်နှင့် ယွန်းကြောင့်ဖြစ်ခဲ့ရလျှင် ဒီဇာတ်လမ်း၏အဆုံးကိုလည်း ကျွန်တော်တို့နှစ်ယောက်တွင် တာဝန်ရှိသည်။ ကျွန်တော်နှင့်ယွန်းက မြတ်ဖူးငုံနှင့်ကိုငြိမ်းချမ်းကျော်ကို ရှင်းပြရန် ကန်ဘောင်ပေါ်ရှိ စားသောက်လေးသို့ ရောက်ရှိလာသည်။

ညနေခင်းတွင် ဖြာကျနေသော နေရောင်ခြည်နုနုလေးများနှင့် ကန်ရေပြင်ကြီး၏အလှကလည်း ပန်းရနေသည်။ သိပ်မကြာသောအချိန်တွင် မြတ်ဖူးငုံနှင့် ကိုငြိမ်းချမ်းကျော်တို့ ရောက်လာသဖြင့် ကျွန်တော်တို့၏ ရှင်းလင်းပွဲလေးကို စတင်လိုက်သည်။

14A



"တကယ်တော့ ကျွန်တော်နှင့်ယွန်းက မြတ်ဖူးငုံနဲ့ ကိုငြိမ်းချမ်းကျော်ကို တောင်းပန်ချင်လို့ပါ"

"ဘာများလဲ ကိုစွဲ၊ ကိုစွဲတို့က ဖူးငုံတို့အပေါ်မှ ဘာမှမှ မမှားခဲ့တာ"

"မဟုတ်ဘူး ဖူးငုံ ယွန်းကို မှားခဲ့ပါတယ်။ ဒီအမှားကိုလည်း ဖူးငုံနှင့် ကိုငြိမ်းချမ်းကျော်ကို သိစေချင်တယ်။ ပြီးတော့ အားလုံးကိုလည်း နားလည်ပြီး ခွင့်လွှတ်စေချင်ပါတယ်"

အခုအချိန်ထိ ဘာမှဝင်မပြောသော ကိုငြိမ်းချမ်းကျော်က ကိုယ်ကိုရှေ့ကိုင်းကာ စိတ်ဝင်စားစွာ နားထောင်လာသည်။

"ဒီလိုပါ။ ကျွန်တော်နှင့်ယွန်းက အရမ်းချစ်ကြချစ်သူတွေပါ။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်မှာ ဘာမဆိုပြိုင်ဆိုင်တတ်တဲ့ အကျင့်ဆိုးလေးတွေရှိတယ်။ ကိုယ့်ရဲ့ အယူအဆတစ်ခုကိုလည်း အသည်းအသန်ဆုပ်ကိုင်ထားတတ်တယ်။ ဒီလိုအကျင့်ဆိုးတွေကြောင့်လည်း ဒါမျိုးဖြစ်လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းက ယောကျ်ားတွေရဲ့ အချစ်ကိုမယုံဘူး။ ဒါကြောင့်လည်း သူ့ကိုသက်သေပြဖို့ ကျွန်တော် အရမ်းယုံကြည်စိတ်ချရတဲ့ သူငယ်ချင်းကို စမ်းသပ်ခိုင်းလိုက်တယ်။ အောင်မင်းခန့်နဲ့ ဖူးငုံအကြောင်းကိုလည်း သိနေတော့ ကျွန်တော် ရဲရဲကြီးအာမခံခဲ့တယ်။ ဒီလို တကယ်ချစ်တဲ့ အတွဲတွေကိုမြင်ပြီး သူ့ရင်ထဲကသံသယတွေကိုကင်းရှင်းစေချင်တယ်။ ဒါမှလည်း ကျွန်တော်တို့လက်ထပ်တဲ့အခါမှာ တစ်ဦးကိုတစ်ဦးသံသယကင်းကင်း လက်တွဲနိုင်မယ်။ ဒီရည်ရွယ်ချက်လေးတစ်ခုကြောင့်လည်း မဖြစ်သင့်တာတွေဖြစ်ခဲ့ကြတယ်"

"ဒါပေမဲ့ ယွန်းထင်သလိုပဲ ဖြစ်သွားခဲ့တယ်မှတ်လား"

"ဒါကတော့ အခြေအနေအရပ်ရပ်ကြောင့်ပါ။ တကယ်တော့ အချစ်ဆိုတာ ကိုယ့်ချစ်သူကို ချစ်နေဖို့ပဲ မဟုတ်ဘူးလား။ ကိုယ့်ချစ်သူကို ချစ်နေသေးသရွေ့ အချစ်ဆိုတာ ကိုယ်နှလုံးသားထဲကရော ကိုယ့်ဘဝထဲကပါ ပျောက်ကွယ်မသွားပါဘူး။ ကိုယ်ပေးသလောက်ပြန်ရမှ အချစ်လို့



ခေါ်တာမှမဟုတ်တာ။ ပေးဆပ်ခွင့်ရနေတာလေးကို ကျေနပ်နေတာမှ အချစ်ရဲ့အနှစ်သာရပါဗျာ..။ ကျွန်တော်ကတော့ ဒီလိုပဲယုံကြည်တာပဲ"

ဇွဲက ကိုငြိမ်းချမ်းစိတ်ကို အစထဲကသိပြီးသားဖြစ်သဖြင့် မိန်းကလေးဖြစ်သော ဖူးငုံကိုသာ ဦးစားပေးပြောကြားလိုက်သည်။ ကိုငြိမ်းချမ်းကလည်း ဇွဲပြောသမျှကို ခေါင်းငြိမ့်၍ ထောက်ခံရှာသည်။

"ဟုတ်တယ် ကိုဇွဲပြောတာ ကျွန်တော်လက်ခံတယ်။ တကယ် မြင့်မြတ်တဲ့အချစ်မှာ သာတာတွေ နာတာတွေမပါဘူး။ အချစ်မှာ တကယ်လိုအပ်တာ ချစ်နေဖို့တစ်ခုထဲပါ။ အချစ်ရှိနေသရွေ့ အရာရာဟာ လှပနေမှာပါ။ ချစ်တဲ့စိတ်နဲ့ ကြည့်ရင်အားလုံးကိုခွင့်လွှတ်လို့ ရနိုင်ပါတယ်"

ဇွဲနှင့် ကိုငြိမ်းချမ်းကျော် ဝိုင်းပြောသဖြင့် ဖူးငုံတင်းထားသည့်စိတ်များ ပျော့ပြောင်းလာသည်။ မျက်ရည်များနှင့် ပြည့်လာသော ဖူးငုံမျက်ဝန်းများတွင်တော့ အချစ်များကို မြင်တွေ့ခွင့်ရလိုက်ပါသည်။

"ဖူးငုံ အချစ်ကို စာမဖွဲ့တတ်ဘူး။ ဖူးငုံသိတယ် လောကပဲ ခံစားရ ခံစားရ ကိုမင်းပျော်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံ ဘာမဆို ပေးဆပ်နိုင်တယ်။ ဖူးငုံဘဝမှာ ကိုမင်းသာ အရေးအကြီးဆုံးပါ။ ကိုမင်းအတွက်ဆို ဖူးငုံ အားလုံးကို ပေးဆပ်ရဲပါတယ်"

ယွန်း ဖူးငုံလက်လေးကို ဆုပ်ကိုင်အားပေးလိုက်သည်။ ဖူးငုံကလည်း ယွန်းလက်လေးကို ပြန်လည်ဆုပ်ကိုင်ကာ ရှိုက်ငိုလိုက်သည်။

"မငိုပါနဲ့ ဖူးငုံရယ်၊ တကယ်တော့ ကိုအောင်မင်းခန့်က ဖူးငုံရဲ့အချစ်ကို မသိသေးလို့ပါ။ ဖူးငုံရဲ့ နက်ရှိုင်းတဲ့အချစ်ကို သိလာတဲ့နေ့ကျရင် ဖူးငုံ့ဆီကနေ ဘယ်ကိုမှ ပြေးထွက်နိုင်မှာ မဟုတ်ပါဘူး။ တကယ်ကို လေးနက်မှန်ကန်တဲ့အချစ်မှာ အသွားအပြန်ရှိပါတယ် ဖူးငုံရယ်။ ဖူးငုံ ဘဝထဲကို ကိုအောင်မင်းခန့် ပြန်ရောက်လာမှာပါ။ အဲအချိန်ကျရင် ဖူးငုံ နွေးထွေးစွာဆီးကြိုလိုက်ပါနော်"

မျက်ရည်များနှင့် ခေါင်းငြိမ့်ပြလိုက်သဖြင့် ယွန်းလက်လေးပေါ်သို့ မျက်ရည်စက်လေး တစ်စက်ကျရောက်လာသည်။ ထိုမျက်ရည်စက်လေးကတစ်ဆင့် အေးမြသော မေတ္တာကို ယွန်း အပြည့်အဝခံစားလိုက်ရသည်။



"ကိုငြိမ်းချမ်းကိုတော့ ကျွန်တော်ရှင်းပြတာထက် မိုးပြေးရှင်းပြတာ ပိုကောင်းမယ် ထင်ပါတယ်။ တကယ်တော့ အချစ်ဆိုတာ လှည့်ကွက်များစွာနဲ့ ဖွဲ့စည်းထားတဲ့အရာပါ။ သိပ်မကြာခင် အချိန်မှာ အရာအားလုံးကို သေသေချာချာ ရှင်းရှင်းလင်းလင်း မြင်တွေ့ခွင့် ရတော့မှာပါ။"

ကိုငြိမ်းချမ်းက အားလုံးကို နားလည် သဘောပေါက်စွာခေါင်းညိတ်ပြလိုက်လေသည်။ အားလုံး အဆင်ပြေသွားချိန်တွင်တော့ ကောင်းကင်တွင်လှပသော ကြယ်လေးများထွက်ပေါ်လာပါတော့သည်။ မနက်ဖြန်တွင်တော့ လူစုံတက်စုံ နောက်ဆုံးဆွေးနွေးပွဲကိုလည်း ဖိတ်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

ယွန်းက ကိုအောင်မင်းခန့်ကို ချိန်းပြီး ကျွန်တော်က မိုးပြေးကို ဖုန်းဆက်ချိန်းထားလိုက်သည်။ မြတ်ဖူးငုံနှင့် ကိုငြိမ်းချမ်းကျော်ကိုတော့ မနေ့ကထဲက တစ်ခါတည်း ပြောပြီးသားဖြစ်သည်။ ဒီနေ့သည် ကျွန်တော်တို့၏ နောက်ဆုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။ ကိုအောင်မင်းခန့်နှင့် မိုးပြေးကတော့ အခုအချိန်ထိ ကျွန်တော်တို့ နှစ်ယောက်ချင်းတွေ့ချင်၍ ချိန်းသည်ဟုသာ ထင်ထားကြသည်။

ကျွန်တော်၊ယွန်း၊ မြတ်ဖူးငုံ၊ ငြိမ်းချမ်းကျော်တို့က ကန်တော်ကြီးထဲတွင်ရောက်ရှိကာ စောင့်ဆိုင်းနေကြသည်။ သိပ်မကြာခင်မှာတော့ မိုးပြေးနှင့် အောင်မင်းခန့်တို့ကားများ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိလာသည်။



ကျွန်တော့်ကိုမြင်သည်နှင့် အောင်မင်းခန့် မျက်နှာက ဒေါသအရိပ်များဖြတ်ပြေးသွားသည်။ မိုးပြေးကလည်း ထိုနည်းလည်းကောင်းပင်..

"ဘယ်လိုလဲ လူစုံတက်စုံကိုခေါ်ချလာပါလား"

အောင်မင်းခန့်၏စကားကို ကျွန်တော်တို့ ဘယ်လိုမှ မတုန့်ပြန်ဖြစ်ပေ။

"မင်းတို့အားလုံးရှေ့မှာ ငါနဲ့ယွန်း ရှင်းပြတောင်းပန်ချင်လို့ပါ"

"ဘာမှ လာရှင်းပြမတောင်းပန်နဲ့ ရှင်တို့နှစ်ယောက်က သူငယ်ချင်း ဆိုတဲ့စည်းလေးကိုတောင် မထောက် ပက်ပက်စက်စက် လိမ်ခဲ့တာ.. အခုအချိန်မှ ပျားရည်နဲ့ဝမ်းချလို့ ရမတဲ့လား..။ ကျွန်မ ရှင့်တို့နှစ်ယောက်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး"

"မိုးပြေးယွန်းပြောတာလေးကို ခဏလေးနားထောင်ပေးပါနော်.."

ယွန်း တောင်းတောင်းပန်ပန်နှင့် မိုးပြေးလက်လေးကိုလှမ်းကိုင်လိုက်သည်။ လာရောက်ထိတွေ့သော ယွန်းလက်လေးကို မိုးပြေး ပုတ်ထုတ်လိုက်သည်။

"ငါတို့ တောင်းပန်ပါတယ်ကွာ။ မင်းတို့ကိုစော်ကား

www.burmeseclassic.com



ချင်လို့ ဒီလိုမျိုးလုပ်ခဲ့တာမဟုတ်ပါဘူး အခုလိုမျိုးလည်း ဖြစ်လာမယ်မထင်မိလို့ လုပ်ခဲ့မိတာပါ။ ဘာပဲဖြစ်ဖြစ် မင်းတို့ကျေနပ်တဲ့အထိ ငါတို့ပြန်လုပ်ပေးပါ့မယ်။"

"အိုကေ မင်း ငါတို့ကျေနပ်စေချင်ရင် ဒူးထောက်တောင်းပန်မှ ကျေနပ်မယ်။ ဟုတ်တယ်မှတ်လား မိုးပြေး"

အောင်မင်းခန့်က မိုးပြေးကိုပါ သဘောတူညီချက်လှမ်းတောင်းလိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ဖွဲ့ တွေဝေသွားသည်။ ယောကျ်ားတစ်ယောက်၏မာနက ဒူးထောက်တောင်းပန်ရမည့်အဖြစ်ကိုတော့ ခွင့်မပြုနိုင်ပေ။ ဖူးငုံနှင့် ကိုငြိမ်းချမ်းက ကြားက အနေခက်စွာတားကြသော်လည်း ခေါင်းမာသော အောင်မင်းခန့်နှင့် မိုးပြေးကတော့ အရသာခံ၍ စောင့်ကြည့်နေသေးသည်။

ယွန်း မတ်တတ်ရပ်နေရာမှ ဆတ်ခနဲ ဒူးထောက်ထိုင်ချလိုက်သည်။ ကိုယ်တိုင် ဒူးထောက်တောင်းပန်ရတာ ဒီလောက်ရင်မနာ ဖွဲ့ကိုတော့ ဘယ်နည်းနဲ့မှ ဒူးထောက်တောင်းပန်ခွင့် မပြုနိုင်ပေ။



"ဖွဲ့ ကိုယ်စား ယွန်းတောင်းပန်ပါတယ်။ ဖွဲ့နှင့်ယွန်းက ချစ်သူတွေဆိုတော့ ယွန်းမှာလည်းတာဝန်ရှိပါတယ်။ ယွန်း တောင်းပန်ပါတယ် ကျေနပ်ကြပါ"

ယွန်း၏မျက်ရည်များက ဖွဲ့၏ရင်ကို မီးမြှိုက်နေသလို ပူလောင်လှသည်။ ယွန်းကို ပခုံးမှထူမသော်လည်း ခေါင်းမာသောယွန်းက လုံးဝထမလာ။ ဖွဲ့ပါ ယွန်းဘေးနားတွင် ဒူးထောက်ထိုင်ချလိုက်သည်။

မမျှော်လင့်ထားသဖြင့် အောင်မင်းခန့်ရောမိုးပြေးပါစိတ်လှုပ်ရှားသွားသည်။ လှည့်စားခံရမှန်းသိ၍ မကျေနပ်သော်လည်း သူငယ်ချင်းအချင်းချင်းကို ဒီလိုတော့ မလုပ်ခိုင်းရက်ပါ။ မကျေနပ်၍သာ တမင်ဂျစ်တိုက်နေခြင်းဖြစ်သည်။ တကယ်ဒူးထောက်ထိုင်ချပြီး မျက်ရည်များနှင့် တောင်းပန်နေသောဖွဲ့တို့စုံတွဲကို ကြည့်ကာ ဒေါသမပြေသေးသော်လည်းစိတ်တော့မကောင်း ဖြစ်သွားသည်။

အောင်မင်းခန့်လည်း ကိုယ့်ရဲ့လုပ်ရပ်အတွက် [illegible] ရှက်နှင့်ပိတ်အော်လိုက်သည်။

"မင်းတို့ကိုယ်မင်းတို့ ရုပ်ရှင်ရိုက်နေတယ်ထင်နေလား။ ကျက်သရေကိုမရှိဘူး။ တော်ပြီ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဒီတစ်သက်မမြင်ချင်ဘူး……။"

အော်ဟစ်ကာ ကားပေါ်သို့ပြေးတက်သွားပါသည်။ မြတ်ဖူးငုံကလည်း အောင်မင်းခန့်၏ကားပေါ်သို့အမှီ ပြေးတက်ခဲ့ရပါသည်။ ကားလေးကတော့ မြင်ကွင်းထဲမှ အရှိန်အဟုန်ပြင်းစွာ ပျောက်ကွယ်သွားသည်။

"နင်တို့နှစ်ယောက်လုံးကို ငါအရမ်းမုန်းတယ်။"

မိုးပြေးကိုလည်း ကိုငြိမ်းချမ်းကျော်က ကားပေါ်သို့အတင်းဆွဲခေါ်သွားလေသည်။ မိုးပြေးကတော့ ကားပေါ်မှနေ၍ နင်တို့နှစ်ယောက်လုံးကိုမုန်းတယ် ဆိုသော စကားကိုသာ အကြိမ်ကြိမ်ရေရွတ်နေလေသည်။ ကားလေးနှစ်စီးလုံး မြင်ကွင်းက ပျောက်သွားချိန်မှာတော့ ယွန်းကိုဆွဲထူကာ ဘေးနားကထိုင်ခုံလေးပေါ်တွင် ထိုင်နေမိသည်။ရင်ခွင်ထဲမှာတော့ ရှိုက်ကြီးတငင်ငိုနေသော ယွန်းကိုလည်း အားပေးရသေးသည်။

✿ ✿ ✿ ✿ ✿

## အခန်း(၃၀)

အောင်မင်းခန့် စိတ်တိုတိုနှင့် ကားမောင်းလာတာ မြို့ပြင်ကျော်မှ လယ်ကွင်းတစ်ခုရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ ရုက်တာရော ဒေါသထွက်တာရောနှင့် လူတစ်ကိုယ်လုံးက ထူပူနေသည်။ အခုအချိန်ဘေးနားမှာ အဖော်လိုက်လာပေးသော်လည်း စကားတစ်ခွန်းမျှမပြောဘဲ လွှတ်လပ်စွာ ပေါက်ကွဲခွင့်ပေးထားသော ဖူးငုံကို သတိထားမိသွားသည်။

"ဖူးငုံ မင်း ငါ့ကိုတစ်ခုခုပြောပါလား။ မင်း ငါ့ကို ကဲ့ရဲ့အပြစ်တင်တာပဲဖြစ်ဖြစ်။ လျှောင်ရယ်တာပဲဖြစ်ဖြစ် တစ်ခုခုလုပ်လိုက်ပါလား။ ငါမှငါနေလို့ကောင်းသွားမှာ။"

www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံနူးညံ့စွာပြုံးပြီး စတီယာတိုင်ပေါ်တင်ထားသော အောင်မင်းခန့်လက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ကိုမင်းရယ် အချစ်ရဲ့ လမ်းဆုံးမှာ အမှန်နဲ့အလွမ်း နှစ်မျိုးပဲ ရှိပါတယ်။ ကိုမင်း တစ်ခုခုကိုရွေးချယ်ပြီးရင် ဖူးငုံရင်ခွင်ထဲကို ပြန်လာခဲ့ပါ ဖူးငုံအားလုံးကိုခွင့်လွှတ်နိုင်ပါတယ်။ ဖူးငုံအတွက်လိုတာ ကိုမင်းအချစ်တစ်ခုထဲပါ။ ကိုမင်းဘေးနားမှာရှိရင် ဖူးငုံဘဝမဆို ကျေနပ်နိုင်ပါတယ်"

"ဖူးငုံရယ်..."

ဖူးငုံကို ရင်ခွင်ထဲထွေးပိုက်ထားမိသည်။ အရမ်းကို နားလည်ပေးနိုင်သော ကောင်မလေးပဲဖြစ်သည်။ ဘဝမဆို ခွင့်လွှတ်နိုင်သော နားလည်သဘောထားကြီးသော မိန်းကလေးလဲဖြစ်သည်။ ဖူးငုံကလည်း ရင်ခွင်ထဲမှာ အသာလေးမှိနေရမှာ ဆက်လက်ရှင်းပြသေးသည်။

"တကယ်တော့ ကိုမင်းရယ် အချစ်ဆိုတာ ချစ်နေဖို့ပဲလိုတာပါ။ ကိုမင်း ချစ်ချစ်မချစ်ချစ် ကိုမင်းကို ချစ်နေရတာလေးကိုပဲ ပျော်ရွှင်ကျေနပ်နေတာပါ။ အချစ်အတွက် ဒူးထောက်တာကို သူများတွေက ကဲ့ရဲ့ချင် ကဲ့ရဲ့ပါစေ ဖူးငုံအတွက်တော့ ဒါဟာ သူ့ရဲ့ကောင်း ဆန်တဲ့လုပ်ရပ်ပဲ။ ဒီလိုမျိုးက အချစ်



အတွက် ဘဝမဆို ပေးဆပ်မယ်ဆိုတဲ့ အချစ်သူ့ရဲ့ကောင်းတွေမှာပဲ ရှိတတ်တာမဟုတ်လား"

အောင်မင်းခန့် ဖူးငုံကို တင်းတင်းပွေ့ဖက်ရင်း ခေါင်းငြိမ့်ပြလိုက်သည်။

"ဖူးငုံ ကိုယ့်ကို အရမ်းချစ်တာပဲနော်.."

"ချစ်တာပေါ့ ကိုမင်းရယ် ကိုမင်းက ဖူးငုံ့ရဲ့ငယ်ငယ်ထဲက အိမ်မက်မင်းသားလေးပါ"

"ဒါနဲ့များ ဘာလို့စေ့စပ်ပွဲကို ဖျက်သိမ်းနိုင်းတော့ လွယ်လွယ်ကူကူ ခေါင်းညိတ်ခဲ့ရတာလဲ"

"ဘယ်လိုလုပ်လွယ်ကူမှာလဲ ကိုမင်းရယ်။ ဖူးငုံရင်တစ်ခုလုံး ကြေမွအက်ကွဲခံပြီးကို ကိုမင်းဆန္ဒကို လိုက်လျောခဲ့တာပါ။ ဖူးငုံအချစ်ကကိုယ့်ချစ်သူကို ပျော်စေချင်တဲ့ အချစ်မျိုးပါ"

"ဖူးငုံရယ် စိတ်ချပါ နောက်ဆို ဖူးငုံ ကိုယ့်ကြောင့် ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးနော်။ ကိုကတိပေးတယ်။ ကိုဖူးငုံကို အခုမှ တကယ်ချစ်သွားတာ သိလား"

ရင်ခွင်ထဲမှ ဖူးငုံကလည်း ပြုံးပြုံးလေး ခေါင်းငြိမ့်လေသည်။ ရင်ထဲတွင်လည်း ပန်းရောင်စုံများ ပွင့်လန်းလာသည်။ အချစ်သည် ချိုမြိန်လွန်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦး စောစောက ကိုယ်ကားအရမ်းမောင်းတုန်းက မကြောက်ဘူးလား"

"ကြောက်တာပေါ့"

"ဘာလို့မတားလဲ"

"ကိုမင်း စိတ်အနှောက်အယှက်ဖြစ်မှာစိုးလို့"

"ကားမောင်းနေရင်းတစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ.."

"ဘယ်တတ်နိုင်မလဲ။ ကံပဲပေါ့ တစ်ခုခုဖြစ်သွားလည်း ကိုမင်းနဲ့အတူဖြစ်ရတာပဲ သေပျော်ပါတယ်နော်"

ဖူးငုံပါးပေါ်သို့ အနမ်းပန်းလေးတစ်ပွင့်ခြွေချလိုက်သည်။ ဖူးငုံကရှောင်တိမ်းရင်း အော်ရယ်နေပါသည်။ ချစ်သူနှစ်ဦးလုံး ပြုံးတူရယ်မော ကျချိန်မှာတော့ လေထုထဲမှာပါ အချစ်တွေပျံ့နှံ့သွားသည်။

"ကိုမင်း ဘာပဲပြောပြော ယွန်းတို့နှစ်ဦးကြောင့် ဖူးငုံတို့ ဒီလိုတစ်ဦးအချစ်ကိုတစ်ဦး မြင်ခွင့်ရခဲ့တာ..။ သူတို့ကိုလည်း ပြန်ခွင့်လွှတ်လိုက်ကြရအောင်နော်.."

"မလွှတ်ချင်ပါဘူး...လူလိမ်တွေကို.."

"ဘာလဲ ကိုမင်းက သံယောဇဉ်မကုန်သေးလို့မလား"



နှုတ်ခမ်းလေးစူ၍ ဖူးငုံ စိတ်ကောက်သွားသောအခါ မင်းခန့် ပျာပျာသလဲ ချော့ရပါသည်။

"မဟုတ်ပါဘူးကွာ။ ကြည့်ပါဦး ချစ်သူလေးကလည်း စိတ်ကောက်နေတာ ကလေးလေးအဝိုင်းပဲ အနမ့်ပဲပိုလှသွားတော့တယ်"

ကိုမင်းကချော့နေသဖြင့် ဖူးငုံ ကျေနပ်ကြည်နူးသွားရသည်။

"ဒါဆိုခွင့်လွှတ်လိုက်နော် ကိုမင်း..."

"အင်း.."

"ရော့.."

ဖူးငုံက ဖုန်းလေးလှမ်းပေးလိုက်သဖြင့် မင်းခန့်ကြောင်သွားသည်။

"ဘာလုပ်ရမှာလဲ.."

"သူတို့ကို ခွင့်လွှတ်ကြောင်း ဖုန်းဆက်ပြောလိုက်နော်။ သူတို့လည်း အရမ်းစိတ်မကောင်းဖြစ်နေတာ။ ကိုမင်းသာ ဒီလိုဖုန်းဆက်ပြောရင် အရမ်းပျော်သွားမှာ ဆက်လိုက်နော်ကိုမင်း..."

ဒါနဲ့ပဲ ကိုမင်းလည်း ရည်းစားပြောရင်ခေါ်ဆိုသော မူအတိုင်း.. ဖွဲ့ထံသို့ ဖုန်းကောက်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧ ❧ ❧

## အခန်း(၃၁)

တောက် တခေါက်ခေါက်လုပ်နေသော မိုးပြေးကို ကြည့်ကာ ငြိမ်းချမ်း စိတ်ညစ်လာသည်။ မိုးပြေးကလည်း မြကျွန်းသာရောက်လာသည် အထိပင်ဒေါသက မပြေသေးပေ။ ဘေးနားကသာ သူမဒေါသပြေမယ့်အချိန်ကို စောင့်ကြည့်နေလိုက်သည်။

"နင်ဟာ ဘာကြည့်နေတာလဲ။ ငါရှုံးလို့ ကြိတ်ပျော်နေတာမှတ်လား။"

"မဟုတ်ရပါဘူးကွာ။ မိုးပြေးရှုံးရအောင် ဒါက အလျှော်အစားရှိတဲ့ လောင်းကစားတစ်ခုမို့လို့လား။ ထွက်သွားတဲ့အချစ်ကို တမ်းတမနေပါနဲ့၊



မိုးပြေးရယ်။ ဘေးနားမှာ ရှိတဲ့အချစ်ကိုပဲတစ်ချက်လှည့်ကြည့်ပေးပါလား"

မိုးပြေးက ငြိမ်းချမ်းမျက်ဝန်းများကို သေချာစိုက်ကြည့်လာသည်။ ဟိုးအတွင်း အနက်အရှိုင်းဆုံးအထိကို သေချာစိုက်ကြည့်လိုက်သည်။ ပြီးလျှင်တော့ တစ်ခွန်းချင်းသူမ သဘောထားများကို ပြောခဲ့ပါသည်။

"နင်မသိပါဘူး ငြိမ်းချမ်းရယ်။ တကယ်တော့ ငါကလေ ငါဘဝမှာအရှုံးဆိုတာကို တစ်ခါမှ ကြုံခဲ့ဘူးတာမဟုတ်ဘူး။ ဒီတစ်ခါလဲ ငါ သူ့ကို ချစ်လို့မဟုတ်ဘူး သူ့အချစ်ကိုလိုချင်တာ…။ သူ့အချစ်ကိုရရင် ချက်ချင်းထားခဲ့ပြီး ငါချစ်တဲ့သူဆီသွားဖို့ ဆုံးဖြတ်ပြီးသားပါ။ အခုတော့ ငါ့ရည်ရွယ်ချက်တွေ သဲထဲရေသွန်ဖြစ်ကုန်ရပြီ"

"ကိုယ့်ချစ်သူဆီ ကိုယ်သွားတာပဲ မိုးပြေးရယ် သူ့အချစ်တွေ လိုလို့လား"

"နင်မသိပါဘူး ငြိမ်းချမ်းရယ်၊ ငါကငါ လိုချင်တာရတာတောင်မယူဘဲ အဲကောင်လေးကို ဘယ်လောက် ချစ်လဲဆိုတာ သူဝမ်းသာသွားအောင်ပြမယ်လို့ ရည်ရွယ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးမိုးပြေးရယ် ငါနားလည်ပြီးသားပဲဟာ"

"ငါချစ်နေတာ နင်လို့ပြောမိလို့လား..."

"ငါ မဟုတ်ဘူးလား"

"ဟုတ်ဘူး..."

"ကောင်မလေးနော်၊ လိမ်ပြောရင်ဒဏ်ပေးခံရမယ်"

မိုးပြေးက လျှင်မြန်စွာအနားမှထွက်သွားကာ လျှာထုတ်ကာ ပြောင်ပြနေသေးသည်။ တကယ်တော့ မိုးပြေးက ကလေးတစ်ယောက်လို သူဖြစ်ချင်တာများကို စိတ်ကူးယဉ်ကာ လျှောက်လုပ်နေခြင်းဖြစ်သည်။

အမှန်တော့ စိတ်ရင်းကောင်း၍ သဘောကောင်းသော ကောင်မလေးတစ်ယောက်လဲဖြစ်သည်။ ခဏနေတော့ ဘာစိတ်ကူးပေါက်သည်မသိ အနားကိုပြေးလာကာ ရင်ခွင်ထဲတိုးဝင်ကာ သူ့ငယ်ချင်းကို ပြောခဲ့ခြင်းများကို စိတ်မကောင်းသော လေသံလေးဖြင့်ပင် ပြောပြနေသေးသည်။

"မိုးပြေးရယ်။ ဒါ ခွင့်မလွှတ်နိုင်စရာမှ မရှိတာ မိုးပြေးတောင် ကိုယ့်ကိုဘယ်လောက်ချစ်မှန်း သိစေချင်လို့ ကိုဇွဲကို အသုံးချခဲ့သေးတာ သူတို့လည်း ဒီလိုပဲပေါ့"

"အင်းနော်... ယွန်းတို့ သနားပါတယ်"



"ဒါဆို သူတို့စိတ်ချမ်းသာအောင် မိုးပြေးသူတို့ကို စိတ်မဆိုးတော့တဲ့အကြောင်းပြောပြလိုက်လေ"

"အိုကေ အိုကေ.."

နှုတ်ခမ်းလေးထော်၍ ပြောပြီး သူမ အိတ်ထဲမှ ဖုန်းလေးထုတ်ကာ မိုးပြေးထံသို့ ဆက်လိုက်လေသည်။ ကျွန်တော်၏ အကျီလက်မောင်းလေးကိုလည်း အားနေသော လက်တစ်ဖက်က ခြေမွှဆော့ကစားနေသေးသည်။ ထိုကဲ့သို့ကလေးဆန်ဆန်ကောင်မလေးသည် ကျွန်တော် အသက်လောက်ချစ်ရသော ကျွန်တော်၏ ဒုတိယ အကြိမ်မြောက် ချစ်သူအသစ်စက်စက်လေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေ ရေ ရေ ရေ ရေ

အခန်း(၃၂)

"တော်ပြီ မငိုနဲ့တော့နော် ယွန်းအရမ်းပင်ပန်းနေပြီ။ ငါတို့အကောင်း ဆုံးလုပ်ခဲ့တာပဲ။အားလုံးပြီး သွားပြီ ။ နောက်ထပ်ဘာမှ ဖြစ်လာစရာမရှိတော့ ဘူး စိတ်ကိုလျှော့လိုက်တော့။"

ရင်ခွင်ထဲတွင် တအိအိရှိုက်ငိုနေသော ယွန်းကို အားပေးလိုက်သည်။ ယွန်းက ကျွန်တော်ရင်ခွင်ထဲမှာ ငိုနေသဖြင့် သူမမျက်ရည်များကြောင့် ကျွန်တော်အင်္ကျီ ရင်ဘတ်တစ်ခုလုံးလည်း ရွှဲစိုနေသည်။ ကိုယ်လေး တသိမ့်သိမ့်လှုပ်အောင် ဝမ်းပမ်းတနည်း ရှိုက်ငိုနေသော သူမကလည်း အခုမှပင် အငိုစဲလာတော့သည်။



ရုတ်တရက် ကျွန်တော့်ဖုန်းလေး မြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။ အောင်မင်းခန့်ဆီမှ ဖုန်းဖြစ်သည်။ ယွန်းကလည်း စိုးရိမ်တကြီး နားထောင်နေသဖြင့် ကျွန်တော် Speaker ဖွင့်ပြောလိုက်သည်။

"ဟေ့ကောင် မင်းသားနဲ့ မင်းသမီး အလွမ်းသယ် မနေနဲ့တော့။ မင်းတို့ကို ငါခွင့်လွှတ်လိုက်ပြီ။"

ရုတ်တရက် ဖုန်းဖွင့်ဖွင့်ချင်း ကြားလိုက်ရသဖြင့် ကျွန်တော်တို့ နှစ်ယောက်ထခုန်မတတ် ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ်"

ကျွန်တော်နှင့်ယွန်းအသံ တစ်ပြိုင်ထဲထွက်သွားသည်။

"အပိုတွေလုပ်မနေနဲ့ ဖူးငုံ မျက်နှာကြောင့်သာ ခွင့်လွှတ်တာ ငါကိုယ်တိုင်ဆို လှည့်ကိုမကြည့်ဘူး"

"ဒါပေါ့ကွာ ရည်းစားပြောတော့ ခဏဆိုတာ"

"ဟား...ဟား အမှန်ပဲ။ တော်ပြီ တော်ပြီ မင်းတို့နဲ့စကားပြောနေလို့ ငါ့ချစ်သူလေးစိတ် ကောက်နေပြီ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်က ပေါက်တကရတွေလျှောက်ပြောပြီး ဖုန်းချသွားသည်။ ကိုယ့်ကြောင့် ကွဲတော့မလိုဖြစ်ခဲ့သော ချစ်သူနှစ်ဦး ပြန်ပေါင်းစီးသွားသဖြင့်လည်း ပို၍ ပျော်ရွှင်ရသည်။

သိပ်မကြာခင် ယွန်းဖုန်းလေးလည်း မြည်လာသည်။ မိုးပြေး ဆက်ခြင်းဖြစ်သည်။

"ဟဲ့ မိန်းမ နင်ကို သနားလို့ ခွင့်လွှတ်လိုက်မယ်။ ဟိုတစ်ယောက် မပါဘူး"

"ပါလိုက်ပါ မိုးပြေးရယ် ကျွန်တော် ကိုငြိမ်းချမ်းကိုပါ တောင်းပန်ပြီးသားပါ"

"ဟွန်း ကျွန်မ ရှင့်ကိုပြောရဦးမယ်။ ကျွန်မတကယ်ချစ်တာ ကိုငြိမ်းချမ်းရှင့်။ ရှင့်ကိုတော့ ဂျစ်တမ်တစ်အမူအရာကို အမြင်ကတ် လို့ ပုံစံပေးချင်တာပဲ ရှိတယ် သဘောပေါက်"

"သဘောပေါက်ပါတယ်ဗျာ.. ဒါကို အစထဲက ကျွန်တော်ရော ကိုငြိမ်းချမ်းပါ သဘောပေါက်ပြီးသားပါ"

"သေမယ် ရှင်တို့တွေ။ ကျွန်မသူငယ်ချင်းကို စိတ်ချမ်းသာအောင်ထားနော်။ မဟုတ်ရင်တော့ ရှင့်ကို အသေသတ်မှာ"



"စိတ်ချပါဗျာ၊ တစ်ချက်စိတ်မညစ်စေရပါဘူး.."

"ပြီးရော ယွန်းရေ နောက်မှ အေးဆေးဆုံမယ်နော်. ဒါပဲ"

"ကောင်းပြီ သူငယ်ချင်း ငါနင်ကို အရမ်းချစ်တယ်သိလား.."

"မသိဘူး ငါကတော့ နင့်ကိုမုန်းတယ်.."

ရယ်သံများနှင့် ဆူညံစွာ ဖုန်းချသွားသည်။

"ကဲ ယွန်း ပြဿနာတွေလည်း အားလုံးပြေလည်သွားပြီ။ ဒီတော့ ကတိအတိုင်း နင်ငါ့ကို လက်ထပ်တော့နော်"

ယွန်းပြုံးပြုံးလေး ခေါင်းငြိမ့်ပြလိုက်သည်။ ဒီလောက်ပြေလည်ဖို့ မမျှော်လင့်ထားတာတောင် အောင်မြင်စွာပြေလည်သွားပြီဖြစ်သဖြင့် ယွန်းတို့ ဘာကြောင့်များ နှောင့်နှေးနေဦးမှာလဲ။ အားလုံးကို ဖွဲ့စိတ်တိုင်းကျ ယွန်းသဘောတူ ကြည်ဖြူလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၈၈ ၈၈ ၈၈ ၈၈ ၈၈

## အခန်း(၃၃)

ချစ်သူစုံတွဲများ ကိုယ်စီနှင့် စားသောက်ဆိုင်တစ်ခု လုံးဆူညံနေသည်။ ပြန်လည်ပြေလည်သော အထိမ်းအမှတ် အနေဖြင့် အားလုံးပျော်ရွှင်နေကြသည်။ တစ်ဆိုင်လုံးတွင် လည်း သူတို့အသံများကသာ ဖုံးလွှမ်းနေသည်။

"ဟော့ကောင်တွေနေဦး မင်းတို့ကို ငါကြော်ငြာစရာ တစ်ခုရှိတယ်။ ရှေ့လထဲမှာ ငါရယ်ယွန်းရယ် လက်ထပ်တော့မယ်"

"နင်တို့က ဟုတ်ကောဟုတ်ရဲ့လား မြန်လိုက်တာ"

"မြန်မှာပေါ့ မိုးပြေးရဲ့ယွန်းတို့ကို လူကြီးတွေက အစောကြီးထဲက သဘောတူထားတာ။ ယွန်းတို့သာ ဟိုလှည့် ဒီလှည့်လုပ်နေတာ။



ဘယ်လောက်များ မိဘတွေကလည်း အခြင်ကတ် နေလဲမသိဘူး ယွန်းတို့လည်း ယူမယ်ပြောရော ချက်ချင်းကို ကောက်စီစဉ်ပေးကြတာ"

"စီစဉ်ပေးမှာပေါ့ နင်တို့က ဗြဟ္မာဦးခေါင်းတွေ ပဲဟာ"

"ဟား... ဟား... ဟုတ်တယ် ဟုတ်တယ်"

ဟိုလေးယောက်ကတစ်ဖွဲ့ဖြစ်ကာ ကျွန်တော်တို့ နှစ်ယောက်ကို ဝိုင်းဖဲ့ကြလေသည်။

"ကဲသူများအတွဲတွေလည်း ယူကုန်ပြီဆိုတော့ ဖူးငုံရေ ကိုယ်တို့လည်း ကြိုးစားဖို့လိုပြီနော်..."

"ကိုမင်းနော်..."

ဖူးငုံက ရှက်သွားသဖြင့် ထအော်လေသည်။ မိုးပြေး ကတော့ သူကပင်စကာ ကိုငြိမ်းချမ်းကို ..

"ချစ်ရေ သူတို့ထက်ဦးအောင် ဒီကပြန်ရင်ခိုးပြေး ကြမလား"

"တကယ်လားမိုးပြေး ကိုယ်တစ်ခါထဲ ဆီအပြည့် ထည့်ခဲ့မယ်"

"ကိုငြိမ်းချမ်း အဲ့လောက် မငြင်းနဲ့လေဗျာ..."

အားလုံး ဝိုင်းရယ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦး ယွန်းတစ်ခုအကူအညီတောင်းချင်လို့ ယွန်းတို့ မင်္ဂလာဆောင်မှာ သူငယ်ချင်း အားလုံး သတို့သား သတို့သမီးအရံ လုပ်ပေးပါနော်"

"ဟား ဟား လုပ်ပေးရမှာပေါ့။ ပျော်စရာကြီးဟာ ဒါပေမဲ့ တစ်ခုရှိတယ် မင်းတို့ ကလေးကြီးရင် ငါတို့နှစ်တွဲထဲက တစ်ယောက်ယောက်ရဲ့ ကလေးနဲ့ ပေးစားမှလုပ်ပေးနိုင်မယ်"

ယွန်းတို့နှစ်ယောက်လုံး သဘောတူလိုက်သဖြင့် အားလုံးအဆင်ပြေသွားသည်။ အခုတော့လည်း ကိုအောင်မင်းခန့်က ဖူးငုံလက်လေးကိုပင် မလွှတ်တမ်းကိုင်ကာ အော်ဟစ်နောက်ပြောင်နေသေးသည်။ အားလုံး ကျေနပ်သဘောတူသဖြင့် ယွန်းတို့လည်း အတိုင်းမသိ ပျော်ရွှင်ကျေနပ်ရပါသည်။



❧ ❧ ❧ ❧ ❧

## အခန်း(၃၄)

Sedona ခန်းမတစ်ခုလုံး လူများပြည့်ကျပ်လာသည်။ မင်္ဂလာပွဲထွက်ရန် ယွန်းလည်း ပြင်ဆင်ပြီးနေသည်။ ပန်းနုရောင်လေးဝတ်ထားသော ယွန်းမှာလည်း နတ်သမီးလေးတစ်ပါးလား မှားရလောက်အောင် မိတ်ကပ်ဆရာ အစွမ်းဖြင့် အစွမ်းကုန် လှချင်တိုင်းလှနေသည်။

ခွဲမှာလည်း သူ့သတို့သမီးလှလှလေးကို ကြည့်တာကြည့်မဝဖြစ်နေသည်။ ဘိသိပ်ဆရာလာပြောမှပင် ပွဲထုတ်ရန် သတိရတော့သည်။

"ယွန်း သတို့သား၊သတို့သမီးအရံတွေတစ်ယောက်မှ မရောက်သေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကတော့ ယွန်းဆီ မိုးပြေးဖုန်းဆက်တယ်။ မိုးပြေးရယ် ဖူးငုံရယ်က အတူတူ အပြင်မှာသူတို့ မိတ်ကပ်ဆရာနဲ့ပဲ သူတို့ပြင်မယ်ပြောတယ်"

"အမယ်တယ်ဟုတ်ပါလား။ သူတို့တွေတောင် တော်တော် ရင်းနှီးနေကြပြီပဲ"

"အောင်မလေးပြောမနေနဲ့၊ သူတို့က ဈေးတွေ ဘာတွေတောင် အတူချိန်းသွားကြတာ"

"ကောင်းတယ်... ကောင်းတယ်။ အဝတ်အစား တွေကော တစ်ခါတည်းဝတ်လာမှာလား"

"ဝတ်လာမှာ။ ဒါကြောင့် သူတို့အဝတ်အစား တွေတောင် ကြိုယူသွားတာ"

"ဒါဆိုလည်း ဖုန်းလေးဘာလေးဆက်ပြီး လှမ်း သတိပေးလိုက်ဦး မင်္ဂလာပွဲက ခဏနေ ဝင်ရတော့ မှာ အောက်မှာ လူတော်တော်စုံနေပြီ"

ဘိသိပ်ဆရာက သတိပေးသဖြင့် ယွန်းဖုန်းလေး ထုတ်ကာ မိုးပြေးထံလှမ်းဆက်လိုက်သည်။ လူကြီးမင်း နဲ့သာတိုးပြီး ဘယ်လိုမှဆက်သွယ်၍မရပေ။ ကျန်တဲ့လူများ ၏ဖုန်းများကလည်း ဒီအတိုင်းဖြစ်နေသဖြင့် သူတို့ပညာ ပြမှန်း သိသာလေသည်။



ယွန်းတို့ စိတ်ရှည်ရှည် ဆက်စောင့်ပါသော်လည်း အခြေအနေထူးမလာသဖြင့် သတို့သား၊ သတို့သမီးအရံများ မပါဘဲ မင်္ဂလာခန်းမအတွင်းဝင်ရန်သာ ဆုံးဖြတ်လိုက် သည်။

ယွန်းတို့မင်္ဂလာခန်းမထဲအဝင်တွင်တော့ ဗရုတ် သုတ်ခနှင့် ပြေးဝင်လာသော ထိုအတွဲနှစ်တွဲကြောင့်လည်း ယွန်းတို့မင်္ဂလာပွဲလေးလှပတင့်တယ်သွားသည်။ ဒါကိုဝင် သူများကို စိတ်အနှောက်အယှက်ပေးတဲ့သူတွေ မှတ်ပြီလား ဆို၍ပင် လာရောက်နှောက်ပြောင်နေသေးသည်။

အခါတော်ပေး သီချင်းသံနှင့်အတူ ဖြေးညှင်းစွာ လျှောက်လာရင်း လမ်းလျှောက်ရင် နောက်က တစ်ယောက် ယောက် လှမ်းဆွဲထားသလိုခံစားရ၍ နောက်ကို လှည့်ကြည့် လိုက်သည်။ ယွန်းထိုင်မသိမ်းစကို နောက်ကနေ ဆတ်ကနဲ တကန်နင်းလိုက် ပြန်လွှတ်လိုက်နှင့် မိုးပြေးတစ်ယောက် ကောင်းကောင်း ပညာပြနေလေသည်။

ထိုကြောင့် လမ်းလျှောက်လျှင် တုန့်ကနဲတုန့်ကနဲ ဖြစ်တာကလွဲရင် ကျန်တာအားလုံးတော့ အဆင်ပြေခဲ့သည်။ လှည့်ကြည့်တော့ ခပ်တည်တည်လေးလုပ်နေသော မိုးပြေး ကြောင့်လည်း ပြုံးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပသောစုံတွဲလေးများနှင့် ခန်းမထဲသို့ဝင်လာသော လမ်းတစ်လျှောက်လုံးတွင် ကြည့်နေကြသော ညှေ့ပရိတ်သတ်များက မင်္ဂလာသတို့သား၊ သတို့သမီးကိုယ်စား ကြည်နူးမဆုံးပင်ဖြစ်ရပါသည်။

သိပ်မကြာခင်မှာလည်း ဒီလိုမျိုး နောက်ထပ် နောက်ထပ် တစ်တွဲပြီး တစ်တွဲ လက်ထပ်တော့မှာလည်း သေချာနေသည်။ ဘာပဲပြောပြော ချစ်သူများ၏ ဆုံဆည်းရာဖြစ်သော ချစ်သူရင်ခွင်သည်သာ ဘဝ၏အမော‌များကို ပြေစေမှန်း အားလုံး သိသွားခဲ့ပြီဖြစ်သည်။

မင်္ဂလာပွဲ အစအဆုံးပြီးသွားချိန်မှာတော့ အားလုံးလည်း ပြုံးပျော်နေပါသည်။ တစ်လျှောက်လုံး ရင်မောခဲ့ရသမျှလည်း ဓွဲလက်လေးကိုကိုင်ထားရုံနှင့် ကြည်နူးပျော်ရွှင်စရာများဖြစ်ပေါ်ခဲ့ရပါသည်။ တကယ်တော့ ယွန်းတို့အားလုံးက အချစ်တွင် ယုံကြည်စွာ သက်ဆင်းကြသူများဖြစ်သည်။ သိပ်မကြာခင် အချိန်မှာလည်း ထပ်မံ၍ သက်ဆင်းကြမည့် အတွဲများကိုလည်း တွေ့မြင်ရဦးမည် ဖြစ်သည်။

ပန်းရတု

15.1.2009

BURMESE CLASSIC

www.burmeseclassic.com